ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


### နိဗ္ဗာန်ဌသာ မွေ့လျော်ကြကုန်

လူမိုက်တို့သည် အသပြာမိုးရွာသွန်းပေးသဖြင့်လည်း ကာမမှုတို့၌ ရောင့်ရဲတင်းတိမ်မှုတို့သည် မရှိကုန်။ အမြဲလိုအပ်လျက်သာရှိကုန်၏။ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ပညာရှိတို့သည်ကား နတ်၌ဖြစ်သော ကာမတို့၌လည်း မွေ့လျော်ခြင်းမရှိကြကုန်။ တဏှာကုန်ရာ နိဗ္ဗာန်၌သာလျှင် မွေ့လျော်ကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၇)


၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 9 November 2016 (၈၇၄၀)


# မြန်မာ-ဆွစ်ဇာလန် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုကဏ္ဍများ ပူးပေါင်းမည့်ကိစ္စရပ်များ အမြင်ချင်းဖလှယ်

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Johannes Matyassy ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Johannes Matyassy ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



**CJ Foods Myanmar အဆင့်မြင့်စားသုံးဆီစက်ရုံ လုပ်ငန်းခွင်ကို တွေ့ရစဉ်။**

# ကန်ဒေါ်လာ ၈ ဒသမ ၃ သန်း ရင်းနှီးမြှုပ်နှံထားသည့် အဆင့်မြင့်စားသုံးဆီစက်ရုံ စတင်လည်ပတ်

**ရန်ကုန် နိုဝင်ဘာ ၈**

ကိုရီးယားနိုင်ငံအခြေစိုက် နံပါတ်(၁)စားသောက်ကုန်ကုမ္ပဏီဖြစ်သော CJ CheilJedang ကုမ္ပဏီမှ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်သည့် အရည်အသွေးမြင့်စားသုံးဆီများကို ကျန်းမာရေးလုံခြုံမှုနှင့်အတူ မြန်မာစားသုံးသူများအတွက် သင့်လျော်သောဈေးနှုန်းဖြင့် ထုတ်လုပ်ဖြန့်ချိတော့မည်ဖြစ်ရာ မြန်မာ့ပထမဦးဆုံးသော ခေတ်မီစားသုံးဆီစက်ရုံကို သီလဝါအထူးစီးပွားရေးဇုန်၌ ယနေ့နံနက်ပိုင်းက စတင်လည်ပတ်လျက်ရှိနေပြီဖြစ်သည်။

CJ CheilJedang ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် CJ Foods Myanmar အမည်ဖြင့် မြန်မာ့ပထမဦးဆုံးသော ခေတ်မီစားသုံးဆီစက်ရုံဖွင့်ပွဲ အခမ်းအနားကို အကွက်(၁) သီလဝါအထူးစီးပွားရေးဇုန်ရှိ CJ Foods Myanmar စက်ရုံ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊သီလဝါအထူးစီးပွားရေးစီမံခန့်ခွဲမှုကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး ယူဂျယ်ဂယောင်း၊ CJ Group Advisor ဖြစ်သော Mr. Jung Young Soo နှင့် CJ CheilJedang ကုမ္ပဏီမှတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက "လက်ရှိမြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူတစ်ဦးရဲ့တစ်နှစ် ပျမ်းမျှ ဆီစားသုံးခြင်းဟာ ၅ ဒသမ ၅ ပိဿာခန့်ရှိပြီး တစ်ရက်အနေနဲ့ တွက်ချက်မယ်ဆိုရင် ၁ ဒသမ ၅ ကျပ်သားခန့်ရှိပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ✱**




# ပထမအကြိမ် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ပထမအကြိမ် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဆွစ်ဇာလန်နိုင်ငံ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Johannes Matyassy တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွစ်ဇာလန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာ-ဆွစ်ဇာလန် သံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာအထိ ဆောင်ရွက်သွားမည့် လှုပ်ရှားမှုများအား စတင်သည့် အထိမ်းအမှတ်အဖြစ် နေပြည်တော် Kempinski ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဦးဝင်းမော်ထွန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# လူမှုအခြေပြုစာကြည့်တိုက်များနှင့် လူမှုအခြေပြုဗဟိုဌာနများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် နိုဝင်ဘာ ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လူမှုအခြေပြုစာကြည့်တိုက်များ (Community Libraries)နှင့် လူမှုအခြေပြု ဗဟိုဌာနများ (Community Centres) များ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပညာအလင်းခေတ်မီစာကြည့်တိုက်၌ ကျင်းပသည်။



လက်မှတ်ရေးထိုးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းတို့က နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။**(အပေါ်ပုံ)**

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်နှင့် ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဆူဒန်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆူဒန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မုံရွာမြို့တွင် ကျင်းပ

**မုံရွာ နိုဝင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ပထမခြောက်လပတ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများက လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း အသီးသီးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးက ပြန်လည်ရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဦးစီးမှူးများ၊ ဒုတိယခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဌာနခွဲ/ဌာနစိတ်တာဝန်ခံများ တက်ရောက်ခဲ့ကြကာ ပထမခြောက်လပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းအလိုက် အားနည်းချက်၊ အားသာချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**



## ဇီကာဗိုင်းရပ်(စ်)ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)၊ တပ်ခွဲ အင်းစိန်၌ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)၊ တပ်ခွဲမှ တပ်ဖွဲ့ဝင်မိသားစုများ၊ မြန်မာ့မီးရထား ဝန်ထမ်းမိသားစုများက စည်ပင်ကျန်းမာရေးဌာန (မြို့နယ်ကျန်းမာရေးအရာရှိ) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇီကာဗိုင်းရပ်(စ်)ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ခြင်ထောင်များ ဆေးစိမ်ခြင်း၊ ရေအိုးများ၊ ရေစည်များကို အဘိတ်ဆေးခတ်ခြင်း၊ ရေအိုး၊ ပန်းအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများအပြင် ပိုးလောက်လမ်း ဆေးခတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက အမှတ်(၁၄)၊ တပ်ခွဲ၊ တပ်ခွဲမှူး ဒုတိယရဲမှူးစိုးမိုးလွင်၊ စခန်းမှူး ရဲအုပ်ခင်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ တပ်ခွဲ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်ကျန်းမာရေး ဒေါက်တာဟန်ဝင်းအောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနော်သန္တာဆွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက် လူမှုရေးအဖွဲ့များ ဦးဆောင်၍ ဈေးကုန်းအရှေ့ရပ်ကွက် ရိပ်သာလမ်းရှိ တပ်ခွဲရုံး၊ ရထား (ရဲစခန်းအဆောက်အအုံ) မြန်မာ့မီးရထား မူလတန်းကြို/ကျောင်းနှင့် မိသားစုလိုင်းခန်းများ၌ ဇီကာဗိုင်းရပ်(စ်)ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဆောင်ရွက်ခဲ့သည်။

"ဇီကာဗိုင်းရပ်(စ်)ပိုးကို သယ်ဆောင်လာတဲ့ အေဒီး(စ်)ခြင်ကျားတွေ ရှင်သန်ပေါက်ပွားမှု မရှိအောင် သောက်သုံးရေကန်၊ ရေစည်၊ ရေအိုး၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ပေးခြင်းတို့အပြင် ခြင်အကိုက်မခံရအောင် ခြင်ထောင်တွေကို ဆေးစိမ်ပေးရတယ်"ဟု စည်ပင်ကျန်းမာရေးအရာရှိက ပြောကြားကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို တပ်ခွဲမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်လူမှုရေးအဖွဲ့များ၊ မိသားစုဝင် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ညဏ်လင်း)**

**✱ ရှေ့ဖုံးမှ**

ဒီပမာဏဟာ ကျန်းမာရေးရှုထောင့်အရ လူတစ်ဦးရဲ့ ပုံမှန်လိုအပ်ချက်ထက်များပြားနေတယ်လို့ သိရပါတယ်။ အဓိကတော့ ကျန်းမာရေးအတွက်ထုံးတမ်းစဉ်လာအရ ဆီစားသုံးမှုကို လျှော့ချရမှာဖြစ်ပါတယ်။ လယ်ယာအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာတာနဲ့အမျှ ယင်းတို့အတွက် ကုန်ကြမ်းအဖြစ်လိုအပ်လာမယ့် လယ်ယာထွက်ကုန်များရဲ့ ဈေးကွက်အခွင့်အလမ်းများဟာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ဒေသအသီးသီးက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ကြတဲ့ တောင်သူလယ်သမားများအတွက်လည်း သတင်းကောင်းတစ်ရပ်ပဲဖြစ်ပါတယ်။ အခုလိုတောင်သူလယ်သမားများနဲ့ နိုင်ငံ့စီးပွားရေးအတွက် အကျိုးရှိစေမယ့် လယ်ယာအခြေခံစက်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ တိုးချဲ့တည်ထောင်ဆောင်ရွက်လာနိုင်တာနဲ့အမျှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းများအပေါ်မှာ ထိရောက်စွာအကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်"ဟု CJ Foods Myanmar စက်ရုံ၏ ခေတ်မီစားသုံးဆီစက်ရုံဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

အဆိုပါ CJ CheilJedang ကုမ္ပဏီမှ ခေတ်မီစားသုံးဆီစက်ရုံတည်ထောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ သန်းရင်းနှီးမြှုပ်နှံပြီး ပြည်တွင်းဈေးကွက်အတွင်းရှိ ပဲပိစပ်ဆီနှင့် အခြားဆီများကို ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကာ CJ333 ဆီ၊ နေကြာဆီနှင့် ဟင်းသီးဟင်းရွက်ဆီများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းစားသုံးသူများ၏ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စားသုံးဆီများအား ထုတ်လုပ်လာနိုင်သည်နှင့်အမျှ ပြည်တွင်းပြည်ပဈေးကွက်၌ ပိုမိုတိုးချဲ့လာနိုင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးမူဝါဒများလုပ်ဆောင်ရာတွင် လက်ယာကဏ္ဍနှင့် စက်မှုကဏ္ဍများအား အညီအမျှတိုးတက်မှုရရှိရေး ဆောင်ရွက်နေပြီဖြစ်သည်။ လယ်ယာကဏ္ဍအား ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လျက်ရှိပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်ရှိ CJ Foods Myanmar စက်ရုံအနေဖြင့် အနာဂတ်ကာလ၌ ဈေးနှုန်းချိုသာ၍ အရည်အသွေးမြင့်သောထုတ်ကုန်များနှင့်အတူ အခြားစားသောက်ကုန်ကဏ္ဍများကိုပါ တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးစွမ်းနိုင်ရန် ရည်ရွယ်၍ မြန်မာ့စားသုံးဆီကို နိုင်ငံတကာသို့ တင်ပို့ရောင်းချသွားရန် စီစဉ်ထားကြောင်း CJ CheilJedang ကုမ္ပဏီမှ သိရသည်။ **(စိုးဝင်း-MLA)**

# အမေရိကန်သမ္မတရွေးကောက်ပွဲ စတင်ပြီ

**ဝါရှင်တန် နိုဝင်ဘာ ၈**
အမေရိကန်ပြည်ထောင်စု၏ သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပရာ ပြည်သူများ မဲရုံများသို့ သွားရောက်ကာ မဲပေးလျက်ရှိကြသည်။ ပြိုင်ဘက် သမ္မတလောင်းများအကြား ခါးခါးသီးသီး ဝေဖန်ထိုးနှက်မှုအရှိဆုံး မဲဆွယ်စည်းရုံးရေးကာလကို လွန်မြောက်ခဲ့ပြီးနောက် ရွေးကောက်ပွဲကို ကျင်းပခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ ခေတ်ပြိုင်သမိုင်းတွင် သဘောထားအမြင် အကွဲပြားဆုံးကိုဖော်ကျူးနေသည့် ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဟီလာရီကလင်တန်နှင့် ရီပတ်ဘလေကန်ပါတီ သမ္မတလောင်း ဒေါ်နယ်ထရန့်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သမ္မတလောင်းများသည် နိုဝင်ဘာ ၇ရက် ညသန်းခေါင်ကျော်အထိ နောက်ဆုံးအကြိမ် မဲဆွယ်စည်းရုံးခဲ့ကြသည်။

ရွေးကောက်ပွဲတွင် မည်သူအနိုင်ရမည်ဖြစ်စေ နောက်တက်မည့် သမ္မတအနေဖြင့် စည်းလုံးညီညွတ်သောနိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဟု နိုင်ငံရေးသုံးသပ်သူများက ပြောကြားကြသည်။

ရွေးကောက်ပွဲရလဒ်များ နိုဝင်ဘာ ၈ ရက်နှောင်းပိုင်းမှစ၍ တဖွဲဖွဲ ပေါ်ထွက်လာမည်ဟု ခန့်မှန်းကြသည်။

ရွေးကောက်ပွဲအကြို နောက်ဆုံးမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြရာတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကြရသည့် မြောက်ကာရိုလိုင်းနား၊ ပင်ဆယ်ဗေးနီးယားနှင့် မီချီဂန်ပြည်နယ်တို့၌ လူထုစည်းဝေးပွဲများ ပြုလုပ်ကာ ပြည်သူများအား စည်းရုံးခဲ့ကြသည်။

မျှော်လင့်ချက်များ ကောင်းမွန်နေပြီး လူတိုင်းပါဝင်ခွင့်ရှိကာ နှလုံးရည်ပြည့်ဝသည့် အမေရိကန်ပြည်ထောင်စုကိုရည်မျှော်ကာ မိမိအား ထောက်ခံကြပါရန် မဲဆန္ဒရှင်များအား ကလင်တန်က ဟောပြောခဲ့သည်။

သို့ရာတွင် အကျင့်ပျက်ခြစားမှုရှိသော စနစ်ကိုရိုက်ချိုးနိုင်မည့် မဟာအခွင့်အလမ်းတစ်ရပ်ကို ရယူကြရန် ထရန့်က ၎င်းအား ထောက်ခံသူများကို တိုက်တွန်းခဲ့သည်။




ရွေးကောက်ပွဲတွင် စံချိန်တင် မဲဆန္ဒရှင် အရေအတွက်ဖြစ်သော ပြည်သူ ၄၆ သန်းကျော်က ကြိုတင်မဲများကို ပေးခဲ့ကြပြီးဖြစ်သည်။ ကလင်တန်အား ထောက်ခံကြဖွယ်ရှိသော အနေအထားကို စပိန်နွယ်ဖွား ဟစ္စပန်းနစ် မဲဆန္ဒရှင်များအတွင်း မဲပေးသူများပြားမည့် လက္ခဏာများကို တွေ့မြင်ရသည်ဆို၏။


နိုင်ငံရေးပါတီကြီးနှစ်ခု သာတူညီမျှထောက်ခံမှု ရထားသော ဖလော်ရီဒါပြည်နယ်တွင် မဲဆန္ဒရှင် ၆ ဒသမ ၄သန်းခန့်က ကြိုတင်မဲပေးခဲ့ကြသည်။ ယခုအချိန်အထိ ဖလော်ရီဒါပြည်နယ်တွင် ဟစ္စပန်းနစ်တို့၏ မဲပေးမှုမှာ ၂၀၁၂ ရွေးကောက်ပွဲနှင့်နှိုင်းယှဉ်လျှင် မဲပေးသူ ၃၆ ရာခိုင်နှုန်းကျော် ပိုမိုများပြားခဲ့သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် နိုင်ငံတကာအာကာသစခန်းယာဉ်၌ ရောက်ရှိနေသော အမေရိကန်အာကာသယာဉ်မှူးတစ်ဦးကလည်း မဲပေးခဲ့ကြောင်း အမေရိကန်အာကာသ အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

နိုင်ငံတကာအာကာသစခန်းယာဉ်၏ တစ်ဦးတည်းသော အမေရိကန် အာကာသယာဉ်မှူးဖြစ်သူ ရှိန်းကင်ဘရပ်သည် အီလက်ထရွန်းနစ်မဲပေးစနစ်ဖြင့် မဲပေးခဲ့သည်။

၁၉၉၇ ခုနှစ် တက္ကဆက်ပြည်နယ် ဥပဒေတစ်ရပ်အရ အာကာသယာဉ်မှူးများ မဲပေးခွင့်ရှိရန် စည်းမျဉ်းသတ်မှတ်ထားသည်။ အမေရိကန်အာကာသယာဉ်မှူးအများစုမှာ ဂျွန်ဆင်အာကာသစခန်းတည်ရှိရာ တက္ကဆက်ပြည်နယ်၌ နေထိုင်ကြသူများဖြစ်ကြသည်။

**ရိုက်တာ။**



# ဆင်ဖြူတော် ၁၁ စီး ထိုင်းဘုရင်ကြီးရုပ်ကလာပ်ကို ဂါရဝပြု

**ဗန်ကောက် နိုဝင်ဘာ ၈**
မကြာသေးမီက နတ်ရွာစံခဲ့သည့် ထိုင်းဘုရင်ကြီး ဘူမိဘောအဒူလျာဒက်ဂျ်အား ဂါရဝပြုရန် ဆင်ဖြူတော် ၁၁ စီးသည် ဘုရင်ကြီးရုပ်ကလာပ်ထားရှိရာ တော်ဝင်နန်းတော်ရှေ့သို့ ယနေ့ ရောက်ရှိလာခဲ့ကြောင်း သတင်းများအရ သိရသည်။

ဘုရင်ကြီးဘူမိဘောအဒူလျာဒက်ဂျ်သည် ဆင်များကို အလွန်အမြတ်တနိုးထားပြီး အခြားသောတိရစ္ဆာန်များကိုလည်း ချစ်ခင်မြတ်နိုးကြောင်း သိရသည်။

ဆင်ဖြူတော် ၁၁ စီးအား ဆင်ထိန်း ၃၀၀ ခန့်က တော်ဝင်နန်းတော်ရှေ့သို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဆင်ဖြူတော်များကို အထွတ်အမြတ်ထားကြသည်။

တော်ဝင်နန်းတော်ရှေ့တွင် ဆင်ဖြူတော်များက ဘုရင်ကြီးအား ဒူးထောက်ကာ ဂါရဝပြုအရိုအသေပေးစဉ်တွင် ထိုင်းပြည်သူများက ဘုရင်ကြီးအား ဂါရဝပြုသည့်အနေဖြင့် တောင်းဆုပြုသီချင်းများ သီဆိုခဲ့ကြသည်။

ဘုရင်ကြီးသည် လူသားများသာမက တိရစ္ဆာန်များကိုပါ ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်စေလိုသည့် ဆန္ဒရှိကြောင်း ဆင်ထိန်းတစ်ဦးကဆိုသည်။

ဘုရင်ကြီးနတ်ရွာစံပြီး တစ်လတာအချိန်ကာလအတွင်း တော်ဝင်နန်းတော်ရှိ ဘုရင်ကြီးရုပ်ကလာပ်ကို လာရောက်အရိုအသေပေးသည့် ပြည်သူများ နေ့စဉ်နေ့တိုင်း စည်ကားများပြားလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# နီကာရာဂွါ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီက မဲအများစုဖြင့် အနိုင်ရ



**မနားဂွား နိုဝင်ဘာ ၈**
နီကာရာဂွါနိုင်ငံတွင် နိုဝင်ဘာ ၆ ရက်ကကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီဖြစ်သော ဆန်ဒီနစ္စတာ အမျိုးသားလွတ်မြောက်ရေးတပ်ဦး (အက်ဖ်အက်စ်အယ်လ်အန်)က လက်ရှိရေတွက်ပြီးသမျှ မဲများအနက် ၇၂ ဒသမ ၅ ရာခိုင်နှုန်းကိုရရှိကာ သောင်ပြိုကမ်းပြို အနိုင်ရရှိကြောင်း ဗဟိုရွေးကောက်ပွဲကောင်စီက နိုဝင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နီကာရာဂွါ နိုင်ငံတစ်ဝန်းရှိ မဲရုံပေါင်း ၁၄၀၀၀ ကျော်အနက် ၉၉ ဒသမ ၈ ရာခိုင်နှုန်းမှ ပေါ်ထွက်လာသော ရလဒ်များကို ဗဟိုရွေးကောက်ပွဲကောင်စီ အကြီးအကဲ ရော်ဘတ်တိုရီဗားစ်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

နီကာရာဂွါသမ္မတ ရွေးကောက်ပွဲအဖြစ် သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်နေသည့် အသက်(၇၀)ရှိ ဒင်နီယယ်အော်တေဂါသည် ယင်းရွေးကောက်ပွဲရလဒ်အရ သမ္မတသက်တမ်းကို တတိယအကြိမ် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

နီကာရာဂွါအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူနှင့် သမ္မတကတော်လည်းဖြစ်သူ ရိုဆာရီယိုမူရီလိုသည်လည်း ၎င်း၏ ခင်ပွန်းနှင့်အတူ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည်။

ဒင်နီယယ်အော်တေဂါ ပြန်လည်ရွေးကောက်တင်မြှောက်ခံရမှုအတွက် နီကာရာဂွါနိုင်ငံ၏ မဟာမိတ်များ ဖြစ်သည့် ကျူးဘား၊ ဗင်နီဇွဲလားနှင့် ဘိုလစ်ဗီးယားနိုင်ငံများအပါအဝင် ဒေသတွင်း နိုင်ငံများမှ ခေါင်းဆောင်များနှင့် အာဂျင်တီးနား ဘောလုံးသူရဲကောင်း မာရာဒိုနာတို့က ဝမ်းမြောက်ဂုဏ်ပြုစကားများ ပြောကြားကြသည်။ **ဆင်ဟွာ။**

# ပဥ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ် ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ယနေ့ညီလာခံတွင် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြရာ "သတင်းအချက်အလက် ရရှိပိုင်ခွင့်"ခေါင်းစဉ်တွင် Equality Myanmar မှ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းက ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်ဦး၊ ပြည်ကြီးခင် အမှုဆောင်ဒါရိုက်တာ ဒေါ်နွယ်ဇင်ဝင်း၊ မြန်မာသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် Center for Law and Democracy မှ Executive Director Mr. Toby Mendel တို့က ဦးဆောင်ဆွေးနွေးကြသည်။

"လွတ်လပ်သောမီဒီယာများ ဆက်လက်ရှင်သန်နိုင်မှု" ခေါင်းစဉ်တွင် မဇ္ဈိမမီဒီယာ အယ်ဒီတာချုပ် ဦးစိုးမြင့်က ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး Information matrix အမှုဆောင်အရာရှိချုပ် ဦးသောင်းစုငြိမ်း၊ Dawei Watch Media တာဝန်ခံ အယ်ဒီတာ ဦးမျိုးအောင်၊ မြစ်မခသတင်းအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါ်မေသကြဲန်ဟိန်နှင့် Mango Media Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးနှင်းဆွေ(ခ)ရိုဇ်ဆွေ တို့က ဦးဆောင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် "လူမှုအသိုင်းအဝိုင်း မီဒီယာများ၏ အသံများကို အားပေးအားမြှောက်ပြုခြင်း"ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ Thanlyin Post Journal အယ်ဒီတာချုပ် ဒေါ်တူးတူးသာက ဆွေးနွေးပွဲ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး သံလွင်တိုင်းမ် အယ်ဒီတာချုပ် ဦးကိုကိုဇော်၊ BBC Media Action အကြီးတန်းထုတ်လုပ်ရေးမှူး ဒေါ်ဝင့်ဝတီ၊ ချင်းမီဒီယာကွန်ရက် အမှုဆောင်ဒါရိုက်တာ ဆလိုင်းဟုန်ထွန်းဂေနှင့် DW Akademie မှ Senior Media Consultant Mr. Per Oesterlund တို့က ဦးဆောင်ဆွေးနွေးကြသည်။




ထို့နောက် အနှစ်ချုပ်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် UNESCO Myanmar မှ Head of Office Ms. Min Jeong Kim က ဆောင်ရွက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ USAID မှ Mission Director Ms. Teresa McGhie၊ Burma News International - BNI မှ ဒါရိုက်တာ ဦးခိုင်မြတ်ကျော်နှင့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ် တွဲဖက်ပါမောက္ခ ဒေါ်ဇင်မာကျော်တို့က အနှစ်ချုပ် ဆွေးနွေးကြပြီး ပဉ္စမအကြိမ် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ပဥ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံမှ တိုင်းရင်းသားမီဒီယာများရဲ့ အသံ

ရန်ကုန် နိုဝင်ဘာ ၈

**ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း" ထည့်သွင်းပြောကြားသွားခဲ့သည်။ သို့ဖြင့် ပဉ္စမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံမှ တိုင်းရင်းသားမီဒီယာများ၏ အသံများကို မြန်မာ့သတင်းစဉ်က ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်-**



ဒေါ်မြဝန်းရံ



ဦးကိုကိုဇော်



နန်းဖော်ဂေး



ခွန်ထွန်းဖြူ



ဂျွန်နီလျန်ဆန်း



မစိုးစိုးထက်

**ဒေါ်မြဝန်းရံ(အတွင်းရေးမှူး)**
**ရှမ်းပြည်နယ်(တောင်ပိုင်း)**
**သတင်းမီဒီယာကွန်ရက်**

ပဉ္စမအကြိမ် ညီလာခံမှာဆွေးနွေးတဲ့ခေါင်းစဉ်အားလုံး စိတ်ဝင်စားဖို့ကောင်းပါတယ်။ တိုင်းရင်းသားဒေသတွေမှာ မီဒီယာတွေရဲ့ရပ်တည်ချက်ကို ဆွေးနွေးသွားတာ အားရဖို့ကောင်းပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း တိုင်းရင်းသားသတင်းသမား ၁၀၀ ကျော်ရှိပါတယ်။ ပြည်နယ်အတွင်းမှာ သတင်းစာသင်တန်းတွေပေးတယ်။ ကွန်ရက်ရပ်တည်ဖို့အတွက် စီးပွားရေးကဏ္ဍရပ်တည်မှု မလုပ်နိုင်ဘူး။ ဒေသဆိုင်ရာမှာ ဖြစ်ပျက်နေတဲ့ သတင်းတွေကို ပြည်နယ်သတင်းထောက်တွေက ကွန်ရက်ထဲပို့ပေးတယ်။ လာမယ့် နှစ်ဆန်းပိုင်းမှာတော့ ရှမ်းပြည်နယ်ကို အခြေခံတဲ့ ဂျာနယ်တစ်ခု ထုတ်ဝေသွားမှာပါ။ ပြည်နယ်ဂျာနယ်မှာ ရှမ်းပြည်နယ်တစ်ခုလုံးမှာရှိတဲ့ သတင်းတွေကို ဦးစားပေးပြီးဖော်ပြမယ်။ အများသိသင့်တဲ့သတင်းကို ပအိုဝ်းလိုရော ရှမ်းလိုရော ကွန်ရက်ထဲမှာ စီစဉ်ထားပါတယ်။ ညီလာခံက ဆွေးနွေးတဲ့အကြောင်းအရာတွေကို ပြည်နယ်မှာရှိတဲ့ သတင်းသမားတွေကို ဝေငှနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မီဒီယာသမားတွေသာမက ပြည်သူတွေကိုယ်တိုင် အသုံးချနိုင်အောင် ကွန်ရက်လုပ်သွားမယ်လို့ မျှော်လင့်ထားပါတယ်။

**ဦးကိုကိုဇော်(အယ်ဒီတာချုပ်)**
**သံလွင်တိုင်းမ်သတင်းဌာန**

ဒီညီလာခံမှာ ဒေသအသီးသီးမှာရှိတဲ့မီဒီယာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအလားအလာနဲ့ စိန်ခေါ်မှုတွေကို ဆွေးနွေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း တိုင်းရင်းသားဒေသအခြေစိုက်မီဒီယာတွေ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းခဲ့တယ်။ ၂၀၁၆ ခုနှစ်ဇွန်လထိ ပြည်တွင်းမီဒီယာတွေက အဖွဲ့ပေါင်း ၅၀ လောက် တရားဝင်မှတ်ပုံတင်ပြီး ထုတ်ဝေနေတာပါ။ ၂၀၁၆ ဇွန်လနောက်ပိုင်းမှာ မီဒီယာအဖွဲ့ပေါင်း ၅၀ မှာ ၁၀ ဖွဲ့ကျော်လောက် ရပ်နားသွားပါတယ်။ ပြည်တွင်းမီဒီယာတွေအနေနဲ့ အကူအညီအထောက်အပံ့နဲ့ ပတ်သက်ရင်ဘာတစ်ခုမှ မရခဲ့ပါဘူး။ ပြည်နယ်အစိုးရလွှတ်တော်မှာ အကြံပြုတာတွေ အများကြီးလုပ်ခဲ့ပါတယ်။ တိုင်းရင်းသားဒေသတွေက လူထုရဲ့အသိဉာဏ်ဖွံ့ဖြိုးနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဒီနှစ်ညီလာခံက ပိုအောင်မြင်တယ်လို့ပြောလို့ရတယ်။ မနှစ်တုန်းက မီဒီယာသမားတွေရယ်၊ INGO တွေနဲ့ အစိုးရမီဒီယာပဲ ပူးပေါင်းပါဝင်လုပ်ခဲ့တယ်။ အခုနှစ်မှာ ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတွေပါ ပါဝင်လာတယ်။ မီဒီယာလောကအတွက် အထောက်အကူရပါတယ်။ အခု အားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်တဲ့အတွက် မီဒီယာဖွံ့ဖြိုးမှု ခရီးရောက်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်နန်းဖော်ဂေး (အယ်ဒီတာချုပ်)**
**ကရင်သတင်းဌာန**

ညီလာခံမှာ ကျား၊ မ တန်းတူမှုနဲ့ မီဒီယာခေါင်းစဉ်အောက်မှာ ဆွေးနွေးခဲ့ပါတယ်။ ပဉ္စမအကြိမ် ညီလာခံရဲ့ ဆောင်ပုဒ်အတိုင်း သတင်းမီဒီယာအားလုံး ဒီမိုကရေစီအသစ်လှမ်းတဲ့ကာလမှာ အမျိုးသားရော အမျိုးသမီးရော ဦးဆောင်မှုအပိုင်းမှာ ပူးပေါင်းပါဝင် လုပ်ဆောင်နိုင်ဖို့အတွက် ဆွေးနွေးကြတယ်။ တစ်ဆက်တည်း သတင်းအရင်းအမြစ်တွေမှာလည်း ကျား၊ မ တန်းတူတဲ့ ပူးပေါင်းပါဝင်မှု သတင်းဖလှယ်မှုတွေ ရရှိဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။ လေး၊ ငါးနှစ်တာ ကာလအတွင်း အရင်မရှိတဲ့ သတင်းဌာနတွေ ရှိလာတယ်။ မရပ်တည်နိုင်သေးတဲ့ အဖွဲ့တွေရှိသလို အခက်အခဲရှိတဲ့ အဖွဲ့တွေရှိပါတယ်။ ရေရှည်ဆက်သွားဖို့အတွက်ကတော့ စိန်ခေါ်မှုတစ်ခုပါ။ ဒွန်တွဲနေတာပါ။ ဆွေးနွေးပွဲမှာ ကိုယ့်ဘက်က ပြောဆိုနိုင်တဲ့ အခွင့်အလမ်းတွေ၊ ကိုယ့်ဒေသမှာဖြစ်ပျက်နေတဲ့ မီဒီယာရဲ့အခြေအနေတွေ၊ ကိုယ့်ဒေသအသံတွေ၊ အချိန်အတိုင်းအတာတစ်ခုထိ ပြောဆိုရတဲ့ အခွင့်အရေးရခဲ့ပါတယ်။ တခြားလူပုဂ္ဂိုလ်တွေရဲ့ အမြင်တွေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ လက်ရှိအခြေအနေတွေကို သိရှိရတဲ့အတွက် အကျိုးရှိတယ်လို့ မြင်ပါတယ်။

**ခွန်ထွန်းဖြူ (သတင်းထောက်)**
**ရွှေမောင်းဂျာနယ် (ပအိုဝ်း)**

ပဉ္စမအကြိမ်ညီလာခံမှာ ဆွေးနွေးချက်တွေက ကောင်းပါတယ်။ ခေါင်းစဉ်တွေက တကယ်လိုအပ်နေတဲ့အကြောင်းအရာတွေပါ။ ဒေသက နည်းနည်းကျဉ်းတော့ အခက်အခဲအများကြီးရှိပါတယ်။ အထောက်အပံ့လည်း မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်အောင် ကြိုးစားနေပါတယ်။ မီဒီယာဆိုတာထက် စာပေမြှင့်တင်ရေးမူဝါဒကို ဦးစားပေးထားပါတယ်။ တိုင်းရင်းသားရိုးရာဓလေ့ ဘာသာစကား စာပေ ယဉ်ကျေးမှုကိုမြှင့်တင်ဖို့ အဓိကထားပါတယ်။ ညီလာခံမှာ ပါလာတဲ့သူတွေထဲမှာ တိုင်းရင်းသားနည်းပါတယ်။ တစ်နေရာတည်းမလုပ်ဘဲ တိုင်းရင်းသားဒေသတွေမှာ ဒီလိုမျိုးညီလာခံတွေ လုပ်သင့်ပါတယ်လို့ ပြောချင်ပါတယ်။ တိုင်းရင်းသား များများပါစေချင်တယ်။ ညီလာခံကရတဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ၊ ဆွေးနွေးမှုအပိုင်းတွေကို ဂျာနယ်အတွက် ထိရောက်တိုးတက်အောင် ပြန်ပြီး သုံးသပ်နိုင်းယှဉ်ပြီး ကြိုးစားသွားပါမယ်။

**ဂျွန်နီလျန်ဆန်း(အယ်ဒီတာ)**
**Chinland Post**

ညီလာခံကို ဒုတိယအကြိမ် တက်ရောက်ခြင်းဖြစ်ပါတယ်။ ပထမအကြိမ်တုန်းကလည်း ဒီညီလာခံမှာကြုံတွေ့ခဲ့သမျှ ဆွေးနွေးချက်နဲ့ အဖြေတွေကို မီဒီယာမှာ ပြန်အသုံးချပါတယ်။ ဒီတစ်ခါလည်း ဆွေးနွေးချက်တွေအားလုံးကို လုပ်ဖော်ကိုင်ဖက်အားလုံးကို ပြန်မျှပါမယ်။ ညီလာခံမှာ စိန်ခေါ်မှုတွေလည်း ဆွေးနွေးတယ်။ စိန်ခေါ်မှုတွေကို ဘယ်လိုဖြေရှင်းရမလဲ ဆိုတာ တော်တော်များများပါတယ်။ ဒီညီလာခံက တိုင်းရင်းသားမီဒီယာတွေအတွက် အများကြီးအကျိုးရှိတယ်။ သတင်းသမားတွေ တိုးတက်မှုရှိတယ်။ ပြည်သူ့အတွက် လုပ်ပေးတာဖြစ်တဲ့အတွက် အကျိုးရှိတယ်။ စိန်ခေါ်မှုတွေက တိုင်းရင်းသားမီဒီယာတွေမှာလည်း ရှိတယ်။ ဆွေးနွေးခြင်းအားဖြင့် စိန်ခေါ်မှုတွေ ဘယ်လိုကျော်လွှားမလဲဆိုတဲ့ အဖြေတွေရပါတယ်။ ချင်းမီဒီယာအနေနဲ့ ဈေးကွက်ကျဉ်းတယ်။ လူအင်အားလည်းမရှိဘူး။ သတင်းအရည်အသွေးခက်ခဲတယ်။ လူဦးရေနည်းပြီး လူတွေစိတ်ဝင်စားမှုနည်းတယ်။ စာဖတ်သူလည်း နည်းတယ်။

**မစိုးစိုးထက် (အယ်ဒီတာ)**
**ကန္တရဝတီတိုင်းမ်ဂျာနယ်**

ညီလာခံလုပ်တာ ငါးနှစ်ရှိပြီ။ တဖြည်းဖြည်းတိုးတက်လာတာ တွေ့ရတယ်။ လွတ်လပ်ခွင့်ကတော့ ဒီအစိုးရလက်ထက်မှာ သတင်းရယူမှုအပိုင်း ပိုတိုးတက်လာတယ်။ ပြောင်းလဲမှုတွေ တချို့တွေ့ရတယ်။ ဒီညီလာခံက တစ်ဆင့် သတင်းလွတ်လပ်ခွင့်တွေ၊ သတင်းရယူမှုအခွင့်အရေးတွေ ရရှိလာအောင် ပြောကြဆိုကြ ဆွေးနွေးကြတာ အနာဂတ်အတွက် ပြည်သူလူထုနဲ့ နိုင်ငံသားတွေ သတင်းရယူမှုအခွင့်အရေးတွေ ပိုရလာနိုင်မယ်လို့ သုံးသပ်မိပါတယ်။ ဆွေးနွေးပွဲမှာ အစိုးရပိုင်းက လူကြီးတွေ၊ တပ်မတော်ပိုင်းကလည်း လာတက်တာ တွေ့ရတယ်။ တိုင်းရင်းသားမီဒီယာနဲ့ ပတ်သက်ပြီး စိုးရိမ်စရာက ကျွန်မတို့ဒေသမှာ မီဒီယာကို တစိုက်မတ်မတ် လုပ်နိုင်မယ့် ပညာရှင်တွေမရှိဘူး။ စာဖတ်အားနည်းတယ်။ အဲဒီအတွက် စိန်ခေါ်မှုတစ်ရပ်ရှိနေတယ်။ ရေရှည်မှာ အခက်အခဲရှိနေတယ်။ ဒီညီလာခံမှာ ပြည်ထောင်စုဝန်ကြီး ပြောသွားတာရှိတယ်။ တိုင်းရင်းသားမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးဖို့ရှိတယ်။ ဒါပေမယ့် လက်တွေ့မှာ ဘယ်လောက်ထိ နည်းပညာပိုင်းမှာဖြစ်ဖြစ်၊ ဘယ်လောက်အထိ ပံ့ပိုးပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရဦးမယ့် အခြေအနေမှာ ရှိနေပါသေးတယ်။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ကုန်သည်တို့၏ အနာဂတ်အကျိုးစီးပွားအတွက် လွိုက်၏ရေကြောင်းအာမခံစနစ် (သို့) ရေကြောင်းအာမခံလုပ်ငန်း

မခင်ပြုံး (မြန်မာ့အာမခံ)

ရေကြောင်းအာမခံလုပ်ငန်းသည် အာမခံစနစ်အမျိုးမျိုးအနက် ရှေးအကျဆုံးသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဘေဘီလွန် BABYLON အင်ပါယာ၏ ဥပဒေပြုဘုရင်တစ်ပါးဖြစ်သည့် ဟာမူရာဘီဘုရင်လက်ထက်တွင် မြေထဲပင်လယ်တစ်ဝိုက် ပင်လယ်ရပ်ခြားစွန့်စားသွားလာသည့် ကုန်သည်များ၏ သင်္ဘောများနှင့် ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်း အန္တရာယ်ကြောင့် ဆုံးရှုံးမှုဖြစ်ပါက ကုန်သည်တို့၏ စီးပွားရေးချွတ်ခြုံကျမသွားစေရန်အတွက် သင်္ဘောကိုသော်လည်းကောင်း၊ ကုန်ပစ္စည်းကိုသော်လည်းကောင်း အပေါင်ထား၍ ကုန်ကူးခဲ့သည့်စနစ် ထွန်းကားခဲ့ပါသည်။ ယင်းစနစ်အရ ကုန်သည်တို့သည် သင်္ဘောကို အပေါင်ထား၍ ငွေချေးယူသည့် စာချုပ်များပေါ်တွင် ချေးယူသူ (ကုန်သည်)က အခကြေးငွေတစ်ရပ် (ယခုအခေါ် အဝေါ်ပရီမီယံ) ကိုပေး၍ ဆုံးရှုံးမှုဖြစ်ပါက ယင်းချေးငွေကို ပြန်ဆပ်ရန်မလိုသည့် သဘောသက်ဝင်စေသည့် ကုန်သွယ်မှုဓလေ့တစ်ရပ် ထွန်းကားခဲ့ပါသည်။ ယခုခေတ်အမြင်နှင့် ပြောရလျှင် ရေကြောင်းအာမခံသဘောပင်ဖြစ်ပါသည်။

**အာမခံစနစ်အဆင့်ဆင့်ထွန်းကားလာပုံ**

ဥရောပတွင် ၁၄ရာစုမှ ၁၆ရာစုနှစ်များအတွင်းက အတွေးအခေါ်များ တစ်ကျော့ပြန်ခေတ်စားလာခဲ့သောခေတ်၌ ရောမအင်ပါယာကြီးသည် မြေထဲပင်လယ်တစ်ဝိုက် ထွန်းကားခဲ့သည်။ ထိုရောမဟုခေါ်သော အီတလီနိုင်ငံရှိ ပင်စာ (PISA)၊ ဂျီနိုဝါ (Genoa)စသည့် ဆိပ်ကမ်းမြို့များတွင် ပို့ကုန်/သွင်းကုန် လုပ်ငန်းများ ပိုမိုများပြားလာသည့်အလျောက် ရောမနိုင်ငံလွန်ဘာဒီနယ်သား ကုန်သည်များသည် သင်္ဘောများ ဖြင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းများကို လုပ်ကိုင်လာကြသည်။ ထိုသို့ ကုန်သွယ်မှုပြုလုပ်ရာတွင် ပင်လယ်အန္တရာယ်ကြောင့် ကုန်ပစ္စည်းများ ဆုံးရှုံးမှုဖြစ်ပါက လျော်ကြေးပေးရန် ပဋိညာဉ်ပြု၍ ယင်းပဋိညာဉ်အတွက် ငွေကြေးတစ်ရပ်ကောက်ယူသည်။ ထိုငွေကို အာမခံကြေး (Premium) ဟုခေါ်သည်။

ထိုစဉ်တွင် ဥရောပတစ်လွှား၌ ဘိုး(Bour) မြို့များ၊ ဟန်စား (Hansa) မြို့များ တိုးတက်ထွန်းကားလာပြီး ကုန်ပစ္စည်းထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်လာကာ တစ်နေရာမှ တစ်နေရာသို့ ကုန်သယ်ယူပို့ဆောင်မှု ကျယ်ပြန့်လာခဲ့သည်။ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လမ်းခရီးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပင်လယ်အန္တရာယ်ကြောင့်သော်လည်းကောင်း ဆုံးရှုံးမှုဖြစ်ပါက ငွေကြေးအားဖြင့် ပြန်လည်အကာအကွယ်ပေးသည့် အာမခံစနစ် ထွန်းကားခဲ့ပါသည်။

**အာမခံစနစ်ပျံ့နှံ့လာပုံ**

ရောမအင်ပါယာ၏ ကိုလိုနီဘဝကျရောက်ခဲ့သော အင်္ဂလန်နိုင်ငံသည်လည်း လွန်ဘာဒီနယ်သားကုန်သည်များ အခြေချနေထိုင်ခဲ့မှုကြောင့် ၎င်းတို့၏ ကုန်သွယ်မှုဓလေ့ထုံးစံများနှင့် အာမခံစနစ်ပျံ့နှံ့ ထွန်းကားခဲ့ပါသည်။ အင်္ဂလန်နိုင်ငံတွင် လွန်ဘာဒီနယ်သားများ သယ်ဆောင်ခဲ့သည့် ရေကြောင်းအာမခံစနစ်ကို အခြေပြု၍ အာမခံလက်ခံသည့် အဖွဲ့အစည်းများ၊ ၁၅ ရာစု တစ်လွှားတွင် အမြောက်အမြားပေါ်ထွန်းလာခဲ့ပါသည်။ ၁၇ ရာစုနှောင်းပိုင်းတွင် အက်ဒဝပ်လွိုက် (EDWARD LLOYD) အမည်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် တာဝါလမ်းတွင် ကော်ဖီဆိုင်ဖွင့်လှစ်ခဲ့ရာ ဆိုင်ထိုင်သည့် ကုန်သည်၊ ပွဲစားများ စုရုံးမှုများရှိခဲ့ရာမှ ကူးသန်းရောင်းဝယ်မှုသတင်းနှင့် သင်္ဘောဝင်ထွက်သတင်းများ ဖော်ပြသည့် သတင်းလွှာတစ်စောင်ကို ဦးစီးထုတ်ဝေခဲ့သည်။

၎င်းမှတစ်ဆင့်တက်၍ လွိုက်စ်သတင်း (LLOYD's News) အမည်ဖြင့် ဥရောပတစ်လွှား ခုတ်မောင်းသွားလာလျက်ရှိသည့် သင်္ဘောအဝင်၊ အထွက် အစီအစဉ်များနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများကိုပါ ဖော်ပြထားသည့် သတင်းစာ ထုတ်ဝေခဲ့သည်။ ယင်းသတင်းစာတွင် သင်္ဘောအရောင်းအဝယ်ကိစ္စများကိုပါ ထည့်သွင်းဖော်ပြပေးခဲ့သည်။ ၁၇၇၉ ခုနှစ်တွင် လွိုက်စ်အဖွဲ့သားများသည် အာမခံစနစ်တွင် အရေးကြီးသော အဆင့်တစ်ဆင့်သို့ ရောက်ခဲ့သည်။ ၎င်းမှ ပုံနှိပ်ထားသော ပေါ်လစီကို ပါလီမန်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေနိုင်ခဲ့သည်။ လွိုက်စ်ရေကြောင်းအာမခံ ပေါ်လစီပုံစံကို ယနေ့အထိ ရေကြောင်း အာမခံပေါ်လစီရေးဆွဲရာတွင် ကျောရိုးအဖြစ် အသုံးပြုနေရဆဲဖြစ်ပါသည်။

**ရေကြောင်းအာမခံ၏ အကျိုးကျေးဇူးများ**

ကုန်သည်တို့၏ ကုန်သွယ်မှုပြုလုပ်သည့် ကုန်ပစ္စည်းများ၊ ရေယာဉ်ကိုယ်ထည်များ ခရီးစဉ်အတွင်း မမြင်နိုင်သည့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုပေါ်ပေါက်ပါက မိမိပစ္စည်းဆုံးရှုံးမှုအတွက် ဆုံးရှုံးမှုမပေါ်ပေါက်မီကတည်ရှိခဲ့သော စီးပွားရေးအခြေအနေအတိုင်း ပြန်လည်ရောက်ရှိစေရန် ငွေကြေးအားဖြင့် ပြန်လည်ဖြည့်ဆည်းပေးခြင်း ဖြစ်သည်။ ရေယာဉ်၊ လေယာဉ်၊ မီးရထား၊ မော်တော်ကားစသည်ဖြင့် ကုန်ပစ္စည်းများ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ရာတွင် ယာဉ်မတော်တဆထိခိုက်မှုကြောင့်ဖြစ်စေ၊ မီးလောင်မှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့်ဖြစ်စေ၊ ရေကြောင်းအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးဆုံးရှုံးမှုများအတွက် အကာအကွယ်ပေးသည့် အာမခံအကာအကွယ်အမျိုးအစားများဖြစ်ပါသည်။

**ပြည်တွင်းရေကြောင်းကုန်ပစ္စည်းအာမခံ**

ပြည်တွင်းတစ်နေရာမှ တစ်နေရာ၊ တစ်မြို့မှတစ်မြို့သို့ ရေကြောင်းခရီး၊ လေကြောင်းခရီး၊ ကုန်းလမ်းခရီးတို့ဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ပျက်စီးဆုံးရှုံးမှုပေါ်ပေါက်ပါက အကာအကွယ်ရရှိစေရန် လုံးဝဆုံးရှုံးမှုအန္တရာယ်အကာအကွယ် (Total Loss Only)ဖြင့် မြန်မာ့အာမခံလုပ်ငန်းမှ လက်ခံဆောင်ရွက်ပေးပါသည်။ လုံးဝဆုံးရှုံးမှု အန္တရာယ်အကာအကွယ်သည် အာမခံထားသည့် ကုန်ပစ္စည်းများ တင်ဆောင်သည့် ရေယာဉ်သည် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်၍သော်လည်းကောင်း၊ မီးလောင်၍ သော်လည်းကောင်း၊ သင်္ဘောလုံးဝနစ်မြုပ်သွားပြီး (သို့) သင်္ဘောလုံးဝပျက်စီးသွားပြီး၊ ကုန်ပစ္စည်းများ လုံးဝပျက်စီးဆုံးရှုံးမှုရှိမှသာလျှင် လျော်ကြေးပေးပါသည်။ ရေကြောင်းအာမခံလုပ်ငန်း၏ စည်းကမ်းချက်ဖြစ်သော Institute Cargo Clause(c)တွင်ပါသော စည်းကမ်းချက်များအတိုင်း ပေးလျော်ရန်တာဝန်ယူခြင်းဖြစ်ပါသည်။ တစ်စိတ်တစ်ဒေသ ပျက်စီးဆုံးရှုံးပါက ပေးလျော်ခြင်းမရှိပါ။ သို့သော် သင်္ဘောလုံးဝနစ်မြုပ်မှုဘေးမှကင်းဝေးအောင် ဆောင်ရွက်ရာတွင် ကုန်ကျသည့်စရိတ်များ၊ အလုပ်သမားခများ (Sue& Labour Charges)ကို ပေးလျော်ရန်တာဝန်ယူပါသည်။ ကုန်ပစ္စည်းစတင်သယ်ဆောင်သည့် ဆိပ်ကမ်းမှ ကုန်ပစ္စည်းရောက်ရှိသည့် ဆိပ်ကမ်းအထိ ခရီးစဉ်အတွင်း ခရီးတစ်ခေါက်အတွက်သာ အကျုံးဝင်ပါသည်။

**ကုန်းလမ်းကုန်စည်အာမခံ**

ကုန်းလမ်းကုန်ပစ္စည်းအာမခံမှာ ကုန်ပစ္စည်းများတင်ဆောင်သည့်ယာဉ်သည် ခရီးစဉ်အတွင်း ပိုင်ရှင်က တမင်ရည်ရွယ်ချက်ကြောင့် ပြုလုပ်ခြင်းမဟုတ်ဘဲ စက်ချွတ်ယွင်းမှုကြောင့်သော်လည်းကောင်း၊ မတော်တဆမီးလောင်ခြင်းကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း တိုက်ရိုက်ပေါ်ပေါက်သော ထိခိုက်ပျက်စီးမှုများကြောင့် အာမခံထားသော ကုန်ပစ္စည်းများ လုံးဝပျက်စီးဆုံးရှုံးမှုသာ (Total Loss Only)ပေးလျော်ရန် တာဝန်ယူပါသည်။

**ပြည်ပပို့ကုန်/သွင်းကုန်**

ပြည်ပပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက် အာမခံထားရှိခြင်းကို အလုံးစုံအန္တရာယ်အကာအကွယ် (All Risks)ဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။ အာမခံအကာအကွယ် အကျယ်ပြန့်ဆုံးဖြစ်၍ တစ်စိတ်တစ်ဒေသဆုံးရှုံးမှုကိုလည်း ပေးလျော်ရန်တာဝန်ယူပါသည်။ ရေကြောင်းအာမခံလုပ်ငန်း၏ စည်းကမ်းချက်ဖြစ်သော Institute Cargo Clause (A)တွင် ပါသော စည်းကမ်းချက်များအတိုင်း ပေးလျော်တာဝန် ယူခြင်းဖြစ်ပါသည်။အလုံးစုံအန္တရာယ်အကာအကွယ် အာမခံထားရှိခြင်း အတွက် မြန်မာကျပ်ငွေဖြင့် ပရီမီယံပေးသွင်းပါက မြန်မာကျပ်ငွေဖြင့်ပင် လျော်ကြေးပေးလျော်မည်ဖြစ်ပြီး နိုင်ငံခြားငွေဖြင့် ပရီမီယံပေးသွင်းပါက နိုင်ငံခြားငွေဖြင့် လျော်ကြေးပေးလျော်မည်ဖြစ်သည်။

**ရေယာဉ်ကိုယ်ထည်အာမခံ**

ရေယာဉ်ကိုယ်ထည်အာမခံတွင် ရေယာဉ်ကိုယ်ထည်သာမက စက်ကိရိယာများအတွက်ပါ အာမခံထားရှိနိုင်ပါသည်။ ရေယာဉ်များ အာမခံထားရှိရာတွင် သက်တမ်းတစ်လ၊ သုံးလ၊ ခြောက်လနှင့် အများဆုံး တစ်နှစ်အထိ ထားရှိနိုင်ပါသည်။ အာမခံကြေး(ပရီမီယံ) ပေးသွင်းသည့်နေ့တွင် သက်တမ်းစတင်အကျုံးဝင်ပါသည်။ ရေယာဉ်တစ်စင်းကို ဆိပ်ကမ်းမြို့တစ်မြို့မှ အခြားဆိပ်ကမ်းမြို့တစ်မြို့သို့ သယ်ယူလိုပါက ခရီးတစ်ခေါက် ၁၅ရက် အာမခံထားနိုင်ပါသည်။ ဆိပ်ကမ်းတွင် ရပ်နားထားပြီး အသုံးပြုသော ရေယာဉ်များ ဆိပ်ခံဘော၊ ဆိပ်ခံတံတားများကို ရေယာဉ်ရပ်နားထားစဉ် အာမခံ(Port Risks Insurance) ထားနိုင်ပါသည်။ လက်ခံဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင်ရေယာဉ်များအတွက် လုံးဝဆုံးရှုံးမှုအကာအကွယ် (Total Loss Olny)ဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။ လုံးဝဆုံးရှုံးမှုအကာအကွယ်တွင် ရေယာဉ်သည် ရေကြောင်းသဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ မတော်တဆထိခိုက်မှုကြောင့်ဖြစ်စေ လုံးဝပျက်စီးဆုံးရှုံးပါက ပေးလျော်သော အကာအကွယ်ဖြစ်ပါသည်။ လုံးဝဆုံးရှုံးမှုဟု သတ်မှတ်ရမည့် အခြေအနေ (Constructive Total Loss)တွင် အာမခံထားသော ရေယာဉ်ပျက်စီးသောအခါ ပြန်လည်ပြင်ဆင်ရာတွင် ကုန်ကျစရိတ်သည် အာမခံထားရှိသော တန်ဖိုးထက်ပိုနေပါက Constructive Total Loss ဟု မှတ်ယူ၍ အာမခံထားသောတန်ဖိုးကို အပြည့်အဝပေးလျော်၍ ရေယာဉ်သိမ်းယူမည် ဖြစ်ပါသည်။

**မြန်မာ့အာမခံလုပ်ငန်း၏ဆောင်ရွက်မှု**

နိုင်ငံတော်ပိုင် မြန်မာ့အာမခံလုပ်ငန်းသည် အထက်ဖော်ပြထားသော ရေကြောင်းအာမခံလုပ်ငန်းများကို ၁၉၅၂ ခုနှစ်မှစတင်၍ ယနေ့အထိ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေယာဉ်ပိုင်ရှင်များနှင့် ကုန်သွယ်မှုပြုလုပ်သည့် ကုန်ပစ္စည်းပိုင်ရှင်များ မမြင်နိုင်သည့် သဘာဝဘေးအန္တရာယ်ကြောင့် မိမိပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးသွားသည့်အခါ ရင်းစားပြန်ရစေရန်အတွက် မြန်မာ့အာမခံလုပ်ငန်းမှ တိကျ၊ မှန်ကန်၊ မြန်ဆန်စွာဖြင့် စည်းကမ်းဥပဒေများနှင့်အညီ လျော်ကြေးပေးချေမှုများပြုခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကုန်သည်တို့၏ အကျိုးစီးပွားချွတ်ခြုံကျမသွားစေရန် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။။

> **ရေကြောင်းအာမခံလုပ်ငန်းသည် အာမခံစနစ်အမျိုးမျိုးအနက် ရှေးအကျဆုံးသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဘေဘီလွန် BABYLON အင်ပါယာ၏ ဥပဒေပြုဘုရင်တစ်ပါးဖြစ်သည့် ဟာမူရာဘီဘုရင်လက်ထက်တွင် မြေထဲပင်လယ်တစ်ဝိုက် ပင်လယ်ရပ်ခြားစွန့်စားသွားလာသည့် ကုန်သည်များ၏ သင်္ဘောများနှင့် ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်း အန္တရာယ်ကြောင့် ဆုံးရှုံးမှုဖြစ်ပါက ကုန်သည်တို့၏ စီးပွားရေးချွတ်ခြုံကျမသွားစေရန်အတွက် သင်္ဘောကိုသော်လည်းကောင်း၊ ကုန်ပစ္စည်းကိုသော်လည်းကောင်း အပေါင်ထား၍ ကုန်ကူးခဲ့သည့်စနစ် ထွန်းကားခဲ့။**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၈**

အမှတ်(၁) ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ဝန်ကြီးဌာနများ၊ စာသင်ကျောင်းများနှင့် ကားဂိတ်၊ ဆိုင်ကယ် ကယ်ရီဂိတ်များတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်မှုကို ယမန်နေ့က တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာရှိ နွားပွဲဈေးသို့ သွားရောက်ဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန် သရုပ်ပြပုံများ၊ မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများကို အသေးစိတ်ချပြရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင် ၅၀ အား ဝေငှခဲ့သည်။ **(သတင်းစဉ်)**

# ထမင်းအိုးများနှင့် နှလုံးသားများ

**ပုညခင်**

တိုင်းပြည်တစ်ခုမှာ စာပေလောကဖွံ့ဖြိုးတိုးတက်ခြင်း၊ စာဖတ်သူတိုးပွားလာခြင်းဟာ ဝမ်းမြောက်စရာကိစ္စတစ်ခုပါ ။ အဲဒီလိုဝမ်းမြောက်စရာကိစ္စမျိုးတွေဖြစ်လာဖို့အတွက်အဘက်ဘက်က ကြိုးစားအားထုတ်ဖို့တော့ လိုအပ်ပါတယ်။ စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းဆိုတာလည်းလုပ်ငန်းနဲ့ ပတ်သက်နေတဲ့ လူတန်းစားအသီးသီးကို ထမင်းအိုးတည်ပေးနိုင်သော အလုပ်တစ်ခုဖြစ်ပါတယ်။

**အကျိုးဖြစ်ထွန်း**

စာအုပ်တစ်အုပ်ဖြစ်လာဖို့အတွက် လုပ်ငန်းသေးသေးကနေ လုပ်ငန်းကြီးကြီးအထိ အနုပညာ၊ အတတ်ပညာ လုပ်ငန်းအဆင့်ဆင့်ကို ဖြတ်သန်းရပါတယ်။ စက္ကူဝယ်ခြင်းကစလို့ မျက်နှာဖုံးပန်းချီအပ်နှံတာ၊ ကွန်ပျူတာစာစီ၊ ဖလင်ခွဲ၊ ပုံနှိပ်၊ ပလတ်စတစ်လောင်း၊ စာအုပ်ချုပ်၊ စာအုပ်ဆိုင်တွေကိုဖြန့်၊ စာအုပ်ဆိုင်တွေကရောင်း၊ အငှားဆိုင်တွေကငှား စသဖြင့် စာအုပ်ထုတ်ဝေခြင်းမှာ ပါဝင်ပတ်သက်နေတဲ့ လုပ်ငန်းတွေဟာ မနည်းလှပါဘူး။ စာအုပ်တစ်အုပ် အောင်မြင်လို့ စောင်ရေပေါင်းများစွာ အကြိမ်ကြိမ်ရိုက်နှိပ်ရတဲ့အခါ စာရေးဆရာနဲ့ ထုတ်ဝေသူသာ အကျိုးဖြစ်ထွန်းတာမျိုးမဟုတ်ဘဲ စာအုပ်ဖန်တီးတဲ့လုပ်ငန်းအသီးသီးမှာလည်း အကျိုးဖြစ်ထွန်းပါတယ်။ စာအုပ်ရောင်းချ ငှားရမ်းရတဲ့ လုပ်ငန်းအသီးသီးမှာလည်း အကျိုးဖြစ်ထွန်းပါတယ်။ စာရေးဆရာက လေ့လာအားထုတ် ခံစားရေးသားလိုက်တဲ့စာအုပ်ကို ဖတ်ရတဲ့ ပရိသတ်မှာလည်း ရသခံစားခြင်းဖြင့် နှလုံးသားညွတ်ပျောင်းအပန်းပြေရသည်ဖြစ်စေ၊ ကိုယ်မသိသော ဗဟုသုတ တစ်ခုခုကို သိရှိမှတ်သားရသည်ဖြစ်စေ အကျိုးဖြစ်ထွန်းပါတယ်။

စာရေးဆရာက ရေးသားလိုက်တဲ့စာအုပ်ကို ထုတ်ဝေသူက ဖန်တီးအလှဆင်ပြီး အရောင်းဆိုင်တွေက ဖြန့်ချိလိုက်ရုံနဲ့ ဖြန့်ဝေခြင်းလုပ်ငန်းစဉ်တစ်ခု ပြီးဆုံးသွားခဲ့တာတော့မဟုတ်ပါဘူး။ အဲဒီစာအုပ်မှာပါဝင်တဲ့ သုတ၊ ရသအကြောင်းအရာတွေကို ဖတ်မိပြီး နှစ်သက်သဘောကျသူဟာ သူနှစ်သက်တဲ့စာအုပ်အကြောင်းကို သူချစ်သောသူများကို ဆက်လက်ဖြန့်ဝေပြောပြဦးမှာ ဖြစ်သလိုသူအတုယူစရာများကိုလည်း ကိုယ်တိုင်အတုယူရုံမက သူငယ်ချင်းမိတ်ဆွေ သားသမီး မြေးမြစ်များအထိ အတုယူနိုင်အောင် လက်ဆင့်ကမ်းသယ်ဆောင် ဖြန့်ဝေပြောပြဦးမှာဖြစ်ပါတယ်။

**နှလုံးသားကိုလှပစေ**

ဒါ့ကြောင့် အောင်မြင်သောစာတစ်အုပ်ဟာ ထမင်းအိုးအသီးသီးကို ပြည့်စေရုံသာမက ဆွေစဉ်မျိုးဆက်နှလုံးသားအသီးသီးကိုပါ လှပစေနိုင်ပါတယ်။ ဘဝခရီးကို အသီးသီးဖြတ်သန်းနေရတဲ့ လူတွေဟာ ကိုယ့်ဘဝခရီးကို ဖြတ်သန်းနေရသလို သူတစ်ပါးရဲ့ဘဝဖြတ်သန်းမှုတွေကို သိဖို့လိုပါတယ်။ ကိုယ်ပိုင်အတွေးအခေါ်ရှိဖို့လိုသလို သူတစ်ပါးရဲ့အတွေးအခေါ်ကိုလည်း သိဖို့လိုအပ်ပါတယ်။ များများသိတဲ့အခါ များများနှိုင်းယှဉ်နိုင်ပြီး ကိုယ့်အတွက် ပိုမိုကောင်းမွန်တာတွေကို ချင့်ချိန်ရွေးချယ်ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။

**သမ္မာအာဇီဝကျ**

မကောင်းတာတွေကိုရှောင်ရှားဖို့ သတိရှိနိုင်မှာဖြစ်ပါတယ်။ ကောင်းတာ၊ မကောင်းတာကို ခွဲခြားဆုံးဖြတ်သုံးသပ်နိုင်မှာဖြစ်ပါတယ်။ စာရေးသားခြင်း၊ စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းဆိုတာ စေတနာမှန်မှန်လေးနဲ့သာ လုပ်ကိုင်မယ်ဆိုရင် အင်မတန်မှ သမ္မာအာဇီဝကျပြီး စိတ်ချမ်းသာရတဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ထုတ်ဝေသူက စာရေးဆရာ မသိအောင် စာအုပ်စောင်ရေတွေ အခါခါထပ်ရိုက်ပြီး စာရေးဆရာကို စာမူခထပ်မပေးတာ၊ စာအုပ်ဈေးနှုန်းက ဖြစ်သင့်တာထက် ပိုများနေတာ စတာတွေဖြစ်လာရင်တော့ ရေရှည်မှာ အကျိုးစီးပွားပျက်ရာပျက်ကြောင်းတွေ ပေါ်ပေါက်လာပြီး စာအုပ်လုပ်ငန်းဟာလည်း ဆုတ်ယုတ်ကျဆင်းသွားမှာဖြစ်ပါတယ်။ စာရေးဆရာဆိုတာကလည်း ထိုက်သင့်သောငွေကြေး တစ်စုံတစ်ရာရရှိ ရပ်တည်နိုင်ဖို့ လိုအပ်တာပဲမဟုတ်ပါလား။

**လေးနားညီ**

အပြန်အလှန်အားဖြင့်တော့ စာရေးဆရာတွေအနေနဲ့လည်း ထုတ်ဝေသူအပေါ် ပညာမပြဖို့၊ ကတိတည်ဖို့ လေးစားထိုက်သော စာရေးဆရာအဖြစ်သတ်မှတ်ခံရအောင် ဆင်ခြင်ဖို့လိုပါသေးတယ်။ ဒါ့ကြောင့် စာပေလောကဖွံ့ဖြိုးဖို့ဆိုတာ စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူ တြိဂံအနားညီနေမှဖြစ်ပါမယ်။ စာအုပ်အရောင်းဆိုင်တွေကလည်း အရေးကြီးတာမို့ စတုရန်းလို လေးနားညီရင်တော့ အကောင်းဆုံးပါပဲ။ အခုနောက်ပိုင်း နေရာအနှံ့အပြားမှာ ဖွင့်လှစ်နေပြီဖြစ်တဲ့ City mart တွေလိုဆိုင်မျိုးတွေမှာ စာအုပ်ကောင်တာတွေ ထားရှိရောင်းချပေးခြင်းကလည်း စာအုပ်တွေကို အလွယ်တကူဝယ်ယူနိုင်စေဖို့ အထောက်အကူဖြစ်စေပါတယ်။

စာရေးဆရာတွေကို သတိထားလေ့လာရင် စာရေးခြင်းလုပ်ငန်းကို ဝါသနာအရရော၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်ပါ လုပ်ကိုင်တဲ့စာရေးဆရာတွေဟာ စာများများရေးနိုင်ကြပြီး စာရေးခြင်းကို တခြားသော အသက်မွေးဝမ်းကျောင်းတစ်ခုခုနဲ့ တွဲဖက်လုပ်ကိုင်ရသူတွေကတော့ စာရေးကျဲတတ်ကြပါတယ်။ အင်မတန်မှ ကံကောင်းသောသူတွေသာ ဝါသနာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်ကြပါတယ်။ အဲဒီလို အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့ ထိုက်သင့်မှန်ကန်တဲ့ စာမူခငွေကြေးရနေမှ ရေရှည်မှာ စာအဆက်မပြတ်ရေးနိုင်ဖို့ အထောက်အပံ့ဖြစ်မှာပါ။

**စာပေလောကကောင်းမွန်ခဲ့**

တစ်ခေတ်တစ်ခါတုန်းကတော့ ကျွန်မတို့နိုင်ငံရဲ့ စာပေလောကဟာ အင်မတန် ကောင်းမွန်ခဲ့ပြီး စာအုပ်အငှားဆိုင်လို လုပ်ငန်းမျိုးမှာတောင် စီးပွားဖြစ်ခဲ့ကြပါတယ်။ စာများများရေးနိုင်တဲ့၊ ရသကောင်းကောင်းရေးနိုင်တဲ့ စာရေးဆရာတွေလည်း အများကြီးရှိခဲ့ပါတယ်။ အခုနောက်ပိုင်းကာလတွေမှာတော့ စာရေးကောင်းသူတွေလည်း တဖြုတ်ဖြုတ်ကြွေလွင့်လို့၊ အသက်မကြွေလွင့်ပေမယ့် အနုပညာဝိညာဉ်ကြွေလွင့်သူတွေလည်း ကြွေလွင့်ကြလို့ စာအုပ်သစ်တွေ အများကြီးထွက်ပေါ်မလာနိုင်တော့ဘဲ စာအုပ်အဟောင်းတွေသာ အခါခါ ထပ်မံရိုက်နှိပ်ထုတ်ဝေနေကြရပါတယ်။ လုံးချင်းဝတ္ထုရှည်ကြီးတွေကို တစိုက်မတ်မတ်ရေးဖွဲ့နိုင်တဲ့ ကလောင်သစ်တွေလည်း များများစားစား လောက်လောက်လားလား ပေါ်ထွက်မလာခဲ့ပါဘူး။ ဝတ္ထုတိုအရေးကောင်းသူတွေကတော့ အားရစရာထွက်ပေါ်နေပါသေးတယ်။ တစ်ခါတလေများဆို ဖေ့စ်ဘုတ်ပေါ်က စာရေးကောင်းသူတွေကိုတွေ့ရင် ရသဝတ္ထုတို၊ ဝတ္ထုရှည်တွေရေးနိုင်လာအောင် အားထုတ်ဖို့ တိုက်တွန်းချင်မိပါတယ်။

**ဗီဇကိုပြုပြင်ပေးနိုင်**

ဒါပေမယ့် ဒီခေတ်ကြီးမှာ ကိုယ့်အသက်မွေးဝမ်းကျောင်းတစ်ခုခုကို အတတ်ပညာနဲ့ လုပ်ကိုင်နေသူအများစုဟာ အပျော်တမ်းအဖြစ်သာရေးကြပြီး သေချာတဲ့ကိုယ့်အလုပ်ကိုစွန့်ပြီး မသေချာတဲ့အလုပ်တစ်ခုအတွက် အလုံးစုံပုံပြီး မစွန့်စားချင်ကြတော့ပါဘူး။ စာပေနဲ့ရေရှည်ဖြစ်ထွန်း အောင်မြင်ရပ်တည်နိုင်ဖို့ဆိုတာကလည်း လူတစ်သန်းမှ တစ်ယောက်တောင် အနိုင်နိုင်ပဲကိုး။ ဒါပေမယ့် တစိုက်မတ်မတ် ကြိုးစားလိုက်ရင် အဲဒီတစ်သန်းထဲက တစ်ယောက်ဟာ ကိုယ်ကိုယ်တိုင်လည်း ဖြစ်လာနိုင်ပါတယ်။ လူတွေကို စာဖတ်ပါလို့တိုက်တွန်းတဲ့အခါတိုင်း စာဖတ်တိုင်းရော လူကောင်းလူတော်ဖြစ်လာနိုင်ပ့ါမလားဆိုတဲ့ မေးခွန်းမျိုးကို ရံဖန်ရံခါဆိုသလို တုံ့ပြန်ရရှိလေ့ရှိပါတယ်။ ဒီလိုမေးတာလည်း မလွန်ပါဘူး။ ကျွန်မတို့ပတ်ဝန်းကျင်မှာ စာဖတ်ပြီး လူကောင်းမဟုတ်တဲ့၊ စိတ်ဓာတ်မကောင်းတဲ့ သူတွေလည်း ခပ်များများတွေ့ရတတ်တာကိုး။ ဒါကတော့ ပင်ကိုဗီဇနဲ့လည်းဆိုင်မှာဖြစ်ပါတယ်။ ကိုယ်ဖတ်တဲ့စာအပေါ်မှာ မှန်မှန်ကန်ကန် အတုယူတတ်ဖို့လည်း လိုအပ်ပေတာကိုး။ သတ်ဖြတ်နေတဲ့ လူဆိုးတစ်ယောက်အကြောင်းဖတ်ရတဲ့အခါ ရွံမုန်းစရာလို့ မြင်ရမယ့်အစား ဟီးရိုးလိုမြင်တတ်တာကတော့ သူ့ပင်ကိုဗီဇ ပတ်ဝန်းကျင်အခြေအနေ လွှမ်းမိုးမှုတွေနဲ့လည်း ပတ်သက်စပ်ဆိုင်နေတတ်ပါတယ်။ ဒါပေမယ့် အဲဒီဗီဇကို ပြုပြင်ပေးနိုင်တဲ့အထဲမှာ စာအုပ်စာပေလည်း ပါဝင်နေပါတယ်။ အလုံးစုံမပြုပြင်နိုင်ရင်တောင်မှ အတိုင်းအတာတစ်ခုအထိတော့ ပြုပြင်နိုင်ပါတယ်။ ၁၀၀ ဖိုးဆိုးမယ့်အစား ၅၀ ဖိုး ဆိုးရင်တောင် အကျိုးရှိတယ်လို့ဆိုရမယ်မဟုတ်လား။

**မှောင်နေရင်စာဖတ်ပါ**

စာကောင်းဖတ်ပြီး ပြန်အသုံးမချတာ၊ စာချည်းဖတ်ပြီး ပြင်ပဝန်းကျင်ကို မလေ့လာ၊ ပေါင်းသင်းဆက်ဆံရေးမှာ သဟဇာတ မဖြစ်ဘဲ ထော်လော်ကန့်လန့် ဖြစ်နေတာမျိုးမဖြစ်ဖို့တော့ ဘဝနဲ့စာပေ ဟန်ချက်ညီအောင် အားထုတ်ရမှာဖြစ်ပါတယ်။ အနည်းဆုံးတော့ ရသစာပေဖတ်သူဟာ နှလုံးသားနွေးထွေးပါတယ်။ စာများများဖတ်သူဟာ များများတွေးတတ်လာပြီး အတွေးတွေထဲကနေ စိတ်ကူးသစ်၊ ရည်မှန်းချက် အသစ်တွေ ဖြစ်လာတတ်ပါတယ်။ ဘဝမှာ ဘာမှမကြံတတ်တော့တဲ့အခါ စာအုပ်တွေဖတ်လိုက်ပါ၊ အကြံသစ်တစ်ခုခုတော့ ထွက်လာမှာပါ။ ဘဝကမှောင်နေရင်လည်း စာဖတ်ပါ၊ လင်းလာပါလိမ့်မယ်။ ဘဝက လင်းပြီးသား ဆိုရင်လည်း စာဖတ်ပါ၊ ပိုပြီးလင်းလာပါလိမ့်မယ်။ လင်းတာချင်း အတူတူ အမှိန်အဖျော့ကွာခြားတာကတော့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ အားထုတ်သင်ယူ လေ့လာခံစားနိုင်စွမ်းနဲ့ အကျင့်ဗီဇအပေါ်မှာ မူတည်ပါလိမ့်မယ်။ စာဖတ်ခြင်းဟာကောင်းပါတယ်။ ကိုယ်ဖတ်တဲ့စာတွေကို လက်တွေ့ဘဝနဲ့ချိန်ညှိ သုံးသပ်ပြီး တွေးဆဆင်ခြင်အသုံးချခြင်းက ပိုပြီးကောင်းပါတယ်။ စာပေလုပ်ငန်းဟာ ကောင်းပါတယ်။ စာပေရေးသားထုတ်ဝေ ဖြန့်ချိတဲ့အခါ ဆင်ဆင်ခြင်ခြင် မှန်မှန်ကန်ကန် မျှမျှတတ လုပ်ဆောင်တာက ပိုပြီးကောင်းပါတယ်။ ပိုကောင်းတာတွေကို သိမြင်အသုံးချနိုင်ခဲ့ရင်တော့ ထမင်းအိုးများလည်းပြည့် နှလုံးသားများလည်း လှပလာမှာ ဖြစ်ပါတယ်။ ။

■

**အောင်မြင်သောစာတစ်အုပ်ဟာ ထမင်းအိုးအသီးသီးကို ပြည့်စေရုံသာမက ဆွေစဉ်မျိုးဆက်နှလုံးသားအသီးသီးကိုပါ လှပစေနိုင်ပါတယ်။ ဘဝခရီးကို အသီးသီးဖြတ်သန်းနေရတဲ့ လူတွေဟာ ကိုယ့်ဘဝခရီးကို ဖြတ်သန်းနေရသလို သူတစ်ပါးရဲ့ဘဝဖြတ်သန်းမှုတွေကို သိဖို့လိုပါတယ်။ ကိုယ်ပိုင်အတွေးအခေါ်ရှိဖို့လိုသလို သူတစ်ပါးရဲ့အတွေးအခေါ်ကိုလည်း သိဖို့လိုအပ်ပါတယ်။ များများသိတဲ့အခါများများ နှိုင်းယှဉ်နိုင်ပြီး ကိုယ့်အတွက် ပိုမိုကောင်းမွန်တာတွေကို ချင့်ချိန်ရွေးချယ်ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။**

# မန္တလေးမြို့တွင် BRT ယာဉ်လိုင်းလေးလိုင်းပြောင်းလဲ ပြေးဆွဲရန်စီမံချက်ရေးဆွဲနေ

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောကျပ်တည်းမှုများ ဖြေလျှော့နိုင်ရန် BRT ယာဉ်လိုင်းလေးလိုင်း ပြေးဆွဲရန် စီမံချက်များ စတင်ရေးဆွဲနေပြီဖြစ်ကြောင်း မြို့တော်ဝန်ဒေါက်တာရဲလွင်က ပြောကြားသည်။

"မန္တလေးမြို့ဟာ နောင်ငါးနှစ်ဆိုရင် ယာဉ်ကြောကျပ်တည်းမှုတွေကြုံတွေ့ရတော့မယ်။ အခုတောင်တချို့နေရာတွေမှာဖြစ်နေကြတယ်။ နိုင်ငံတကာမှာလည်း ဒီစနစ်ကိုကျင့်သုံးအောင်မြင်နေကြပြီ။ လက်ရှိယာဉ်လိုင်းတွေက အကျိုးအမြတ်များတဲ့လိုင်းမှာပဲ ကားတွေများနေတယ်။ ခရီးသည်တွေကို လုတင်ကြပြီး ယာဉ်နှစ်ထပ်ရပ်ကြတယ်။ ဒီတော့ ယာဉ်အန္တရာယ်တွေနဲ့ယာဉ်ကြောကျပ်တည်းမှုတွေဖြစ်ပေါ်လာတော့တာပေါ့" ဟု ၎င်းကပြောသည်။

BRT အမြန်ယာဉ်လိုင်းစနစ်ပြေးဆွဲရန် လက်ရှိမန္တလေးမြို့တော်၏ အခြေအနေအရ ယာဉ်လမ်းအကျယ်အဝန်းနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှုအားနည်းချက်များသည် ယင်းစနစ်အား အဟန့်အတားဖြစ်ပေါ်စေသကဲ့သို့ မြို့တော်ကို လေးထောင့်ပုံတည်ဆောက်ထားသည့်အပြင် မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအရှေ့သည် တောင်နှင့်မြောက်တွင် ပို၍ ရှည်လျားနေခြင်းကလည်း ထိုစနစ်ကျင့်သုံးရန် အခွင့်အလမ်းများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဒီအခွင့်အရေးပေါ်မူတည်ပြီးတော့ တောင်နဲ့မြောက်အတိုင်း လိုအပ်တဲ့ပြင်ဆင်မှုတွေလုပ်ပြီး BRT ယာဉ်လိုင်းလေးလိုင်း ပြေးဆွဲသွားဖို့ရွေးချယ်ထားတယ်။ ပြည်သူတွေအဓိကသွားနေကြတဲ့ ဈေးတွေ၊ တက္ကသိုလ်တွေ၊ ဆေးရုံတွေ၊ ရုံးတွေ အကုန်ရောက်မယ်။ ဒါ့အပြင် ဒီလိုင်းတွေမှာ စမတ်ကတ်ကို စတင်သုံးစွဲမှာဖြစ်လို့ စမတ်ကတ်ယဉ်ကျေးမှုနဲ့ ရင်းနှီးအောင်လည်း လေ့ကျင့်ပေးရဦးမှာပါ"ဟု မြို့တော်ဝန်ကပြောသည်။

အဆိုပါ ယာဉ်များ ပြေးဆွဲသည့်နေရာများတွင် ခေတ်မီလမ်းညွှန်စနစ်များ တပ်ဆင်သွားမည်ဖြစ်ပြီး လမ်းဆုံတိုင်းတွင် Bus Stand များ ပြုလုပ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

"ကိုယ်သွားမယ့်ခရီးက နောက်ယာဉ်လိုင်းတစ်လိုင်းကို ပြောင်းစီးရမယ်ဆိုရင် အဲဒီယာဉ်လိုင်းက ဘယ်ချိန်မှာ ဒီနေရာကိုရောက်မလဲဆိုတာကိုပါ အသိပေးမယ့် အစီအစဉ်ကိုပါထည့်သွင်းပေးထားမှာဖြစ်တယ်။ ဒါ့အပြင်မန္တလေးကို လာရောက်လည်ပတ်ကြမယ့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေအသုံးပြုနိုင်ဖို့ One Stop Samrt Card တွေ လုပ်ပေးမှာ ဖြစ်ပါတယ်။ လက်ရှိပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေကို မီနီဘတ်စ်တွေအဖြစ်ပြောင်းလဲပေးပြီး အရှေ့နဲ့အနောက်သွားတဲ့ လမ်းကြောင်းတွေမှာ ပြေးဆွဲပေးမယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ BRT ယာဉ်လိုင်းလေးလိုင်းဖြင့် မိမိသွားလိုသည့် ခရီးများစဉ်များအား ချိတ်ဆက်သွားနိုင်ရန် Bus Stand များတွင် ခေတ်မီလမ်းညွှန်ဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိပြီး ရောက်ရှိမည့်ခရီးစဉ်များကိုလည်း အသိပေးဖော်ပြထားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စီမံချက်များ ရေးဆွဲပြီးဖြစ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးမြို့ ဈေးချိုအနီး (၈၄) လမ်းမပေါ်တွင် ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်ကြောရှုပ်ထွေးမှုများဖြစ်ပေါ်လျက်ရှိနေစဉ်။





ဒုတိယသမ္မတ ဦးမြင့်ဆွေ ဟားခါးမြို့၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ဒုတိယသမ္မတက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်အမီပြီးစီးရေး မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းဆောင်မှ ကြည့်ရှုသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းပြည်နယ် ဖလမ်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကာ လူနာများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဟားခါးမြို့သို့ ရောက်ရှိကြပြီး ဟားခါးမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက မိမိတို့အဖွဲ့အနေဖြင့် ချင်းပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် ယခုအခါ ကောလိပ်ရှိလာတော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ချင်းပြည်နယ်ရှိ ကျောင်းသား ကျောင်းသူများ ဟားခါးတွင် တက္ကသိုလ်ပညာရပ်များကို သင်ကြားနိုင်ကြပြီဖြစ်ကြောင်း၊ ဒေသတစ်ခုတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ငြိမ်းချမ်းရေးရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံကို ကျင်းပခဲ့ပြီး အောင်မြင်အောင် ကြိုးပမ်းလျက်ရှိကြောင်း၊ တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းကြရန်လိုကြောင်း။

ယခုအခါ နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များကို ဖွံ့ဖြိုးမှုကွာခြားချက်နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးနေပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်၊ ပြည်မဆက်သွယ်ရာလမ်းတစ်လျှောက်ရှိ မြစ်ကူး၊ ချောင်းကူးနေရာများကိုလည်း တံတားများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ချင်းပြည်နယ်အနေဖြင့် ဖလမ်းတွင် လေယာဉ်ကွင်း တည်ဆောက်ပြီးပါက လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် ယခင်ကထက် ဘတ်ဂျက်ပိုမိုသုံးစွဲလျက်ရှိပါကြောင်း၊ ချင်းပြည်နယ်အတွက် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ပုလဲ-ဂန့်ဂေါ- ဟားခါး-ဖလမ်း ဓာတ်အားလိုင်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ပေးအပ်သည်။

ယင်းနောက် မြို့မိမြို့ဖတစ်ဦးက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကာ လူနာများအား အားပေးစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**




# သမဝါယမတက္ကသိုလ်(သန်လျင်)တွင် အရာထမ်းများအထူးမွမ်းမံသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရာထမ်းများ အထူးမွမ်းမံသင်တန်း(၂၀၁၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို သမဝါယမတက္ကသိုလ်(သန်လျင်) ဥတ္တရဆောင်ခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပရာ သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာဒေါ်ရီရီဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြောင်းလဲမှုစီမံခန့်ခွဲခြင်းနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး (Change Management and Organizational Development)၊ စီမံခန့်ခွဲမှုစာရင်းကိုင်ပညာ၊ သမဝါယမဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် သမဝါယမလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုက်နာရမည့်အချက်များ (Mechanism)၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် စွန့်စားမှုစီမံခန့်ခွဲမှု၊ Basic Microsoft Office Application နှင့် Communication English Course ဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ ပါမောက္ခ၊ ဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်၊ သင်ကြားပို့ချမည့် ဘာသာရပ် ဆရာ၊ ဆရာမများ၊ သင်တန်းကြီးကြပ်မှုအဖွဲ့များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဦးစီးအရာရှိများနှင့် ဦးစီးမှူးများဖြစ်ကြသော သင်တန်းသား ၃၃ ဦး၊ သင်တန်းသူ ၄၇ ဦး၊ စုစုပေါင်း ၈၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၇ ရက်မှ ၂၇ ရက်အထိ ၂၁ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျိုက်မရောမြို့နယ် ကျေးလက်ရုံးဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော နိုဝင်ဘာ ၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရုံးဆောက်လုပ်နေမှုကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ဒုတိယညွှန်ကြားရေးမှူး/နည်းပညာ) ဦးဝင်းနိုင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဦးစီးဌာနမှ (ခရိုင်မှူး) ဦးရဲဝင်းတို့က ကွင်းဆင်းစစ်ဆေးနေစဉ် (မြို့နယ်ဦးစီးမှူး) ဦးသူရလွင်က ရုံးဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြထားသော အင်တာဗျူးသတင်းတွင် တူရကီနိုင်ငံသံအမတ်ကြီး **Mr. Kerem Divanlioglu** ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် နောက်ဆုံးကော်လံ ပထမစာပိုဒ်၊ စာကြောင်းရေ (၅)တွင် **ကျွန်မ** အစား **ကျွန်တော်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။



# ရော်ဘာပြုစုထိန်းသိမ်းခြင်း ပညာပေးသရုပ်ပြသ

**ဘားအံ နိုဝင်ဘာ ၈**

ကရင်ပြည်နယ်တွင် ရာသီဥတုအရ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ဧက ၂၆၆၉၀၈ ဧက၊ အစေးလှီးဧက ၁၃၉၁၃၈ ရှိပြီး ရော်ဘာစိုက်တောင်သူများအနေဖြင့် ရော်ဘာဈေးနှုန်း ကောင်းမွန်ရေးအတွက် လိုလားလျက်ရှိရာ အရည်အသွေးပြည့်မီဈေးကွက်ရရှိစေရေး၊ ရော်ဘာအစေးပြား ထုတ်လုပ်နိုင်ရေးနှင့် အပင်ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် အသိပညာရရှိစေရေးတို့အတွက် ရော်ဘာစိုက်တောင်သူများအား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ရော်ဘာပြုစုထိန်းသိမ်းခြင်း ပညာပေးသရုပ်ပြပွဲကို နိုဝင်ဘာ ၅ ရက်က သာယာကုန်းကျေးရွာ ရော်ဘာစိုက်တောင်သူ ဦးအောင်တီ၏ BPM-24 ရော်ဘာစိုက်ခင်းတွင် ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲတွင် သာယာကုန်းကျေးရွာ ရော်ဘာစိုက်တောင်သူ ၇၀ တို့အား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ခင်သီနွယ်(စက်မှုသီးနှံ)က ရော်ဘာခြံတွင် အစိုဓာတ်ထိန်းခြင်း၊ မြေဩဇာကျွေးခြင်း၊ ကိုင်းပိုကိုင်းတက်ဖြတ်ခြင်း စသည့် အပင်ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို လက်တွေ့သရုပ်ပြသကာ ပညာပေးရှင်းလင်းခဲ့ကြောင်း သိရသည်။

**(နေမျိုးလွင်)**

# အာရှပစိဖိတ်ဒေသတွင်းရှိ သန်းပေါင်း ၁၀၀၀ ကျော်ရှိသော ကလေးများအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် နိုင်ငံများ၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်

**နေပြည်တော် နိုဝင်ဘာ ၈**

တတိယအကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

အစည်းအဝေးသို့ အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဒုတိယသမ္မတများ၊ ဝန်ကြီးများနှင့် အခြားအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် အာရှပစိဖိတ်ဒေသတွင်းရှိ သန်းပေါင်း ၁၀၀၀ ကျော်ရှိသောကလေးများအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် နိုင်ငံများ၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဧကန်မုချရမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ၊ ကလေးများအား အလုံးစုံသောအကြမ်းဖက်မှုများမှ ကာကွယ်ပေးရေးအစီအစဉ်များနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအစီအစဉ်ကို အတွေ့အကြုံများဖလှယ်ခြင်း၊ ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြရာတွင် ကလေးငယ်၏ လူသားဘဝ ရက်ပေါင်း တစ်ထောင်အတွင်း လူမှုရေးဆိုင်ရာငွေကြေးထောက်ပံ့မှုအစီအစဉ် (first 1000 days social Cash transfer program) အထူးသဖြင့် ကလေးငယ်များအတွက် မဖြစ်မနေရရှိရမည့် အာဟာရဖွံ့ဖြိုးရေးကိုအဓိကဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ သန်းပေါင်း ၁၀၀၀ ကျော်သောကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် များစွာအကျိုးရှိပြီး ဉာဏ်ရည်ပြည့်မီ၍ ကျန်းမာသန်စွမ်းသော ကလေးများဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါ မျိုးဆက်သစ်များဖြင့် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်မှာ ဧကန်မုချဖြစ်သောကြောင့် ယနေ့ပင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း ဆွေးနွေးကြသည်။

အဆိုပါ ရက်တစ်ထောင်အတွင်းရင်းနှီးမြှုပ်နှံမှုတွင် ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အနှောင့်အယှက်ဖြစ်စေသော အလုံးစုံသောအကြမ်းဖက်မှုများမှ အကာအကွယ်ပေးရေးအစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

အာရှနှင့်ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံအားလုံးသည် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို နိုင်ငံတော်အစိုးရ၏ပံ့ပိုးအားပေးမှုဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။



အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဦးဆောင်ဆွေးနွေးသူတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်သော ချင်းပြည်နယ်မှစတင်၍ ကလေးငယ်၏ လူသားဘဝရက်ပေါင်းတစ်ထောင်အတွင်း လူမှုရေးဆိုင်ရာငွေကြေးထောက်ပံ့မှုအစီအစဉ်(first 1000 days social Cash transfer program)ကို အကောင်အထည်ဖော်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက်တစ်ရာစီမံချက်တွင် အစပြုခဲ့ပြီး ရက်တစ်ရာအလွန် ခြောက်လစီမံချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# JAPAN CUP ဂျူဒိုပြိုင်ပွဲ တံခွန်စိုက်ဆု ကာကွယ်ရေးဝန်ကြီးဌာန ဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၈**

၂၀၁၆ ခုနှစ် (၁၂)ကြိမ်မြောက် Japan cup ဂျူဒိုပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ကီလိုတန်းအလိုက် ဆုရသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



Japan Judo Cup တံခွန်စိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပခဲ့ရာ ရန်ကုန်အားကစားသိပ္ပံ၊ မန္တလေးအားကစားသိပ္ပံ၊ မော်လမြိုင်အားကစားသိပ္ပံ၊ တောင်ကြီးအားကစားသိပ္ပံ၊ မွန်ပြည်နယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဂျူဒိုအားကစားသမားများက ကီလိုတန်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အတိုးတက်ဆုံးအမျိုးသမီးအားကစားဆုကို (၇၀)ကီလိုတန်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဖြိုးရွှေစင်ကျော် အားလည်းကောင်း၊ အတိုးတက်ဆုံးအမျိုးသား အားကစားဆုကို (၅၅)ကီလိုတန်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ရာဇာအောင် အားလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးအားကစားဆု (၆၃) ကီလိုတန်းတွင် အားကစားသိပ္ပံ(ရန်ကုန်)မှ ခြူးမြတ်နိုးဝေ အားလည်းကောင်း၊ အကောင်းဆုံး အမျိုးသားအားကစားဆုကို (၆၆)ကီလိုတန်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အောင်ဇေယျထွန်း အား လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုတွင် ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ၁၀ ခုဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တံခွန်စိုက်ဆုကြီးကို ရရှိသွားသဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. TATESHI၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ဆုရသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(စောသိန်းဝင်း)**

# မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

(၂၈) ကြိမ်မြောက် မြန်မာနိုင်ငံမသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၆ နာရီတွင် တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ကျင်းပမည်ဖြစ်သည်။ မသန်စွမ်းဂေါက်သီးရိုက်အားကစားသမားများသည် အားကစားအဖွဲ့ချုပ် ဖုန်း-၀၁-၈၅၃၆၀၉ နှင့် ဗိုလ်ကြီးစိန်ဝှက်(ငြိမ်း) ၀၉-၇၉၉၆၀၀၄၇ တို့သို့ ဆက်သွယ်စာရင်းပေးပို့ရန်နှင့် နိုဝင်ဘာ ၁၂ ရက် နံနက် ၅ နာရီခွဲအရောက် တပ်မတော်ဂေါက်ကွင်းသို့ လာရောက်သတင်းပို့ရန်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ရွာသားများအား အကြောင်းမဲ့ဖမ်းဆီး

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအုပ်စု ဖူခါလီကျေးရွာနေ နူမာမောက်၏ နေအိမ်သို့ နိုဝင်ဘာ ၇ ရက် ည ၁၀ နာရီခွဲခန့်တွင် ဇင်ပိုင်ညာကျေးရွာနေ ဂေါ်ဇီရာမောက်၊ ဂျူဘိုင်၊ နူရူစလန်နှင့် ရာဖစ်တို့ ဦးဆောင်သော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၅ ဦးခန့် ရောက်ရှိလာပြီး နေအိမ်တံခါးအား တုတ်၊ ဓားတို့ဖြင့် ရိုက်ချိုးဖျက်ဆီး၍ နေအိမ်အား မီးရှို့ကာ ဖိုက်ဇယ်(ဘ)နူမာမောက်နှင့် မာမွတ်ဖာရို(ဘ)နူမာမောက်တို့ ညီအစ်ကိုနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို အချိန်မီဖမ်းဆီးနိုင်ရေး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက အဆိုပါ နေအိမ်နှင့် အနီးပတ်ဝန်းကျင်အားရှင်းလင်းခဲ့ရာ ည ၁၂ နာရီခွဲတွင် နေအိမ်၏ အနောက်ဘက်လယ်ကွင်းအစပ်၌ မာမွတ်ဖာရိုအား ဓားပြတ်ရှဒဏ်ရာ ၁၁ ချက်၊ ထိုးသွင်းဒဏ်ရာနှစ်ချက်ဖြင့် တွေ့ရှိသဖြင့် မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ဖမ်းဆီးရမိနိုင်ရေး တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ထောက်ပံ့ပေးနေသူနှစ်ဦး မောင်တောမြို့နယ်အတွင်း ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကိုးတန်ကောက် ဒုက္ခသည်စခန်းအတွင်း နေထိုင်သူများအနက် အချို့သောသူများသည် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ရိက္ခာနှင့် ငွေကြေးများ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်စစ်ဆေးရှာဖွေရာ ယနေ့မွန်းလွဲ ၁ နာရီတွင် စခန်းနေ ဖေမာမောက်(ဘ) အာဇီရာမောက်နှင့် ရှော်ရှိတာမောက်(ဘ) ကာဆီတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး အင်းဒင်နယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး"ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦး"*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# မိုးခေါင်ရပ်ဝန်းဒေသမှ ဒေသခံတို့၏ လူမှုဘဝများ ဖွံ့ဖြိုးလာစေမည့် မြို့သာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်း

## သတင်းဆောင်းပါး-သီသီမင်း
## ဓာတ်ပုံ -အမ်အမ်အိုင်ဒီ



မြို့သာစက်မှုဇုန်အတွင်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် စက်ရုံများအား တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ထဲက ငါန်းဇွန်နဲ့ နဘူးအိုင်ကြားမှာရှိတဲ့ ဆီမီးခုံဆိပ်ကမ်းနှင့် မြို့သာဒေသရပ်ဝန်းဟာ ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားတဲ့ အခြေအနေများကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သီးနှံစိုက်ပျိုးရာမှာ ဖြစ်ထွန်းအောင်မြင်မှုမရှိတဲ့ ဒေသဖြစ်တယ်လို့ ဆီမီးခုံဒေသခံတစ်ဦးဖြစ်သူ ဦးဝင်းအောင်က ဆိုပါတယ်။

"ဒီဒေသမှာက မြစ်နဲ့နီးတဲ့သူက တံငါလုပ်တယ်။ တောင်သူလုပ်တာကပိုများပါတယ်။ဒါပေမယ့် ဒီဒေသက တစ်သီးစားပဲစိုက်လို့ရတယ်။ ရာသီဥတုဖောက်တဲ့နှစ်ဆိုကျောက်ဆည်ဘက်တို့ အောက်ပြည် ဒေးဒရဲတို့ ကျိုက်လက်တို့ဘက်တွေဆင်းပြီး အရောင်းအဝယ်သွားရတယ်။ အညာကုန်လေးတွေပေါ့ အဆင်ပြေလှတယ်မရှိဘူး"လို့ ဦးဝင်းအောင်က ပြောပါတယ်။

ယခုအခါမှာတော့ အဆိုပါဒေသမှာ နိုင်ငံတကာအဆင့်မီ စက်မှုမြို့တော်နဲ့ အဆင့်မီသင်္ဘောဆိပ်ကမ်းတွေ တည်ဆောက်နေပြီး စက်ရုံတချို့လည်း လာရောက်ဖွင့်လှစ်နေတာကြောင့် အလုပ်အကိုင် အခွင့်အလမ်းတွေရရှိနေပြီဖြစ်တယ်လို့ ဒေသခံများထံက သိရပါတယ်။

"အရင်က မိသားစုဝင်တွေထဲမှာ လုပ်နိုင်ကိုင်နိုင်တဲ့သူရှိရင်တောင် အလုပ်ကမရှိဘူး။ တောထဲမှာ ထင်းခုတ်၊ မီးသွေးဖုတ်ပြီးရင် မန္တလေးမြို့တက်ရောင်း၊ အလုပ်က ဒါပဲရှိတာ။"

"အခုဆို စက်မှုဇုန်ထဲမှာ အလုပ်ကြမ်းသမားတောင် တစ်နေ့ကျပ် ၄၅၀၀ ကနေ ၆၀၀၀ ကြားရနေတာ၊ ပညာတတ်တွေဆိုရင် စက်ရုံတွေမှာလုပ်လို့ တစ်လ သုံးသိန်းလေးသိန်းရတဲ့သူတောင်ရှိနေပြီ။ စားဝတ်နေရေးအဆင်ပြေနေပြီ။ လူနေမှုဘဝတွေလည်းမြင့်လာပြီ" လို့ ငါန်းဇွန်မြို့နယ် မြို့သာဒေသခံ တစ်ဦးဖြစ်သူ တောင်သူဦးသောင်းတင်က ပြောပါတယ်။

မြင်းခြံမြို့နယ်မှာပါဝင်တဲ့ ဆီမီးခုံနဲ့ ငါန်းဇွန်မြို့နယ်မှာပါဝင်တဲ့ မြို့သာဒေသရှိ မြေဧက တစ်သောင်းပေါ်တွင် ဒေသခံပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံတကာ သင်္ဘောဆိပ်ကမ်းနဲ့ ဖွံ့ဖြိုးတိုးတက်သော စက်မှုဥယျာဉ်ဖြစ်ပေါ်လာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာစေရေး၊ လူမှုစီးပွားဘဝများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မြေပိုင်ရှင်အဖြစ်ဆောင်ရွက်ပြီး (MMID) အများပိုင်ကုမ္ပဏီက စီမံကိန်းအကောင်အထည်ဖော်သူ (Developer) အဖြစ်ဆောင်ရွက်ကာ ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းနှင့် မြို့သာစက်မှုဥယျာဉ်ဒေသစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်ရယူပြီး ၂၀၁၂ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရခဲ့တာလို့ သိရပါတယ်။

လက်ရှိအစိုးရသစ်တက်လာပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့သာစီမံကိန်းအပါအဝင် အခြားသော စီမံကိန်းများကိုလည်း အချက်သုံးချက်ဖြင့် စိစစ်ဆောင်ရွက်လျက်ရှိတယ်လို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရပါတယ်။

"စီမံကိန်းတွေ ဖွံ့ဖြိုးမှုတွေလုပ်တဲ့အခါမှာ နိုင်ငံသူနိုင်ငံသားတွေ တကယ်အကျိုးရှိ၊ မရှိ၊ ကုမ္ပဏီ၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ယောက်တည်း အကျိုးရှိတာလား၊ နိုင်ငံသူနိုင်ငံသားတွေကို ထိခိုက်စေလား၊ နောက်ပြီး ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ပေါ်မှာ ဝင်ငွေခွန်ဆောင်ထားလား ဆိုတာကို အစိုးရပြန်လည်စိစစ်မယ်။ ဘယ်လုပ်ငန်းလုပ်လုပ် စီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်တယ်ဆိုပေမယ့် သဘာဝပတ်ဝန်းကျင်ကို အနည်းနဲ့အများတော့ ထိခိုက်မိမှာပဲ၊ အဲဒီထိခိုက်မှုတွေကို ပြန်လည်ကုစားဖို့ အစီအစဉ်တွေပါရမယ်။ အဲဒီအချက်တွေနဲ့ ကြီးကြပ်ဆောင်ရွက်နေပါတယ်" လို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆောက်လုပ်ရေးနဲ့ လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးဇာနည်အောင်က ပြောပါတယ်။

စက်မှုဥယျာဉ်ကြီးတစ်ခုလုံး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပိုင်း(၁)မှ (၆)အထိ Phase by Phase လုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့အပြင် Business နဲ့ Commercial ဆိုင်ရာလုပ်ငန်းများ၊ ဘဏ်များ၊ ဈေးဝယ်စင်တာများ၊ အဆင့်မြင့်အိမ်ရာများ၊ ဆေးရုံ၊ စာသင်ကျောင်းများနှင့် အများပြည်သူနားနေရန် နေရာများအပြင် နိုင်ငံတကာအဆင့်မီ ၁၈ ကျင်းပါ ဂေါက်ကွင်းလည်း အဆိုပါ စက်မှုဥယျာဉ်ထဲတွင်ပါဝင်တယ်လို့ သိရပါတယ်။

"စက်မှုဇုန်ဆိုပေမယ့် နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းရှိတယ်။ ဆေးရုံတွေရှိမယ်။ ကျောင်းတွေရှိမယ်။ ဈေးဆိုင်တွေ၊ အဆင့်မြင့်အိမ်ရာတွေ၊ စီးပွားရေးဇုန်တွေ၊ အများပြည်သူနားနေနိုင်တဲ့ နေရာတွေပါမယ်။ တကယ်တော့ မြို့သစ်တစ်မြို့ တည်တာပါပဲ" လို့ ၁၉၉၀ ခုနှစ် မန္တလေးစက်မှုဇုန် စတင်အကောင်အထည်ဖော်စဉ်က ဦးဆောင်ပါဝင်ခဲ့သူ လက်ရှိတွင် ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်းနဲ့ မြို့သာစက်မှုဥယျာဉ်စီမံကိန်းရဲ့(Developer)အဖြစ် ဆောင်ရွက်နေတဲ့ (MMID) အများပိုင်ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပြောပါတယ်။

စီမံကိန်းဧရိယာအတွင်း ရေဆိုးသန့်စင်စနစ်၊လမ်းကြီးလမ်းသွယ်နဲ့ သန့်ရှင်းတဲ့ရေ၊ လုံလောက်တဲ့ လျှပ်စစ်မီးရအောင်လည်းဆောင်ရွက်ထားရှိတယ်လို့ သိရပါတယ်။ ထို့အပြင် ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်းမှ မြို့သာစက်မှုဥယျာဉ်နှင့် စက်မှုဇုန်အတွင်းရှိဂေါက်ကွင်းသို့ ဧရာဝတီမြစ်ရေတင်သွယ်ယူ၍ စက်မှုဥယျာဉ်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ဆောင်ရွက်လျက်ရှိတယ်လို့ အဆိုပါ ကုမ္ပဏီမှသိရပါတယ်၊

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုဖွံ့ဖြိုးရေးရဲ့ အဓိကပဓာန အကျဆုံးဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကို အထူးဦးစားပေးဆောင်ရွက်ခဲ့တဲ့အတွက် ယခုဆိုလျှင် မိမိတို့လိုရာခရီးကို အလွယ်တကူ သွားလာနိုင်ပြီလို့ ဒေသခံများထံမှ သိရပါတယ်။

"ဟိုတုန်းက တောင်သူတွေ သီးနှံရောင်းချင်တယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးက မကောင်းတော့ ဖြစ်သလိုရောင်းဝယ်ကြရတယ်။ မြို့တက်ရောင်းမယ်ဆိုလည်း မြင်းခြံတစ်မြို့တည်းကနေ သွားရတာ၊လှည်းတစ်တန်ရထားတစ်တန်နဲ့ပေါ့။ ညအိပ်ရတာတွေရှိတယ်။ ခုဆို စီမံကိန်းက ဖောက်ထားတဲ့ လမ်းတွေကြောင့် ကားလမ်းကပွင့်နေပြီ။ မြင်းခြံဘက်တောင် မရောက်ဖြစ်တော့ဘူး။ မန္တလေးတို့ ရန်ကုန်တို့ သွားချင်ရင် နေ့ချင်းပြန်သွားလို့ရနေပြီ"လို့ ဒေသခံတစ်ဦးက ဆိုပါတယ်။

အဆိုပါ စီမံကိန်းဆောင်ရွက်စဉ်အခါက စီမံကိန်းလုပ်ငန်းများရဲ့ ဧရိယာအတွင်းပါဝင်တဲ့ မြေယာများနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသခံတောင်သူများ နစ်နာမှုမရှိစေရန် ဦးပိုင်ပေါက် လယ်ယာမြေတစ်ဧကလျှင် ကျပ်သိန်း ၂၀ နှုန်းနှင့် ဦးပိုင်မပေါက်သေးသော (မမြဲဦးပိုင်) မြေတစ်ဧကလျှင် ကျပ် ငါးသိန်းနှုန်းပေးအပ်ရန် သတ်မှတ်ခဲ့တယ်လို့ ငါန်းဇွန်မြို့နယ် အုပ်ချုပ်ရေးမှူးထံမှ သိရပါတယ်။

မြေယာနစ်နာကြေးများပေးခဲ့ရာတွင် အစပိုင်း၌ အဆင်ပြေချောမွေ့မှုများ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် တချို့တောင်သူများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကုမ္ပဏီတို့အကြား အငြင်းပွားမှုများဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။

"မြေယာလျော်ကြေးပေးတဲ့အခါ တကယ်က ဥပဒေအတိုင်းဆို စားကျက်မြေက ပေးစရာမလိုဘူး၊ အစိုးရအဖွဲ့ကတော့ ယာမြေကို တစ်ဧက သိန်း ၂၀နဲ့ဖြတ်လိုက်တယ်။ စားကျက်မြေကိုတော့ တစ်ဧက ငါးသိန်းနှုန်းထောက်ပံ့တာ၊ တောင်သူတွေက ရိုးသားတော့ ဘာတွေ ညာတွေမသိဘူး၊ သူရရင် ငါရ ရမယ် အဲလို၊ အဲဒီကြားထဲ ပွဲစားတွေကပါ တစ်ဧကသိန်း ၁၀၀၊ ၂၀၀ ပေးဝယ်တော့ အဲဒီမှာ အငြင်းပွားနေတဲ့ ပြဿနာက ပိုပြီးကြီးထွားလာတာပါ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း အကောင်းဆုံးဖြစ်အောင် စီစဉ်နေပါတယ်"လို့ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ပြောပါတယ်။

"မြေယာနစ်နာကြေး တိုင်းဒေသကြီးအစိုးရကပေးမယ်ပြောတော့ တောင်သူတွေက ထုတ်ယူတာ တစ်ခဲနက်ပဲ၊ တောင်သူတော်တော်များများကတော့ ဒီဇုန်ကြီးကိုဖြစ်စေချင်ပါတယ်။ တချို့တလေပဲ မကျေနပ်တာပါ"လို့ မြို့သာဒေသခံတစ်ဦးက ပြောပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အစိုးရသစ်၏ မူဝါဒအရ နိုင်ငံသူနိုင်ငံသားများ နစ်နာမှုမရှိစေရေးကို အလေးထားဆောင်ရွက်နေတဲ့အတွက် မြေယာလျော်ကြေးငွေများနဲ့ ပတ်သက်ပြီး ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များကို သေချာစိစစ်တင်ပြဆောင်ရွက်သွားဖို့ မှာကြားထားပြီးဖြစ်တယ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးဇာနည်အောင်ထံမှ သိရပါတယ်။

"မြေယာနစ်နာကြေးက တောင်သူ ၉၅ ရာခိုင်နှုန်းလောက်ပေးပြီးသွားပါပြီ။ ငါးရာခိုင်နှုန်းလောက်ပဲ ကျန်တော့တယ်။ ထုံးစံအတိုင်းပေါ့ ဘိုးဘွားတွေရဲ့ အမွေကို မစွန့်လွှတ်ချင်လို့ ဒါပါပဲ။ အဲဒါတွေကိုတော့ အများပြည်သူနှုန်းအတိုင်းယူမယ်ဆိုရင်တော့ ချက်ချင်းသတ်မှတ်နှုန်းအတိုင်းပေးအပ်သွားဖို့ ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအမံအတိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" လို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးစိုးမြင့်က ပြောပါတယ်။

**စာမျက်နှာ ၁၁ သို့**



ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်းတွင် တန် ၅၀ မ ချိန်နိုင်သည့် ကရိန်းဖြင့် ကုန်တင်ကုန်ချလုပ်နေသည်ကို တွေ့ရစဉ်။

စာမျက်နှာ ၁၀ မှ

စီမံကိန်းတစ်ခု အကောင်အထည်ဖော်ပြီဆိုပါက ပတ်ဝန်းကျင်ဒေသရှိ အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်လာပုံကို "ဒီဒေသမှာ အရင်မြေဈေးက ဘာမှကိုမရှိတာ တစ်သိန်းခွဲ၊ နှစ်သိန်းခွဲပဲရှိခဲ့တာ။ စိုက်ပျိုးကောင်းတဲ့မြေမှ ငါးသိန်းလောက်ရှိတာ။ ခုဆို အမြို့မြို့အနယ်နယ်က ပွဲစားတွေက ဆင်းဝယ်ကြတယ်။ အခုဆို ကားလမ်းနဲ့အဝေးဆုံးမြေတောင် သိန်း ၃၀၊ ၄၀၊ ကားလမ်းဘေးဆိုရင်တော့ သိန်းကို ရာနဲ့ချီနေတယ်"လို့ ဆီမီးခုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထင်က ပြောပါတယ်။

ဆီမီးခုံနဲ့ မြို့သာကိုလည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြို့နယ်အဆင့်ထိ တိုးမြှင့်ပေးဖို့ သက်ဆိုင်ရာကို တင်ပြသွားမယ့် အစီအစဉ်တွေရှိတယ်လို့ ဒေသခံအုပ်ချုပ်ရေးမှူးများထံက သိရပါတယ်။

ထို့အပြင် စက်မှုဥယျာဉ်ဧရိယာ၊ ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းဧရိယာနှင့် PLR လမ်းဖောက်လုပ်ရေး ဧရိယာများအတွင်း မြေယာထောက်ပံ့ကြေးလက်ခံရယူပြီးသောတောင်သူ ၁၇၄၆ ဦးအတွက် စက်မှုဥယျာဉ်မြေ ဧရိယာအတွင်း နေရာသတ်မှတ်၍ ပေ (၆၀× ၈၀)မြေကွက်များကို အခမဲ့ပေးအပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ထားရှိတယ်လို့ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရပါတယ်။

ထို့အပြင် စက်မှုဇုန်နှင့် ၁၁ မိုင်အကွာတွင်ရှိသည့် ဧရာဝတီ-ဆီမီးခုံဆိပ်ကမ်းတွင် ဧရိယာအကျယ် ၃၈၁ဧက၊ မျက်နှာစာ ၁ ဒသမ ၅ ကီလိုမီတာရှိသည့် မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ပေါ်၌ ပထမဆုံးသော တန် ၅၀ မချီနိုင်သည့် Pontoon Crane Barge တစ်ခုကို ဆောင်ရွက်ထားပြီး အဆိုပါ Pontoon Crane Barge သည် 40 ft Container အထိ ကုန်တင်ကုန်ချလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီဖြစ်တယ်လို့ MMID ကုမ္ပဏီမှ သိရပါတယ်။

မြစ်အောက်ကြမ်းပြင် စမ်းသပ်ခြင်းများအပြင် အခြားသော တည်ဆောက်ရေးအပိုင်းတွေမှာ နိုင်ငံတကာပညာရှင်တွေနဲ့ တည်ဆောက်ထားတဲ့ ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းဟာ မြစ်ဆိပ်ကမ်းဖြစ်တဲ့အတွက် ပင်လယ်ကူးသင်္ဘောကြီးတွေ မဆိုက်ကပ်နိုင်ပေမယ့် မြစ်ကြောင်းပြောင်းလဲမှုမရှိတဲ့အပြင် ၁၂ ရာသီပတ်လုံး ကုန်တင်၊ ကုန်ချပြုလုပ်လို့ရတဲ့အတွက် ကုန်စည်စီးဆင်းမှုမြန်ဆန်လာပြီး ဒေသခံတွေနဲ့ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ စက်ရုံအလုပ်ရုံတွေအတွက် တကယ့်ကို အကျိုးဖြစ်ထွန်းစေမယ့် ဆိပ်ကမ်းတစ်ခုဖြစ်လာလိမ့်မယ်လို့ ဆီမီးခုံဆိပ်ကမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ လုပ်သက် ၃၅ နှစ်အတွေ့အကြုံရှိ မန်နေဂျာ ဦးစိုးလှိုင်က သူ့အမြင်ကိုပြောပါတယ်၊

" ကုန်တင်၊ ကုန်ချလုပ်မယ့် ဆိပ်ကမ်းတစ်ခုတည်းမဟုတ်ဘူး၊ ဒေသခံတွေ သွားလာမှုအဆင်ပြေအောင် လူအများစုသွားလာနိုင်တဲ့ သင်္ဘောဆိပ်လည်းပါမယ်။ နောက်ပြီး ဒီဆိပ်ကမ်းမှာ အသားငါးသိုလှောင်တဲ့ အအေးခန်းတွေ၊ သစ်သီးဝလံထားသိုနိုင်တဲ့နေရာတွေ၊ ဂါလန်သိန်းဂဏန်းလောက်ဆံ့တဲ့ ဆီလှောင်ကန်တွေပါမယ်။ ပြည်တွင်းသာမကဘူး၊ ပြည်ပကို တင်ပို့တဲ့အခါမှာလည်း အဆင်ပြေမှာပါ"လို့ ဆီမီးခုံ ဆိပ်ကမ်းတာဝန်ခံ အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးဝင်းက ပြောပါတယ်။

စီမံကိန်းစတင်အကောင်အထည်ဖော်ခဲ့သည့် မူလအခြေအနေအရ စတင်အကောင်အထည်ဖော်သည်မှ တစ်နှစ်ကျော်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဟု မျှော်မှန်းထားခဲ့သော်လည်း လက်တွေ့တွင် ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာခြင်းမရှိသည့်အတွက် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဆောင်ရွက်ခဲ့ရတယ်လို့ MMID ကုမ္ပဏီမှ သိရပါတယ်။

" အခုတော့ နိုင်ငံခြား ကုမ္ပဏီ လေးခုလောက်ဝင်လာပါပြီ။ လောလောဆယ် စက်တင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှုက ပြည်တွင်း၊ ပြည်ပ အားလုံးပေါင်းရင် ၉၅ ဘီလီယံလောက်ဝင်လာပြီ၊ ဒေါ်လာနဲ့တွက်ရင် ၈၆ မီလီယံဒေါ်လာလောက်ရှိပြီဆိုတော့ အရှိန်လေးတော့ရလာပါပြီ"လို့ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပြောပါတယ်။

မြို့သာ စက်မှုဥယျာဉ်အတွင်းတွင် ယခုအခါ ရာနှုန်းပြည့် ပြည်ပသို့တင်ပို့မည့် Lotus ကုမ္ပဏီ အထပ်သားစက်ရုံ၊ မြန်မာ-ထိုင်း ဖက်စပ်ကွန်ကရစ်တိုင်စက်ရုံနှင့် JAPHA Feed Mill မွေးမြူရေး အစာစပ်စက်ရုံတို့မှာ လုပ်ငန်းစတင်နေပြီဖြစ်ပြီး Yunan Dingwan Food ကုမ္ပဏီမှလည်း ဘီစကွတ်စက်ရုံဖွင့်လှစ်ရန် ဝန်ထမ်းများခေါ်ယူနေပြီဖြစ်ပြီမကြာခင်မှာ လုပ်ငန်းလည်ပတ်တော့မှာဖြစ်တယ်လို့ အဆိုပါကုမ္ပဏီမှ သိရပါတယ်။

မြို့သာစက်မှုဥယျာဉ်စီမံကိန်းနှင့် ဆီမီးခုံဆိပ်ကမ်း (ဧရာဝတီ)စီမံကိန်းသည် ဒေသတွင်းပထဝီဆိုင်ရာ ဆက်သွယ်မှုဆိုင်ရာ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ထိုင်း၊ တရုတ်၊ အိန္ဒိယစသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် အာဆီယံလမ်းမကြီးများ အနီးတွင်တည်ရှိကာ မြို့သာစက်မှုဥယျာဉ်မှ နိုင်ငံတကာလေဆိပ် တံတားဦးသို့ ၂၈မိုင် မန္တလေးသို့ ၃၆ မိုင်သာ ကွာဝေးပြီး တိုက်ရိုက်သွယ်သည့် လမ်းမကြီးများကိုလည်း Master Plan ရေးဆွဲထားပြီးဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါစီမံကိန်း ပြီးစီးပါက မြန်မာပြည်အရပ်ရပ်ကို ကုန်းလမ်းနဲ့ ဆက်သွယ်သွားလာနိုင်ခြင်း၊ ဆီမီးခုံဆိပ်ကမ်းမှတစ်ဆင့် သင်္ဘောရေယာဉ်များနှင့် ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်းတို့ကို အသုံးပြုဆက်သွယ်နိုင်ခြင်းတို့အပြင် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်လည်း အလှမ်းမကွာဝေးသည့်အတွက် လေကြောင်းအသုံးပြုနိုင်ခြင်းနှင့် အာဆီယံဆိုင်ရာ နိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမြန်လမ်းမကြီး၏ အနီးဆုံးနေရာတွင်တည်ရှိတဲ့အတွက် မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်သို့ လည်းကောင်း၊ အိန္ဒိယ၊ တရုတ်နိုင်ငံများသို့လည်းကောင်း အလွယ်တကူသွားလာနိုင်သည့်အတွက် ဒေသခံပြည်သူများအတွက် အခွင့်အလမ်းကောင်းများသာမက မြန်မာနိုင်ငံအလယ်ပိုင်းဒေသအတွက် စီးပွားရေးအချက်အချာကျသော ဒေသတစ်ခုဖြစ်လာတော့မှာပါ။

ယခင်က သက်ငယ်မိုး၊ ဝါးထရံကာအိမ်များဖြင့်နေခဲ့ရာမှ ယခုအခါ သွပ်မိုး၊ အုတ်ကာ၊ နံကပ်အိမ်များဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါများလာပြီဖြစ်တယ်လို့ ဆီမီးခုံဆိပ်ကမ်းတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နေသည့် ဦးပျိုအုပ်က ပြောပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မိုးခေါင်ရပ်ဝန်းဒေသမှာ နေထိုင်တဲ့ အသက် ၇၀ နီးပါးရှိပြီဖြစ်တဲ့ ဒေသခံဦးဝင်းအောင်က နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းနဲ့အတူ နိုင်ငံတကာက ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုတွေကြောင့် အရင်ကမိုးခေါင်ရေရှားရပ်ဝန်းဖြစ်ခဲ့တဲ့ ဒီဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းများနဲ့အတူ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးစတဲ့ လူမှုဘဝများ တိုးတက်မြင့်မားလာမယ့်အရေးကို မျှော်တွေးပြီး " စိတ်ချမ်းမြေ့နေရတယ်" လို့ ဆိုပါတယ်။



# ရေငန်ပုစွန်သားဖောက်လုပ်ငန်းမှာ မောင်တောဒေသ၏ အဓိကကျသောစီးပွားရေးလုပ်ငန်း ဖြစ်လာနိုင်

**မောင်တော နိုဝင်ဘာ ၈**

မောင်တောခရိုင်အတွင်း၌ ရေငန်ပုစွန် သားဖောက်လုပ်ငန်းလုပ်ကိုင်မှုမှာ ဧက ၁၅၆၀၀ ကျော်ရှိပြီး ထိရောက်စွာ လုပ်ကိုင်နိုင်မည်ဆိုပါက မောင်တောဒေသ၏ အဓိကကျသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာနိုင်ကြောင်း မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ပြောကြားသည်။

"မောင်တောခရိုင်အတွင်းမှာ လူဦးရေ ရှစ်သိန်းကျော်ရှိပါတယ်။ ခရိုင်အတွင်း ငါးထုတ်လုပ်မှုကတော့ ပိဿာချိန်ပေါင်း နှစ်သိန်းကျော်ရှိပါတယ်။ ခရိုင်အတွင်း ငါးထုတ်လုပ်မှုနဲ့ လူဦးရေအချိုးအစား ကြည့်မယ်ဆိုရင် မဖူလုံပါဘူး။ ဒီဒေသက လူတွေ ငါးစားသုံးမှုပိုမိုလာဖို့ ငါးမွေးမြူရေးလုပ်ငန်းအပိုင်းကနေပြီးတော့ ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ ငါးထုတ်လုပ်မှုပိုမိုလာအောင် မျိုးသားပေါက်တွေ ထုတ်လုပ်မယ်။ ကန်တွေနိမ့်တာကို ဘက်ဟိုးတွေနဲ့ တူးဖော်ပြီး ပင်လယ်ရေတက်လာတဲ့ အချိန်မှာ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်တာတွေကနေ ကာကွယ်နိုင်ဖို့ ကန်တွေကို မြင့်ပေးမယ်ဆိုရင် တစ်ဧကကို ၃၀၀၊ ၄၀၀ ထွက်လာနိုင်ပါတယ်။ ဒီဒေသမှာဖူလုံပြီးတော့ တစ်ဖက်နိုင်ငံကို တင်ပို့တဲ့အခါမှာလည်း တန်ဖိုးမြင့်တဲ့ ကုန်ပစ္စည်းတွေ ရသင့်တဲ့ဈေးပိုရအောင် အအေးခန်းစက်ရုံတွေ ကောင်းမွန်အောင်လုပ်ပေးမှ နိုင်ငံခြားဝင်ငွေလည်း ရမှာဖြစ်ပါတယ်"ဟု ဦးနိုင်ဝင်းသိန်းက ဆက်လက်ပြောကြားသည်။

အလယ်သံကျော် ရေငန်ပုစွန်သားဖောက်စခန်းမှ ဦးထင်အောင်လင်းကလည်း "ကျွန်တော်တို့ ဒီစခန်းမှာတော့ ၁၉၉၉-၂၀၀၀ မှာ စပြီးတော့ တည်ထောင်ခဲ့ပါတယ်။ နှစ်စဉ်သားဖောက်ထုတ်လုပ်ပြီး ရေငန်ပုစွန်မွေးမြူရေးကန်တွေကို ဖြန့်ဝေတယ်။ ၂၀၁၂ နောက်ပိုင်းမှာ ယာယီရပ်ဆိုင်းခဲ့ရပါတယ်။ ၂၀၁၆-၂၀၁၇ မှာတော့ လုပ်ငန်းပြန်စဖို့ ဘတ်ဂျက်လည်း ကျထားပြီးပါပြီ။ ပုစွန်ရာသီကလည်း နိုဝင်ဘာ၊ ဒီဇင်ဘာမှ စတာပါ။ မောင်တောဒေသမှာဆိုရင် ရေငန်ပုစွန်ထုတ်လုပ်မှု တော်တော်များပါတယ်။ ရေငန် ပုစွန်သားဖောက်စခန်းတွေအနေနဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ နယ်နိမိတ်ချင်း ဆက်စပ်နေတဲ့ဒေသမှာ မရှိမဖြစ်ရှိသင့်တဲ့ လုပ်ငန်းတစ်ခုလို့မြင်ပါတယ်။ မောင်တောဒေသက ထွက်တဲ့ပုစွန်တွေကို စစ်တွေခရိုင်ဘက်ကိုလည်း ဖြန့်ဖြူးပါတယ်။ ရေငန်ပုစွန်ဟာ စီးပွားရေးဈေးကွက် အရလည်း အကျိုးရှိတဲ့လုပ်ငန်းတစ်ခုပါ။ မွေးမြူသူတွေအတွက်လည်း အကျိုးဖြစ်ထွန်းပါတယ်"ဟု ပြောပြသည်။

ရခိုင်ပြည်နယ်အတွင်း၌ ရေငန်ပုစွန်သားဖောက်စခန်း များစွာရှိပြီး ပင်လယ်နှင့် နီးစပ်သည့်အတွက် ရောဂါကျရောက်မှုနည်းပါးကြောင်း၊ ရေငန်ပုစွန်မွေးမြူရေးအတွက် အစာ၊ ဆေးဝါးစသည့် လိုအပ်သည်များ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲရှိသော်လည်း လျှပ်စစ်မီးမရရှိသည့်အတွက် စက်သုံးဆီဖြင့် အသုံးပြုရသော အင်ဂျင်များကိုသာ အများဆုံး အသုံးပြုရခြင်းကြောင့် အင်ဂျင်မှ ထွက်သည့် အငွေ့များက ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် အန္တရာယ်ရှိသော်လည်း မကြာမီလျှပ်စစ်ဓာတ်အားရရှိရေး အစီအမံများ ဆောင်ရွက်နေကြောင်း ကြားသိရသည့်အတွက် ဒေသခံပြည်သူများမှာ မျှော်လင့်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံစက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း တိုင်းပညာရေးမှူးရုံး ရှေ့မှ တာထွက်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ထို့နောက် အမျိုးသားပထမဆုရ မောင်ချစ်မင်းသက် (ရွှေတောင်မြို့နယ်)၊ ဒုတိယဆုရ မောင်နေရှိုင်းဦး (ရေတာရှည်မြို့နယ်)၊ တတိယဆုရ မောင်အောင်သက်ပိုင် (လက်ပံတန်းမြို့နယ်)တို့ကလည်းကောင်း၊ အမျိုးသမီး ပထမဆုရ မသဲစုပိုင် (ဇီးကုန်းမြို့နယ်)၊ ဒုတိယဆုရ မခိုင်ရတနာဖူးငုံသူ (ပဲခူးမြို့)၊ တတိယဆုရ မငုဝါ (ထန်းတပင်မြို့နယ်) တို့အား ပဲခူး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကျောင်းသား ၈၀နှင့် ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(မောင်မောင်ဇော်)**




ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်၍ အသိပညာရရှိစေရန် ပျဉ်းမနားမြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဇေလတ်မျိုးနှင့် ဝန်ထမ်းများက ပျဉ်းမနားမြို့၏ အဓိကကျသော လူစည်ကားရာနေရာများနှင့် ထရန်စဖော်မာဝင်းခြံများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးပိုစတာများအားကပ်၍ အပတ်စဉ် ဆောင်ရွက်နေစဉ်။

**(၁၀၇)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်(ရွှေဈေး) ၈၈၀၀၀၀ - ၈၈၀၀၀၀ မန္တလေး(ရွှေဈေး) ၈၈၀၀၀၀ - ၈၈၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၆၅၀/၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၉၀/ ၇၀၅ ကျပ်၊ | ၇၇၀/ ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၅ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၅၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၁၈. ၆ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၉. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၆၂ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၆၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၇၁၄ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၀. ၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၀၄ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၃. ၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# အလှမယ်တစ်ဦးရဲ့ ခန္ဓာကိုယ်အချိုးအစားကို ဂရုတစိုက်ထိန်းသိမ်းနေရတယ်လို့ ဆိုလာတဲ့ အိုယွန်းဂျီအွန်း

တောင်ကိုရီးယားထိပ်တန်းမင်းသမီးတစ်ဦးအဖြစ် ရပ်တည်နေတဲ့ သရုပ်ဆောင်အိုယွန်းဂျီအွန်းက သူ့အနေနဲ့ တောင်ကိုရီးယားရဲ့ အလှမယ်တစ်ဦးဖြစ်ခဲ့တဲ့အတွက် အလှမယ်တစ်ဦးရဲ့ခန္ဓာကိုယ် အချိုးအစားကို ထိန်းထားနိုင်ဖို့ အပြင်းအထန်ကြိုးပမ်းခဲ့ရကြောင်း ဖွင့်ဟခဲ့ပါတယ်။

SBS ရုပ်သံလိုင်းက ရိုက်ကူးတင်ဆက်တဲ့ ရုပ်သံအစီအစဉ် တစ်ခုမှာ ယွန်းဂျီအွန်းက သူဟာ လွန်ခဲ့တဲ့ ၂၇ နှစ်က နိုင်ငံအဆင့် အလှမယ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး ယခုအခါ သူ့ရဲ့ အသက်မှာ (၅၀)ပြည့်လုပြည့်ခင်ဖြစ်နေပေမယ့် ပရိသတ်တွေကတော့ သူ့ကို လွန်ခဲ့တဲ့ ၂၇ နှစ်ကအတိုင်း တွေ့မြင်လိုနေဆဲ ဖြစ်တယ်လို့လည်း ရင်ဖွင့်ခဲ့ပါတယ်။

ဆက်လက်ပြီး ယွန်းဂျီအွန်းက ခန္ဓာကိုယ်အချိုးအစားကို ထိန်းထားဖို့ အလုပ်တွေကို ပြင်းပြင်းထန်ထန်လုပ်ကာ အစားကိုတော့ ကောင်းကောင်းစားခဲ့ကြောင်း၊ ဒါပေမယ့် အသက်အရွယ်ရလာတဲ့အခါ ကိုယ်အလေးချိန်လျှော့ချဖို့လုပ်ဆောင်ရတာဟာ ငယ်ရွယ်စဉ်ကလို မလွယ်ကူတော့ကြောင်းနဲ့ လမ်းလျှောက်သွားတဲ့အခါတိုင်းလည်း တစ်ယောက်ယောက်က ကိုယ့်ကိုစောင့်ကြည့်ဝေဖန်နေတယ်လို့ ခံစားရကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

ယွန်းဂျီအွန်းဟာ ၁၉၈၉ ခုနှစ်က ကျင်းပခဲ့တဲ့ (၃၃)ကြိမ်မြောက် တောင်ကိုရီးယားအလှမယ်ပြိုင်ပွဲမှာ "First Runner-up" ဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။

# MTV EMA မှာ ဆုအများဆုံးရရှိခဲ့တဲ့ ဂျက်စတင်ဘီဘာ



၂၀၁၅ ခုနှစ် ဥရောပတေးဂီတ ဆုပေးပွဲမှာ တွေ့ရတဲ့ ဂျက်စတင်ဘီဘာ

နယ်သာလန်နိုင်ငံမှာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့တဲ့ ဥရောပရဲ့အထင်ကရဆုပေးပွဲတစ်ခုဖြစ်တဲ့ ဥရောပ တေးဂီတဆုပေးပွဲ "MTV EMA" (MTV Europe Music Award) မှာ ကနေဒါလူမျိုး ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက ဆုပေါင်းသုံးဆုရရှိခဲ့ကာ ယင်းဆုပေးပွဲမှာ ဆုအရေအတွက် အများဆုံးရရှိခဲ့တဲ့ တေးသံရှင် တစ်ဦးဖြစ်ခဲ့ကြောင်း ဖရီဒါရစ်ဘက်ဂျ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျက်စတင်ဘီဘာဟာ ယင်းဆုပေးပွဲမှာ ဆုငါးဆု အတွက် အမည်စာရင်း ထည့်သွင်းဖော်ပြခြင်းခံခဲ့ရတာ ဖြစ်ပြီး ယင်းတို့အနက်ကမှ ဆုသုံးဆုကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ "Sorry" တေးသီချင်းနဲ့ အကောင်း ဆုံးတေးသီချင်းဆုကိုရရှိခဲ့တဲ့အပြင် "Best Canadian Act" ဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဂျက်စတင်ဘီဘာဟာ မကြာသေးမီက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတွေကို ဖျက်သိမ်းခဲ့ပေမယ့် ဘီဘာပရိသတ်တွေရဲ့ အွန်လိုင်းက တစ်ဆင့်ထောက်ခံမဲပေးခဲ့မှုတွေကြောင့် "Biggest Fans" ဆုကိုလည်း အရယူနိုင်ခဲ့ပါတယ်။

ယခုနှစ်မှာ ကျင်းပခဲ့တဲ့ (၂၃)ကြိမ်မြောက် အဆိုပါ ဆုပေးပွဲအပြီးမှာတော့ ဂျက်စတင်ဘီဘာဟာ ဆုအရေ အတွက် စုစုပေါင်း ၂၀ ဆုရထားပြီးဖြစ်ကာ ယင်းဆုပေး ပွဲရဲ့ သမိုင်းတစ်လျှောက် ဆုအများဆုံးပိုင်ဆိုင်ခဲ့တဲ့ တေးသံရှင်ဖြစ်လာခဲ့ပါတယ်။

ဒါပေမယ့် ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ ယခုနှစ်ဆုပေးပွဲကို တက်ရောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဂျက်စတင်ဘီဘာကဲ့သို့ ဆုတက်ရောက်လက်ခံခဲ့ခြင်းမရှိတဲ့ ကြယ်ပွင့်တွေများစွာရှိခဲ့ပြီး ယင်းတို့ထဲမှာ ပေါ့ပ်ဘုရင်မ လေဒီဂါဂါလည်း ပါဝင်ကြောင်း သိရပါတယ်။

# ရှန်ဟိုင်းမှာ ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့တဲ့ ဂျက်စီကာ



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဂျက်စီကာဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၅ ရက်မှာ တရုတ်နိုင်ငံ ရှန်ဟိုင်းမှာရှိတဲ့ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ ဂျက်စီကာက တေးဂီတအဖွဲ့က နုတ်ထွက်ခဲ့ပေမယ့် သူ့ရဲ့ အဆိုနဲ့ အကစွမ်းရည်တွေဟာ ကျဆင်းသွားခဲ့ခြင်းမရှိတာကို သက်သေပြတဲ့အနေနဲ့ တေးသီချင်းတွေနဲ့ ကပြဖျော်ဖြေခဲ့ပါတယ်။ ယင်းဖျော်ဖြေမှုတွေအနက် ထူးခြားတဲ့ ဖျော်ဖြေမှုကတော့ ဂျက်စီကာက ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်နဲ့ ဒစ်စစ်ပဲလ်စ်တို့ရဲ့ တေးသီချင်း "How Deep is Your Love" ကို သီဆိုဖျော်ဖြေခဲ့ရာ ပရိသတ်တွေရဲ့အာရုံကို အထူးစွဲဆောင်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

ဂျက်စီကာဟာ အဖွဲ့ကနေနုတ်ထွက်ပြီးတဲ့နောက် တစ်ကိုယ်တော်တေးသံရှင် တစ်ဦးအဖြစ်ရပ်တည်ခဲ့ပြီး ဖက်ရှင်လောကအတွင်းသို့လည်း ခြေဆန့်ခဲ့ရာ အနုပညာ နယ်ပယ်နှစ်ခုစလုံးမှာ အောင်မြင်မှုတွေကို ရယူထားနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

# သရုပ်ဆောင်တစ်ဦးအဖြစ်တွေ့မြင်ရတော့မယ့် ဇေမာလိခ်

"One Direction" ကနေ နုတ်ထွက်သွားခဲ့တဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေမာလိခ်ဟာ တေးသံရှင်ကောင်းတစ်ဦးအဖြစ် အများကလက်ခံအားပေးခြင်း ခံခဲ့ရသူဖြစ်ပါတယ်။ ဂီတလောကမှာ အောင်မြင်ခဲ့တဲ့သူက ယခုအခါမှာတော့ ရုပ်သံအစီအစဉ်တစ်ခုမှာ ပါဝင်သရုပ်ဆောင်ရင်း သူ့ရဲ့အနုပညာနယ်ပယ်ကို ချဲ့ထွင်သွားဖို့စီစဉ်ထားကြောင်း သယ်မစ်ရာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဇေဟာ "Boys" လို့ အမည်ပေးထားတဲ့ အောင်မြင်တဲ့အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ကို ကြိုးပမ်းတည်ထောင်ခဲ့ပုံကို ရိုက်ကူးတင်ဆက်သွားမယ့် အဆိုပါ ရုပ်သံအစီအစဉ်မှာ ပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးက ဇေဟာ ယင်းရုပ်သံအစီအစဉ်အတွက် အပိုင်း နှစ်ပိုင်းစာ ပါဝင်ရိုက်ကူးပေးဖို့ ထုတ်လုပ်သူတွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်နေ ပြီဖြစ်ကြောင်း သယ်ဆန်းသတင်းစာကို ပြောကြားခဲ့ပါတယ်။

ဇေဟာယခင်ကတည်းက သရုပ်ဆောင်ဖြစ်ချင်သူတစ်ဦးဖြစ်ကာ ယခုအကြိမ်မှ အခွင့်အရေးကောင်းကို ရရှိခဲ့တာဖြစ်ပါတယ်။ ဟောလိဝုဒ် ကြယ်ပွင့်တစ်ဦးဖြစ်ချင်ခဲ့တဲ့ ဇေရဲ့အိပ်မက်ဟာ ၂၀၁၀ ခုနှစ် "The XFactor" ပြိုင်ပွဲကြီးအပြီးမှာတော့ ဗြိတိန်တေးဂီတအဖွဲ့ "One Direction" ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အကောင်အထည်ပေါ်လာခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ ဇေဟာ သာမန်လူတစ်ဦးရဲ့ ဘဝမျိုးနဲ့ နေထိုင်လိုတဲ့ ဆန္ဒကြောင့် တေးဂီတအဖွဲ့ကို ကျောခိုင်းခဲ့ပါတယ်။ အဖွဲ့ကနုတ်ထွက်ပြီးတဲ့နောက် သူ့ရဲ့ဘဝဟာ ခက်ခဲခဲ့ကြောင်းနဲ့ ဝေဖန်မှုတွေကြောင့် လူအများကြား သွားလာဖို့တောင် မဝံ့မရဲဖြစ်ခဲ့ရကြောင်းလည်း ပေါ့ပ်ကြယ်ပွင့်က ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာ ဇေမာလိခ်ဟာ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဂျီဂျီဟာဒီနဲ့ ချစ်သူတွေအဖြစ်လက်တွဲခဲ့ကာ တစ်ကိုယ်တော် တေးအယ်လ်ဘမ် သစ်တစ်ခုကိုလည်း ထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## မြဝတီရုပ်မြင်သံကြား

**၉-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၁၂း၁၅ | DVD Hits |
| ၇း၁၆ | မေတ္တာပို့ | ၁၂း၂၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၇း၂၀ | ဓမ္မပူဇာတေး | ၁၂း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၄း၂၅ | ရှေးဟောင်းသုတ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ | ၄း၅၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၈း၁၅ | မွေးမြူသုတ | ၆း၁၅ | Top Magic |
| ၈း၃၀ | DVD Hits | ၆း၃၅ | Meet Whith The Celebrities |
| ၈း၄၅ | ဇာတ်လမ်းတို | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၉း၁၅ | သူနှင့်သူ၏သီချင်းများ | | - မစ္စကိုရီးယား |
| ၉း၃၅ | အမှတ်တရနေ့ရက်လေးများ | | အပိုင်း(၂၃) |
| ၁၀း၁၀ | Made In Myanmar | | -VOAအင်္ဂလိပ်စာသင်ခန်းစာ |
| ၁၀း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး | | -ရယ်စရာပျော်စရာဟာသကမ္ဘာ |
| ၁၀း၃၅ | Journal Talk | | -ယနေ့ညအတွက်မြဝတီ၏ |
| ၁၀း၅၀ | သီချင်းလက်ဆောင် | | တေးလက်ဆောင် |
| ၁၁း၂၅ | ကျန်းမာသုတ | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၁၁း၄၀ | Sport Review | | -ရွှေရောင်ကြက်ခြေခတ်များ |
| ၁၂း၀၀ | ခရီးလည်းသွားစကားလည်ဆို | | အပိုင်း(၁၇) |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၉-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | "နှလုံးလှလူငယ် ပရဟိတအသင်း" |
| ၈း၄၅ | "Referee of Football" |
| ၉း၃၅ | ပြည်သူ့နီတိ "ထမင်းဝိုင်း" (ဇာတ်သိမ်း) (နွဲ့နွဲ့စန်း၊ ဝင်းမြိုင်၊ ပန်းသော်တာ၊ ပေါ်လေး၊ အိမ့်ကြာဖြူ) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၀း၃၅ | "ကြယ်တွေစုံတဲ့ည" |
| ၁၁း၁၅ | "ဖတ်ရှုလေ့လာကျင့်ကြံဖို့ရာ ယောနသံစင်ရော်ကျမ်းစာအုပ်မှာ" |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၂၈) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ"(အပိုင်း-၃၆) |
| ၂း၁၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ(အကယ်ဒမီလူမင်း) |
| ၂း၃၅ | Sunday Talk |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃၇) |
| ၄း၃၅ | Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း) |
| ၄း၁၅ | "၂၀၁၆ ခုနှစ် အာဆီယံချန်ပီယံရှစ် ဆူဇူကီးဖလားပြိုင်ပွဲကို သန့်ရှင်း မျှတစွာ အားပေးကြပါစို့" |
| ၅း၃၅ | NHK Programme "လှိုင်းများ ကို နားလည်ကြည့်ခြင်း"(အလင်းလှိုင်းများ) |
| ၅း၄၅ | "စားသုံးရာဝယ်ဂရုပြုကြမယ်" |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျွန်မအမှုတော့ရှုံးပါပြီ ရှေ့နေကြီးရယ်" (ညီညီမင်း၊ ကေကေ မိုးမြင့်၊ ရှိုန်း၊ ပိုင်ဇေ၊ ဘုန်းကျော်) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃၈) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် "ဦးဖြိုးမင်းသိန်းနှင့်တွေ့ဆုံခြင်း" (အပိုင်း-၃) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃၇) -သုခုမရင်ခွင်အငြိမ့်သဘင် "ရင်သွေးငယ်လေးများအငြိမ့်" (မင်းသမီး-ဇာလီထက်၊ လူရွှင်တော်-သော်ဘုန်းဆက်၊ ဇူကျို၊ ကောင်းထက်ဇော်၊ သတိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# နောက်၁၀စုနှစ်တစ်ခုရောက်မှသာ ကစားသမားဘဝက အနားယူမယ့် စီရိုနယ်လ်ဒိုနဲ့ မျက်မှန်

စီရိုနယ်လ်ဒိုက ရီးယဲလ်နှင့် ၂၀၂၁ ခုနှစ် သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို နိုဝင်ဘာ ၆ ရက်က လက်မှတ်ရေးထိုးပြီး ဒီကိစ္စရပ်နဲ့ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့ရာ ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ် ကိုယ်တိုင် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဒီအခမ်းအနားကို စီရိုနယ်လ်ဒိုဟာ မျက်မှန်အဖြူအကြည်တပ်ဆင်ပြီး စတိုင်သစ်တစ်မျိုးနဲ့ တက်ရောက်ခဲ့လို့ သူ့ပရိသတ်တွေအတွက် အမြင်အသစ်အဆန်းဖြစ်စေခဲ့ပါတယ်။

အမျိုးသမီး ပရိသတ်အများစုက စီရိုနယ်လ်ဒိုရဲ့ အခုလို လူကြီးလူကောင်းဆန်တဲ့ သွင်ပြင်ပုံစံကို နှစ်သက်သဘောကျတဲ့ မှတ်ချက်တွေ တွစ်တာစာမျက်နှာပေါ်က တစ်ဆင့် ဖော်ပြကြပေမယ့် အမျိုးသားတွေကတော့ စီရိုနယ်လ်ဒိုဟာ သူ့ရဲ့ အလွတ်တည်ကန်ဘောစွမ်းရည်နှုန်းကို သဘောပေါက်လာတာကြောင့် မျက်မှန်တပ်ဆင်လိုက်ရတာဖြစ်တယ်လို့ လှောင်ပြောင်ရေးသားခဲ့တာကို တွေ့ရပါတယ်။

စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်နောက်ဆုံးချုပ်ဆိုခဲ့တဲ့ စာချုပ်သက်တမ်းဟာ ၂၀၁၈ ခုနှစ် ဇွန်လမှာ ကုန်ဆုံးမှာဖြစ်ပေမယ့် အခုချုပ်ဆိုခဲ့တဲ့ စာချုပ်သစ်ကြောင့် ၂၀၂၁ ခုနှစ် ဇွန်လအထိ ရီးယဲလ်မှာ ဆက်ရှိဖို့တော့ သေချာသွားပြီဖြစ်ပါတယ်။ သူက ဒီသက်တမ်းတိုးစာချုပ်ဟာ သူ့ကစားသမားဘဝ နောက်ဆုံးလက်မှတ်ရေးထိုးတဲ့ စာချုပ်မဟုတ်ကြောင်းကို နောက် ၁၀ စုနှစ်တစ်ခုအထိ ကစားသမားဘဝဆက်လက်ရှင်သန်ဦးမယ်ဆိုတဲ့စကားနဲ့ အချက်ပြခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက "ကျွန်တော် အခုရီးယဲလ်မှာ နောက်ငါးနှစ်အထိ ဆက်ရှိဖို့သေချာသွားပြီဖြစ်ပါတယ်။ ဒါပေမယ့် အားလုံးကို သိစေချင်တာက ဒီစာချုပ်ဟာ ကျွန်တော့်ကစားသမားဘဝ နောက်ဆုံးလက်မှတ်ရေးထိုးတဲ့ စာချုပ်တော့ မဟုတ်ပါဘူး" လို့ ဆိုခဲ့ပါတယ်။ စီရိုနယ်လ်ဒိုရဲ့ တစ်ပတ်လုပ်ခလစာ ပေါင် ၃၆၅၀၀၀ အထိ ရှိမယ်လို့ သိရပါတယ်။



မေလှသင်း - စုစည်းရေးသားသည်



## အော့ဘာမီယန်အတွက် ငွေသုံးကြမ်းဖို့ ဝန်မလေးတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းသည် ရီးယဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီနှင့် မန်ယူအသင်းတို့မှ အသည်းအသန် အလိုရှိနေသော ဒော့မွန်တိုက်စစ်မှူး အော့ဘာမီယန်အတွက် ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ပေါင်သန်း ၈၀ အထိ ပေးချေကမ်းလှမ်းခဲ့ကြောင်း အီတလီဘောလုံးကိုယ်စားလှယ် မိုရာဘီတို၏ ရေဒီယိုစီအာရ်စီသို့ ပြောကြားချက်ကို ကိုးကား၍ မေရာဒေးလီးသတင်းဌာနက ဖော်ပြသည်။

မိုရာဘီတိုက "အာဆင်နယ်အသင်းက သူ (အော့ဘာမီယန်) အတွက် ပေါင်သန်း ၈၀ (ယူရို သန်း ၉၀) အထိ ကမ်းလှမ်းထားတယ်ဆိုတာ ကျွန်တော်သိခဲ့ရတယ်။ ဒါပေမယ့် အဲဒီအချိန်က ဒော့မွန်တာဝန်ရှိသူတွေက ဘယ်ကမ်းလှမ်းမှုကိုမှ လက်ခံဆွေးနွေးလိုစိတ်မရှိခဲ့တာတော့ သေချာပါတယ်" ဟု ဆိုသည်။

အာဆင်နယ်သည် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း တိုက်စစ် ကစားသမားဆို၍ ဒီဗို့တီပို တိုက်စစ်မှူး လူးကပ်စ်ကိုသာ ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည့်အတွက် အာဆင်နယ်ပရိသတ်များက နည်းပြ ဝင်းဂါးအပေါ် ဝေဖန်မှုများ ပြုခဲ့သေးသည်။ မိုရာဘီတိုက နာပိုလီအသင်းကိုယ်စား အော့ဘာမီယန်အား ခေါ်ယူရန် ချိတ်ဆက်ခဲ့ရာတွင် အာဆင်နယ်ဘက်မှလည်း ပေါင်သန်း ၈၀ ဖြင့် ကမ်းလှမ်းထားသည်ကို ဒော့မွန် ဒါရိုက်တာဇော့ဂ်၏ အဆိုအရ သိခဲ့ရခြင်းဖြစ်ကြောင်း ရေဒီယို စီအာရ်စီသို့ ဖောက်သည်ချခဲ့ခြင်းဖြစ်သည်။ အော့ဘာမီယန်သည် ဟမ်းဘတ်အသင်းအား ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်တွင် တစ်ဦးတည်း လေးဂိုးသွင်းယူခြေစွမ်းပြခဲ့ပြီး နောက်တစ်ရက်အကြာတွင် မိုရာဘီတိုက ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

## စိတ်ရှည်မှု နည်းပါးလာပြီဖြစ်တဲ့ မော်ရင်ဟိုကြောင့် မန်ယူကစားသမားဘဝ အဆုံးမသတ်ဖို့ ခက်ခက်ခဲခဲကြိုးပမ်းရမယ့် လုခ်ရှော

မန်ယူနည်းပြမော်ရင်ဟိုက ဆွမ်ဆီးကို ရင်ဆိုင်ခဲ့တဲ့ပွဲစဉ်မှာ အဓိကနောက်ခံကစားသမားနှစ်ဦးဖြစ်တဲ့ လုခ်ရှောနဲ့ စမောလင်းတို့နှစ်ဦးကို ထည့်သွင်းအသုံးမပြုခဲ့တာကြောင့် ဒီကိစ္စရပ်က မီဒီယာတွေရဲ့ အဓိကထောက်စရာ ကိစ္စဖြစ်ခဲ့ပြီး ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်တွေက နည်းပြမော်ရင်ဟိုကို မေးမြန်းကြရာမှာ မော်ရင်ဟိုရဲ့ အဖြေအရ လုခ်ရှောနဲ့ စမောလင်းတို့ မန်ယူကစားသမားဘဝ ခက်ခဲမှုတွေ ကြုံတွေ့ရနိုင်တယ်တယ်လို့ ကောက်ချက်ချမှုတွေကို ထွက်ပေါ်လာစေခဲ့ပါတယ်။ မော်ရင်ဟိုက လုခ်ရှောရော စမောလင်းရောဟာ အသင်းအတွက်အနာခံကစားပေးလိုစိတ်မရှိဘူးလို့ စွပ်စွဲခဲ့ပါတယ်။

မော်ရင်ဟိုက "ကျွန်တော့် မိတ်ဆွေတွေထဲမှာ တကယ့်ကို အောင်မြင်တဲ့ တင်းနစ်ကစားသမားတွေရှိတယ်။ သူတို့ဆို သူတို့ ဒဏ်ရာပြဿနာလုံးဝမရှိတဲ့ ကစားပွဲထက် နာနာကျင်ကျင်နဲ့ ကစားခဲ့ရတဲ့ပွဲကို ပိုမမေ့တတ်ကြပါဘူး။ ကစားသမားဆိုတာ အနာခံပြီး ကစားနိုင်ကြရပါမယ်"လို့ ပြောကြားခဲ့တာပါ။

လုခ်ရှောက ဆွမ်ဆီးနဲ့ ကစားမယ့် တနင်္ဂနွေနေ့ ( နိုဝင်ဘာ ၆ ရက်) နံနက်ပိုင်းမှာ သူ့အနေနဲ့ ကြံ့ခိုင်မှု မပြည့်ဝဘူးလို့ ခံစားရကြောင်း ပြောကြားခဲ့တဲ့အတွက် မော်ရင်ဟိုက ဒေါသထွက်ခဲ့တာပါ။ မော်ရင်ဟိုက ကစားသမားတစ်ဦးဟာ ရာနှုန်းပြည့်ကြံ့ခိုင်မှု မပြည့်ဝရင်တောင် အသင်းအတွက် အမြဲတမ်းကစားပေးလိုစိတ်ပြင်းထန်မှုရှိရမယ်လို့ ယူဆသူဖြစ်ပြီး လုခ်ရှောလို လုပ်ရင် ဘယ်ကစားသမားကိုမဆို သူ့အနေနဲ့ ချန်လှပ်ဖို့ ဝန်လေးမှာ မဟုတ်ဘူးဆိုတာကိုကျန်ကစားသမားတွေကို သတိပေးလိုက်တာဖြစ်တယ်လို့ သုံးသပ်မှုတွေလည်း ရှိနေပါတယ်။

မော်ရင်ဟိုက အဲဒီပွဲမှာ တစ်ခါမှ တွဲဖက်မကစားဖူးတဲ့ နောက်တန်းလေးဦး (ဒါမီယန်၊ မာကို့စ်ရိုဂျို၊ ဖီးလ်ဂျုံးစ်၊ အက်ရှ်လေယန်း) ခံစစ်ကိုအသုံးပြုခဲ့ပြီး တောင်ပံတိုက်စစ်ကစားသမား အက်ရှ်လေယန်းကို ညာတောင်ပံခံစစ်နေရာမှာ စမ်းသပ်အသုံးပြုခဲ့သလို ဗဟိုခံစစ်အတွက် ဖီးလ်ဂျုံးစ်ကို ထည့်သွင်းပြီး လူအခင်းအကျင်းအသစ်နဲ့ ဆွမ်ဆီးကို ရင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဖီးလ်ဂျုံးစ်ဟာ ဒဏ်ရာပြဿနာကြောင့် ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက အနားယူနေရသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီမှာ မန်ယူအတွက် တစ်ပွဲမှ ဝင်ရောက်ကစားခြင်းမရှိပါဘူး။

ဝက်ဖို့ဒ်ကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်မှာ လုခ်ရှောရဲ့ ကစားပုံကို မော်ရင်ဟိုက ဝေဖန်ခဲ့ပေမယ့် သူကတော့ ဒီလိုဝေဖန်မှုက သူ့ရဲ့ ခြေစွမ်းတိုးတက်ရေးကို အထောက်အပံ့ပြုတာကြောင့် ကြိုဆိုပါတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဝေဖန်မှုကြုံတွေ့ခဲ့ရတဲ့ စမောလင်းကလည်း လုခ်ရှောလို အခြေအနေမဟုတ်ပေမယ့် မော်ရင်ဟိုက စမောလင်းနေရာအစားထိုးဖို့ ဗဟိုနောက်ခံလူတစ်ဦးကို လာမယ့် ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ရင် ခေါ်ယူဖို့ ကြိုးပမ်းနေပြီဖြစ်ပါတယ်။

မော်ရင်ဟို ပစ်မှတ်ထားတဲ့ နောက်ခံလူနှစ်ဦးကတော့ အက်သလက်ရဲ့ ဒီယေဂိုဂိုဒင်၊ ဆောက်သမ်တန်ရဲ့ ဗန်ဒေ့ဂျ်တို့ ဖြစ်တယ်လို့ သတင်းရင်းမြစ်တွေရဲ့ ဖော်ပြချက်အရ သိရပါတယ်။ ရလဒ်ပိုင်း ကောင်းတစ်လှည့်၊ မကောင်းတစ်လှည့် ဖြစ်နေလို့ ဝေဖန်မှုတွေ ရင်ဆိုင်နေရတဲ့ မော်ရင်ဟိုဟာ ရာသီအစကထက် ခုချိန်မှာ စိတ်ရှည်မှု နည်းပါးသွားပြီဖြစ်တာကြောင့် လုခ်ရှောအနေနဲ့ မန်ယူကစားသမားဘဝ အဆုံးမသတ်အောင် ခက်ခက်ခဲခဲ ကြိုးပမ်းရဖို့တော့ရှိနေပါတယ်။



## နေမာကို ပီအက်စ်ဂျီနဲ့ ပူးပေါင်းစေချင်တဲ့ မာကွင်ဟို

ပီအက်စ်ဂျီအသင်းနောက်ခံလူ မာကွင်ဟိုက ဘရာဇီးအသင်းဖော် နေမာနှင့် ပီအက်စ်ဂျီအသင်းတွင်လည်း ကစားဖော်အဖြစ် ကစားခွင့်ရရှိလိုပြီး တစ်ချိန်ချိန်တွင် ပီအက်စ်ဂျီသို့ နေမာ ပြောင်းရွှေ့လာမည်ဟုမျှော်လင့်ကြောင်း သူ၏ဆန္ဒကို ထုတ်ဖော်ပြောကြားလိုက်သည်။

၎င်းတို့နှစ်ဦးသည် ရီယိုအိုလံပစ်ပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သူများဖြစ်ပြီး မာကွင်ဟိုက အခြားမည်သည့် ကစားသမား ထက်မဆို သူ၏ သူငယ်ချင်းဖြစ်သူ နေမာနှင့်သာ ကလပ်အသင်းကစားဖော် ဖြစ်ခွင့်ရလိုကြောင်း ဆိုခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် နေမာအတွက် ပြောင်းရွှေ့ကြေး ယူရို ၂၂၂ သန်း အထိ အသုံးပြုကမ်းလှမ်းခဲ့သော်လည်း နေမာက လက်ရှိကလပ် ဘာစီလိုနာနှင့်သာ ဆက်လက်ပူးပေါင်းရန် ဆုံးဖြတ်ခဲ့ပြီး ဘာစီလိုနာနှင့် ၂၀၂၁ ခုနှစ်အထိ စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ် မန်ယူသို့ ပြောင်းရွှေ့သွားပြီးနောက် ဗဟိုတိုက်စစ်နေရာတွင် ကစားနိုင်မည့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးအဖြစ် နေမာကို ပစ်မှတ်ထားခဲ့ပြီး နေမာအတွက် တစ်နှစ်လုပ်ခလစာ ယူရို ၄၂ သန်းအထိ ပေးချေမည်ဖြစ်ဟု ကမ်းလှမ်းခဲ့ရာ ယင်းပမာဏသည် မက်ဆီ ဘာစီလိုနာတွင် ရရှိနေသည့် လစာနှုန်းထားဖြင့်ပင် ညီမျှသည်။

မာကွင်ဟိုသည် ၂၀၁၃ ခုနှစ်တွင် ရိုးမားမှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ကြေး ယူရို ၃၁ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး လက်ရှိတွင် ပီအက်စ်ဂျီအသင်း၌ အရေးပါသည့် ကစားသမားတစ်ဦးနေရာကို ရယူထားနိုင်သူဖြစ်သည်။ မာကွင်ဟိုနှင့် ပီအက်စ်ဂျီတို့ လက်ရှိချုပ်ဆိုထားသည့် စာချုပ်မှာ လာမည့်သုံးနှစ်အကြာမှသာ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၂၀၂၁ ခုနှစ် သက်တမ်းတိုးစာချုပ်သစ်ကို ထပ်မံလက်မှတ်ရေးထိုးရန် မျှော်လင့်ကြောင်းလည်း ဆိုလိုက်သည်။

■

## ပြည်တွင်းရေးရာ

# ရပ်ကွက်သမဝါယမဆိုင်များ ပြန်လည်ဖွင့်လှစ်၍ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**မိတ္ထီလာ နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ရပ်ကွက်နေပြည်သူများ အိမ်သုံးကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဝယ်ယူရရှိစေရန်ရည်ရွယ်၍ သမဝါယမဦးစီးဌာနမှ ကျိုးတော်ရပ်ကွက် ကုန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ကုန်မျိုးစုံအရောင်းဆိုင်ကို နိုဝင်ဘာ ၄ ရက်မှစတင်၍ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျိုးတော်ရပ်ကွက် ကုန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ကုန်မျိုးစုံအရောင်းဆိုင်ဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် ကျိုးတော်ကုန်းရပ်ကွက် ကုန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆိုင်ခန်းအတွင်း ဖွင့်လှစ်ရောင်းချထားသည့် ကုန်ပစ္စည်းများကို ကြည့်ရှုခဲ့သည်။

ထို့နောက် သမဝါယမဦးစီးဌာနမှ ရပ်ကွက်နေပြည်သူများ အိမ်သုံးကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိစေရန် ရည်ရွယ်၍ ကျိုးတော်ရပ်ကွက် ကုန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ကုန်မျိုးစုံအရောင်ဆိုင်ကို ဖွင့်လှစ်ရောင်းချခြင်းဖြစ်သည့်အတွက် ရပ်ကွက်နေပြည်သူများအား ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းအခမ်းအနားသို့ တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများအား သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းနှင့် လယ်ယာသုံးစက်ကိရိယာ မောင်နှင်ထိန်းသိမ်းမှုသင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၈**

ချင်းပြည်နယ်သည် တောင်တန်းများ မတ်စောက်ထူထပ်ခြင်း၊ မြေပြန့်လွင်ပြင်နည်းပါးခြင်း၊ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာမြေဖော်ထုတ် ရေးနှင့် စက်ကိရိယာပြင်ဆင်ထိန်းသိမ်းမှု သင်တန်းဖွင့်ပို့ချပေးပြီး သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီက ပျဉ်းမနားစက်မှုလယ်ယာစခန်း၌ ကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသားများကိုယ်စား ချင်းပြည်နယ် ထန်တလန်မြို့နယ် သီးကရ်ကျေးရွာမှ သင်တန်းသား ဗျက်လှေကျိုးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ယခုဖွင့်လှစ်သည့် သင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခြင်းဖြစ်ကာသင်တန်းတွင် ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးအတတ်ပညာများ၊ ဘက်ဟိုး၊ ဘူဒိုဇာမောင်းနှင်မှုများအပြင် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်မှုများကို တတ်ကျွမ်းသည့်အတိုင်းစာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်းနှင့်ယခုသင်တန်းတွင် ချင်းပြည်နယ်မှ သင်တန်းသားတောင်သူ ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းအောင်-၁၀၇**

# တင်ဒါရကုမ္ပဏီဆောင်ရွက်နေသည့်ရေကျော်အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သရက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် လမ်း၊ တံတား၊ တင်ဒါရ Myanmar Ruby Land ကုမ္ပဏီမှ ဆောင်ရွက်မည့် ဝက်သားစား-ဝက်တိုး-ကမ်းနီ-ပြရေ လမ်းပေါ်ရှိ ရေကျော် ခုနစ်စင်း၊ Box Culvert ငါးစင်း ဆောင်ရွက်မည့် မြေနေရာနှင့် ရေကျော် အမှတ်(၁)နှင့် အမှတ်(၄) ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မြို့နယ်ဦးစီးမှူးနှင့် ကုမ္ပဏီမှ တာဝန်ခံများနှင့်အတူ ဆောင်ရွက်လျက်ရှိသည့် ရေကျော်အမှတ်(၁)နှင့် အမှတ်(၄) ဆောင်ရွက်နေမှုအား ကွင်းဆင်း ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**





# ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော် ပျဉ်းမနားမြို့ရှာကောက်အနောက် ယန္တာရားရပ်ကွက်တွင် ပျဉ်းမနားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတာဝန်ခံ ဒေါက်တာခိုင်မဥ္ဇူသန်းနှင့် မြို့နယ်ကျန်းမာရေး အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် အရန်သားဖွားဆရာမများ ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း လွှမ်းခြုံမှုအပြည့်အဝရရှိစေရန်နှင့် ကူးစက်ရောဂါကာကွယ်ခြင်းလုပ်ငန်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေသန်**

# ညောင်ဦးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသောကြောင့် သောက်သုံးရေကန်များ ရေများပြည့်လျှံ

**ညောင်ဦး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်တောရွာဒေသများတွင်ရှိ သောက်သုံးရေကန်များ၌ ယခုရက်ပိုင်းအတွင်း အဆက်မပြတ်ရွာသောမိုးကြောင့် ရေများပြည့်လျှံလျက်ရှိပြီး ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိနေကြသည်ဟု သိရသည်။

"ဒီရေကန်က မနှစ်က မိုးရာသီတုန်းက မိုးနည်းပါးတဲ့အတွက် ရေမဝင်လို့ ကန်ရေမသောက်ခဲ့ရပါဘူး။ ဒီနှစ်တော့ မနေ့ညက ရွာသောမိုးနှင့် ကန်ရေဝင်ခဲ့ပါတယ်။ ဒီကန်တစ်ကန်လုံးအပြည့်ဝင်ရင် တစ်ပို့တွဲလကုန် တပေါင်းလဆန်းလောက်အထိ သောက်သုံးနိုင်ပါတယ်။ အခုလို တောင်သူတွေ မြေပဲကြီးဖော်တဲ့ရက်မှာ ရေအတွက်တော့ အေးအေးဆေးဆေးဖြစ်ရပြီ။ ရေအတွက် စိတ်မပူရတော့ဘူး။ ရေမရှားတော့ဘူး" ဟု အင်တိုင်းရွာသား ဦးငွေးမြင့်က ပြောသည်။

ရေတွင်းညောင်ပင်ကျေးရွာသား တစ်ဦး က "ဒီနှစ်မိုးကတော့ ကျေးရွာတိုင်းရှိ သောက်သုံးရေကန်တိုင်းမှာ ရေများဝင်ရောက်ပါတယ်။ အကြိုကြားမှာရှိတဲ့ ဒေသအခေါ် တောကန်လို့ခေါ်တဲ့ကျွဲသောက်၊ နွားသောက်၊ ငှက်သောက် ရေကန်လေးများကအစ ရေများဝင်ရောက်ပါတယ်။ ဒီနှစ်ပွင့်လင်းရာသီရောက်ရင်တော့ ရေသိပ်မရှားလောက်တော့ပါဘူး။ ကိုယ့်ရွာကန်ကို ကန်ရေဝင်တော့ ပိုက်ဆံမကုန်တော့ဘူးဗျ။ ကန်ရေမဝင်ရင်တော့ ရွာမှာ စက်ရေတွင်းရှိပါတယ်။ စက်ရေတွင်းကရေကို ပိုက်ဆံပေးသောက်ရတယ်။ အဲဒီလိုပိုက်ဆံပေးသောက်ရတော့ ကျွန်တော်တို့တတွေ အပိုငွေကုန်တာပေါ့။ ရေဝယ်သုံးရမယ်ဆိုရင် တောင်သူကြီးတစ်ဦးအိမ်မှာ ငွေကျပ် ၆၀၀၀၊ ၇၀၀၀ လောက်ကုန်တယ်။ အခုလို ကန်ရေဝင်တော့ ကျွန်တော်တို့ ကျေးလက်ပြည်သူတွေမှာ တန်ဖိုးဖြတ်မရဘူး။ ကန်ထဲမှာရေရှိရင် ကိုယ့်အိမ်မှာကို ရေရှိသလိုပါပဲ။ ရေသုံးအားရှိတာပေါ့။ ကန်ထဲမှာရေမရှိရင် ရေကိုချွေချွေ တာတာသုံးရတယ်၊ ရေချိုးရတာတောင် ရေကိုချွေချွေတာတာချိုးရတယ်။ အခုဆို ရေဝယ်စရာမလိုတော့ဘူး။ အခုလို ကန်ရေဝင်တော့ ရေပေါပေါချိုးလို့ရတယ်။ အဲဒါကြောင့် ဝမ်းသာပီတိဖြစ်နေတာပေါ့ဗျာ" ဟုပြောသည်။

အဆက်မပြတ်ရွာသောမိုးကြောင့် ကန်ရေဝင်ရောက်မှုကို ဒေသခံများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလက်သမားနှင့် ပန်းရန်သင်တန်းဖွင့်

**ရွှေကျင် နိုဝင်ဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အသက်မွေးဝမ်း ကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲအား ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာတွင် နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ခဲ့ပြီး အခြေခံလက်သမား၊ ပန်းရန်အတတ်ပညာများကို စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# အင်းဝဒေသသို့ ပြည်ပခရီးသွားများ စက်ဘီးစီး၍ လှည့်လည်လေ့လာ

**တံတားဦး နိုဝင်ဘာ ၈**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ နှင့် ရေမြေသဘာဝ တောတောင်အလှများကို တစ်နေ့ထက်တစ်နေ့ ကမ္ဘာကသိရှိလာသည်နှင့်အမျှ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွားများ လာရောက်မှု များပြားလျက်ရှိသည်။

"ဒီအင်းဝဒေသကို နိုင်ငံခြားသားတွေက စက်ဘီးနဲ့ လည်ချင်တယ်ဆိုလို့ စီစဉ်ပေးတာပါ။ သူတို့အဖွဲ့က ၂၉ ဦးပါတာပါ။ အားလုံးက ဂျာမနီနိုင်ငံသားတွေပါပဲ။ မြန်မာနိုင်ငံက ရှေးဟောင်းအမွေအနှစ်တွေနဲ့ သဘာဝအလှရှုခင်းတွေ ကိုယ်တိုင်စက်ဘီးစီးပြီး လှည့်လည်ခံစားချင်တယ်ဆိုလို့ စီစဉ်ပေးတာပါ။ လမ်းပြတွေလည်းပါပါတယ်။ မန္တလေးမြို့က အထင်ကရနေရာတွေကိုလည်း မနေ့က လှည့်လည်လေ့လာပြီးပါပြီ။ ဒီနေ့ အင်းဝဒေသနှင့် စစ်ကိုင်းမြို့ကို စက်ဘီးစီးပြီး လေ့လာချင်တယ်ဆိုလို့ စီစဉ်ပေးတာပါ။ မနက်ဖြန် ပုဂံညောင်ဦးဒေသကိုလည်း စက်ဘီးစီးပြီး လေ့လာချင်တယ်လို့ပြောပါတယ်။ အလာတုန်းက မန္တလေးကနေ စက်လှေနဲ့ ဧရာဝတီမြစ်ကြောင်းအတိုင်း သဘာဝအလှကို ခံစားရင်း အိုးတွင်းတန်းဆိပ်ကမ်းရောက်လာတာပါ။ ဒီဒေသက ရှေးဟောင်း အဆောက်အအုံတွေ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် လက်ရာတွေ လှည့်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း" ခရီးသွားဧည့်လမ်းညွှန်တစ်ဦးကပြောပြသည်။



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝဒေသသို့ ပြည်တွင်း ပြည်ပခရီးသွားများ နေ့စဉ်လာရောက်လျက်ရှိရာ ပြီးခဲ့သည့်လများက ပုံမှန်သာ လာရောက်ကြသော်လည်း ယခုလ၌ သိသိသာသာ လာရောက်လည်ပတ်မှု ပိုမိုများပြားလျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# စည်ပင်သာယာဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းပြီးပါက ဥပဒေချိုးဖောက်မှုများအား ထိရောက်စွာ အရေးယူတော့မည်



**ပဲခူး နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် စည်ပင်သာယာဥပဒေအသစ်အား အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိစည်ပင်ဥပဒေ၏ လိုအပ်ချက်များနှင့် အားနည်းချက်များအား ဖြည့်စွက်ပြင်ဆင်ထားသော ဥပဒေအဖြစ် ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာ ဥပဒေချိုးဖောက်နေမှုများအား အသစ်ရေးဆွဲပြဋ္ဌာန်းထားသော စည်ပင်သာယာဥပဒေအသစ်ဖြင့် အရေးယူဆောင်ရွက်တော့မည်ဟု စည်ပင်သာယာတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲခူးမြို့လမ်းဆုံလမ်းခွများတွင် လမ်းညွှန်ဆိုင်းဘုတ်များ၊ စီးပွားရေးကြော်ငြာများနှင့် ဈေးဆိုင်များကြောင့် မြင်ကွင်းပိတ်နေသဖြင့် မျက်ကွယ်ယာဉ်တိုက်မှုများ ရှိနေသဖြင့် အရေးယူဆောင်ရွက်ရန်ရှိကြောင်း ပြောဆိုခြင်းဖြစ်သည်။

ပဲခူးမြို့အတွင်း မြင်ကွင်းကွယ် ဆိုင်းဘုတ်အမျိုးမျိုးရှိနေရာ လမ်းဆုံများမှထွက်လာသော လူနှင့်မော်တော်ဆိုင်ကယ်၊ ကားများ ယာဉ်အန္တရာယ်နှင့် အချိန်မရွေး ရင်ဆိုင်တွေ့ကြုံနေရသော အခြေအနေဖြစ်နေကြောင်း ဒေသခံများကြား ဝေဖန်လျက်ရှိသည်။

“လမ်းဆုံတွေမှာတွေ့ရတဲ့ လမ်းညွှန်အမှတ်အသားစီးပွားရေးဆိုင်းဘုတ်တွေရှိမယ်။ တစ်ခုတည်းမဟုတ်ဘူး။ တစ်နေရာမှာ စုပြုံကြော်ငြာမျိုးစုံတွေ့ရတယ်။ တစ်ဖက်လမ်းက ရုတ်တရက် လူပဲဖြစ်ဖြစ်၊ ယာဉ်ပဲဖြစ်ဖြစ် ထွက်လာရင် တိုက်မှာသေချာပြီ” ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

လမ်းထောင့်များတွင် အခိုင်အမာ ဈေးဆိုင်ဖွင့်လှစ်ဈေးရောင်းချနေသူများရှိနေရာ ၎င်းဆိုင်များကြောင့် လမ်းတစ်ဖက်အကွယ်ကို ရှင်းလင်းစွာမမြင်ရကြောင်း နေ့စဉ်ကျောင်းကြိုပို့နေသော ကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

“ဈေးဆိုင်တွေက လမ်းထောင့်မှာ အခိုင်အမာဖွင့်နေတယ်။ ကျောင်းသားတွေ နေ့စဉ်ပို့ပေးနေရတော့ မျက်ကွယ်ကို အတော်သတိထားပြီး ကြည့်ရတယ်။ ဒါမျိုးကွယ်နေတာတွေ သက်ဆိုင်ရာက အမြန်ဖယ်ရှားစေချင်တယ်။ နောက်တစ်ခုက ဒီမျက်ကွယ်မြေစိုက်ထားတဲ့ ဆိုင်းဘုတ်မျိုးစုံကို စည်ပင်အခွန်မလွတ်အောင်ကောက်ပြီး စည်းကမ်းနဲ့နေရာချထားသင့်တယ်။ လူမျက်ကွယ်လွတ်တဲ့ အမြင့်မှာထားရင် အားလုံးကောင်းမယ်” ဟု ဆိုသည်။

လူမှုရေးတက်ကြွလှုပ်ရှားသူတစ်ဦးက “ဒီကိစ္စတွေရှင်းလင်းဆောင်ရွက်ရင် ယာဉ်ကြောပိတ်တဲ့ဒဏ် လျော့နည်းသွားမယ်။ ဘာလို့ဆို မျက်ကွယ်ယာဉ်စောင့်စရာမလိုတဲ့အတွက် မြန်မြန်နဲ့ယာဉ်ကြောရှင်းလင်းသွားမှာပါ။ ဒီလိုကိစ္စဆောင်ရွက်တာ ဘတ်ဂျက်စောင့်ပြီးမှ အကောင်ထည်ဖော်နေစရာမလိုတဲ့အတွက် ချက်ချင်းအကောင်အထည်ဖော်နိုင်တယ်” ဟု ပြောသည်။

ပဲခူးမြို့ပေါ်နေရာမျိုးစုံရှိ လမ်းထောင့်လမ်းချိုး မြေနေရာများ၌ အခိုင်အမာအကာအကွယ်ယူထားသော မျက်ကွယ်ဖြစ်စေသည့် လမ်းမြေပေါ် ခြံခတ်စိုက်ပျိုးထားသော သစ်ပင်များကလည်း မျက်ကွယ်ယာဉ်တိုက်မှု၏ အဓိကပြဿနာတစ်ရပ် ဖြစ်နေသည်။

ညောင်ဝိုင်း(၁၈)လမ်း ဈေးလမ်းမဘေးတွင် စည်ပင်သာယာနယ်နိမိတ်ပေါ် ကျော်လွန်ဈေးရောင်းချနေသူများအား ပဲခူးစည်ပင်သာယာမှ စည်ပင်ဥပဒေဖြင့် အရေးယူဒဏ်ငွေရိုက်ခြင်းများရှိနေကြောင်းသိရသည်။ စည်ပင်ဥပဒေဖြင့် ဒဏ်ငွေရိုက်နေသော်လည်း နေ့စဉ်ဒဏ်ငွေပေးဆောင် ဈေးရောင်းချနေမှုများရှိနေသည်။

၎င်းကဲ့သို့ နေ့စဉ်ဒဏ်ငွေဆောင်ပြီး ဈေးရောင်းချနေခြင်းအား (၁၈)လမ်းနေသူတစ်ဦးက “ဆိုင်ခန်းငှားရမ်းခနှုန်းကိုမမီတဲ့ ဒဏ်ငွေဖြစ်နေတဲ့အတွက် စည်ပင်ဥပဒေမှာအားနည်းနေတာပါ” ဟု ပြောသည်။

လမ်းမဘေး အခိုင်အမာဆိုင်များနှင့် ဖြစ်သလိုလမ်းညွှန်ထားသော ဆိုင်းဘုတ်မျိုးစုံတို့ကို လူအများ အန္တရာယ်ကင်းရှင်းစေရေးအတွက် သေသေသပ်သပ်နှင့် စိုက်ထူထားနိုင်ရန်နှင့် လစ်ဟင်းမှုမရှိသော အခွန်စနစ် ကျင့်သုံးသင့်ခြင်းဖြင့် ဌာနဝင်ငွေတိုးစေနိုင်ကြောင်း ဒေသခံများမှ သုံးသပ်ပြောကြားသည်။

(၄၂၈)

# ဇီကာဗိုင်းရပ်စ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး တစ်ပြိုင်တည်းဆောင်ရွက်



**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်တွင် နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီမှစတင်ကာ ဇီကာဗိုင်းရပ်စ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ရပ်ကွက်အလိုက် အစုအဖွဲ့များဖွဲ့ကာ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်မြင့်ကျော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးမိုးတို့ ဦးဆောင်ကာ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ကာ ပညာပေးခြင်း၊ ပိုးလောက်လန်းစစ်ဆေးခြင်း၊ ပိုးလောက်လန်းတွေ့ရှိပါက ရေသွန်၊ ရေစစ်ပေးခြင်းနှင့် အဘိတ်ဆေးခပ်ပေးခြင်းများဆောင်ရွက်ပေးကာ ဇီကာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ “ဇီကာဗိုင်းရပ်စ်ဖြစ်စေတဲ့ခြင်နဲ့ သွေးလွန်တုပ်ကွေးဖြစ်စေတဲ့ခြင်က အေးဒီးဆိုတဲ့ခြင်ကြောင့်ဖြစ်စေတာပါ။ ရောဂါဖြစ်ပုံ ပြင်ပလက္ခဏာက မတူပါဘူး။ သွေးလွန်တုပ်ကွေးက အဖျားကြီးမယ်။ ဆေးတိုက်လိုက်ရင် သက်သာသလိုနဲ့ ပြန်ပြန်ဖျားမယ်။ ကော်ဖီရောင်အန်တာနဲ့ ကတ္တရာစေးရောင် မစင်တွေပါမယ်။ အနီစက်တွေ တွေ့မယ်ဆိုရင် သွေးလွန်တုပ်ကွေးသေချာနေပါပြီ။ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရရင် ပထမဆုံး အဖျားကြီးပြီး လူနာက ခေါင်းအရမ်းကိုက်မှာပါ။ အဆစ်အမြစ်တွေနာမယ်။ ကြွက်သားတွေနာမယ်။ မျက်စိနီပြီး မျက်သားတွေရောင်နေမယ်။ အရေပြားပေါ်မှာ အနီစက် သို့မဟုတ် အနီကွက်တွေ ရှိနေမယ်ဆိုရင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံနေရပါပြီ။ ကိုယ်ဝန်ဆောင်မိခင်တွေ ကူးစက်ခံရပြီဆိုရင် ရင်သွေးငယ်မှာ ဦးနှောက်သေးငယ်တဲ့ကလေး မွေးလာနိုင်ပါတယ်။ ရောဂါလက္ခဏာ တစ်ခုမဟုတ်တစ်ခု ဖြစ်တယ်လို့ သံသယရှိရင် နီးစပ်ရာကျန်းမာရေးဌာနတွေကို သတင်းပို့ပြီး စနစ်တကျ ဆေးကုသမှုခံယူဖို့ လိုပါတယ်” ဟု ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးမိုးက ပြောသည်။

တောင်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်ရှိရာ စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ ခန့်ဖြင့် ရပ်ကွက်ကြီး ၁၃ ရပ်ကွက်အား အစုအဖွဲ့များဖွဲ့ကာ မြို့နယ်လုံးကျွတ် ဆောင်ရွက်ပေးခဲ့ကြသည်။

(၁၉၇)

# ကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းပြီးဖြစ်၍ ဖြတ်သန်းမောင်းနှင်ကြသောယာဉ်များ အဆင်ပြေလွယ်ကူ

**ရန်ကုန် နိုဝင်ဘာ ၈**

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ဖြစ်သော လမ်းသစ်လမ်းမှာ ကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းဆောင်ရွက်လိုက်ပြီဖြစ်သောကြောင့် ခရီးသည်တင်ယာဉ်များအပါအဝင် ဖြတ်သန်းမောင်းနှင်နေကြသော အခြားယာဉ်များ အဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ လမ်းသစ်လမ်းမှာ မိုးတွင်းကာလက လမ်းများပျက်စီးခဲ့ပြီး ဖြတ်သန်းမောင်းနှင်ကြသောယာဉ်များ အဆင်မပြေမှုများဖြစ်ပေါ်ခဲ့၍ Pro 1 Home Center မှ တာဝန်ရှိသူများက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြားကာ ကွန်ကရစ်ထပ်ပိုးလွှာကို ငွေကျပ်သိန်း ၁၀၀၀ ကျော်ကုန်ကျခံ ခင်းကျင်းဆောင်ရွက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်ဩဂုတ်လက လမ်းစတင်ခင်းကျင်းဆောင်ရွက်ခဲ့ကာ စက်တင်ဘာလမှစတင်၍ ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မြောက်ပိုင်းခရိုင်မှူး ဦးအေးကိုက “ဒီလမ်းသစ်လမ်းက နိုင်လွန်ကတ္တရာလမ်းဟာ မိုးတွင်းကာလမှာ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာဖန်များတော့ လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။ ကျွန်တော်တို့ စည်ပင်အနေနဲ့လည်း လမ်းအပေါက်ဖာခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ဒီနှစ်မိုးတွင်းကာလမှာ မိုးများတာရယ်၊ ဘေးမြောင်းတွေမကောင်းတာတွေကြောင့် လမ်းပျက်စီးမှုများပိုမိုများခဲ့ရပါတယ်။ အဲ့ဒီအချိန်မှာ ရေမြောင်းများတူးဖော်ခြင်း၊ လမ်းဘေးရေမြောင်းများ အမိုက်ဆယ်ယူခြင်းများကို လုပ်ဆောင်ခဲ့တော့ ရေစီးရေလာကောင်းမွန်သွားပါသေးတယ်။ ရေစီးရေလာကောင်းမွန်ခဲ့ပေမယ့် လမ်းပျက်စီးမှုက ကျန်နေခဲ့တာကြောင့် ဒီကုမ္ပဏီကနေ ကွန်ကရစ်ထပ်ပိုးလွှာနဲ့ လမ်းခင်းကျင်းဆောင်ရွက် လှူဒါန်းမယ်ဆိုပြီး ကျွန်တော်တို့ဆီ အကြောင်းကြားလာလို့ တာဝန်ရှိသူများက ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

ခုတော့ လမ်းကဖြောင့်ဖြူးသွားပြီဆိုတော့ ဖြတ်သန်းသွားလာသည့် ယာဉ်များအတွက် အဆင်ပြေသွားပါပြီ” ဟု ကိုယ့်အားကိုယ်ကိုးလမ်းဖွင့်ပွဲအခမ်းအနားအပြီး၌ ပြောကြားခဲ့သည်။

ကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းဆောင်ရွက်ခဲ့သော အလှူရှင် Pro 1 Home Center မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွေးက “အဓိကတော့ ဒီလမ်းသစ်လမ်းဟာ အင်းစိန်မြို့နယ်ထဲမှာ ယာဉ်ဖြတ်သန်းသွားလာအများဆုံးဖြစ်တဲ့လမ်းပါ။ အင်းစိန်ခုံးကျော်တံတားကြီး တည်ဆောက်ပြီးတဲ့အချိန်မှာ ယာဉ်တွေက ဒီလမ်းကနေ အများဆုံးဖြတ်သန်းမောင်းနှင်နေကြပါတယ်။ ဘာဖြစ်လာလဲဆိုတော့ မိုးတွင်းကာလမှာ ဒီလမ်းက ချိုင့်ခွက်အကြီးကြီးတွေဖြစ်ပေါ်ပြီး ခရီးသည်တင်ယာဉ်အပါအဝင် အခြားယာဉ်တွေလည်း မောင်းနှင်ရတာ အဆင်မပြေဖြစ်ပြီး ဖြည်းဖြည်းပဲ မောင်းနှင်နေရပါတယ်။ ဒါကြောင့် တတ်နိုင်တဲ့ဘက်က အလှူလုပ်လို့ရတဲ့ စက္ကန့်မလပ်အကျိုးကုသိုလ်ရမှာမို့ လမ်းကို ခင်းကျင်းဆောင်ရွက်ကုသိုလ်ယူတာပါ။ ခုလိုလမ်းကောင်းသွားတော့ ယာဉ်ကြောကျပ်တည်းမှုလည်းမဖြစ်တော့ဘဲ ဖြတ်သန်းသွားလာကြတဲ့ယာဉ်များအတွက် မောင်းနှင်ကြရတာ အဆင်ပြေစေရပါပြီ” ဟု ဆိုလေသည်။

အဆိုပါလမ်းသစ်လမ်းရှိ ယခင်ရှိခဲ့သော နိုင်လွန်ကတ္တရာ နှစ်လမ်းသွားမှာ ယခုအခါ လေးလမ်းသွား ကွန်ကရစ်လမ်းဖြစ်သွားပြီဖြစ်သောကြောင့် ယာဉ်မောင်းသူများအတွက် အဆင်ပြေလွယ်ကူစေရပြီဖြစ်ပြီး ယာဉ်ကြောကျပ်တည်းမှုများလည်း ပြေလျော့စေတော့မည်ဖြစ်ကာ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းရှိ အင်းစိန်ဘူတာရုံလမ်းမှ အကျယ် ၆၈ ပေ၊ အရှည်ပေ ၈၀၀ ရှိသည့် ကိုယ့်အားကိုယ်ကိုးလမ်းဖွင့်ပွဲအခမ်းအနားကို လမ်းသစ်လမ်း၌ နိုဝင်ဘာ ၅ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမှတ်(၁)၊ (၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းဆောင်ရွက်ခဲ့သော အလှူရှင် Pro 1 Home Center မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(MLA)**



## စည်းကမ်းမဲ့များကြောင့် လိပ်ပြာကန်ရေပြင် အမှိုက်များနှင့်ညစ်ညမ်း

**ပဲခူး နိုဝင်ဘာ ၈**
ပဲခူးမြို့ရှိ သမိုင်းဝင်အထင်ကရနေရာများ၌ တစ်ခုအပါဝင်ဖြစ်သော ပဲခူးမြို့လယ်တွင် ရှိသည့်လိပ်ပြာကန်သည် စည်းကမ်းမဲ့သူတို့ကြောင့် ရှေးအဆက်ဆက်က ကောင်းမွန်စေခဲ့သည့် မြို့ဂုဏ်ဆောင်သောပုံရိပ်နှင့် အလှကိုထိခိုက်ပျက်စီးနေကြောင်း မြို့ခံအသိုင်းအဝိုင်းကြားအတွင်း ပြောဆိုဝေဖန်နေကြကြောင်း သိရသည်။

ညဘက်မှောင်ရိပ်ခိုနေခြင်း၊ အရက်ဝိုင်းဖွဲ့စားသောက်ခြင်း၊ ရန်ဖြစ်အော်ဟစ်နေမှုများကြောင့် ညဘက်ည၌နက်သည်အထိ အသံမျိုးစုံကြားနေရကြောင်း လိပ်ပြာကန်ရပ်ကွက်(၂)လမ်းတွင် နေထိုင်သူ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီက ပြောသည်။

"ညဘက်သန်းခေါင်ယံထိ မူးရူးအော်ဟစ်နေတာ အိမ်ကကြားနေရတယ်။ စတီးလက်တန်းတွေကို ထုရိုက်နေတယ်။ ဒါတွေက ပြည်သူတွေကို အနှောင့်အယှက်ပေးနေတာပဲ။ ခပ်လှမ်းလှမ်းမှာ ရဲစခန်းလည်းရှိနေတယ်။ မကြားတာတော့ မဟုတ်လောက်ဘူး"ဟု ပြောပြသည်။

ပဲခူးမြို့သို့ ရပ်နီးရပ်ဝေးမှ ဘုရားဖူးများလာရောက်ကြလျှင် ပဲခူးမြို့ဂုဏ်ဆောင် လိပ်ပြာကန်သို့ မဖြစ်မနေဝင်ရောက်၍ ကန်အတွင်းရှိ ငါးကြီးများအား အစာကျွေးခြင်းဖြင့် ကုသိုလ်ပြုကြသည်။ နိုင်ငံခြားသား ခရီးသွားများပါ လိပ်ပြာကန်အလှကိုကြည့်၍ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ပြီး ခရီးသွားလုပ်ငန်းအား မြှင့်တင်ရာတွင် လိပ်ပြာကန်လည်း ပါဝင်သည်။

ယခုအခါ လိပ်ပြာကန်အတွင်း အမှိုက်ပေါင်းစုံ ကြုံသလိုပစ်နေသဖြင့် ရေကန်အတွင်း အမှိုက်များ မြင်မကောင်းဖြစ်ပြီး ရေပြင်သန့်ရှင်းမှုမရှိဖြစ်နေ၍ ကြာလျှင်ကန်အတွင်းမှ ငါးများ သေဆုံးစေနိုင်ကြောင်းနှင့် ခရီးသွားဧည့်သည်များ မြင်တွေ့လျှင် အင်မတန် အရှက်စရာဖြစ်စေကြောင်း လိပ်ပြာကန်တွင် နံနက်တိုင်း လမ်းလျှောက်သူတစ်ဦးက ပြောသည်။

"မနက်ဖက်ကြည့်လိုက်ရင် အရက်ပုလင်းတွေ ရေကန်ထဲပစ်ချထားတာ တွေမြင်ရတယ်။ စားကြွင်းစားကျန်တွေက လမ်းလျှောက်တဲ့လမ်းပေါ်မှာ ဖြစ်ချင်တိုင်းဖြစ်နေတယ်။ ရေအရောင်က အဆီတွေဝေ့နေပြီ။ ကွမ်းတံတွေးတွေက အပုံလိုက် နေရာကွက်ကြီးတွေမြင်ရတယ်။ ကိုယ့်မြို့ရဲ့ပုံရိပ်ကောင်းတွေကို မပျက်စီးစေချင်ဘူး။ နိုင်ငံခြားသားတွေမြင်ရင် အလွန်ရှက်ဖို့ကောင်းတယ်"ဟုပြောသည်။

လိပ်ပြာကန်အလှကို ရှေးကတည်းက တေးသီချင်းများ ရေးဖွဲ့တင်စားစပ်ဆိုမှုများရှိခဲ့သော်လည်း ယခုကဲ့သို့ ဖျက်ဆီးနေမှုများကြောင့် သမိုင်းဝင်အလှတို့ ပျက်စီးမှုများရှိနေပြီဖြစ်သည်။ သက်ဆိုင်ရာတို့မှ ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်ပေးနိုင်ရန် မြို့ခံတို့က လိုလားလျက်ရှိသည်။ **(၄၂၈)**



# ရေနံချောင်းမြို့နယ် သူဌေးကုန်းကျေးရွာ မြစ်ရေတိုက်စားခံရ၍ ပြောင်းရွှေ့ရတော့မည်ဟုဆို



**ရေနံချောင်း နိုဝင်ဘာ ၈**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာတွင် မြစ်ကမ်းပါးပြိုကျနေမှုကြောင့် အိမ်ခြေ ၈၀ ရှိသည့်အနက် ၅၁ အိမ်ပြောင်းရွှေ့ခဲ့ရပြီး ကိုင်းမြေဧက ၃၀၀ ရှိခဲ့ရာမှ ဧက ၅၀ ဝန်းကျင်သာ ကျန်ရှိတော့သည့်အတွက် နေထိုင်ရေး မြေနေရာအခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရသည်။

ဧရာဝတီမြစ်လယ်ကျွန်းပေါ်တွင် တည်ရှိသော သူဌေးကုန်းကျေးရွာသည် နှစ်စဉ်နှစ်တိုင်းလိုလို မြစ်ရေတိုက်စားမှုဒဏ်ကြောင့် မကြာခဏ ပြောင်းရွှေ့ခဲ့ရပြီး ယခုတစ်ကြိမ်မှာ အဆိုးရွားဆုံးဖြစ်ကြောင်း၊ နောက်ထပ်နှစ်လကျော်အတွင်း ရွာလုံးကျွတ်ပြောင်းရွှေ့ရတော့မည့်အနေအထား ကြုံတွေ့ရဖွယ်ရှိကြောင်း ကျေးရွာသားများထံမှ သိရသည်။

ဒေသခံကျေးရွာသားများမှာ ကိုင်းမြေစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသူများဖြစ်ပြီး မြစ်ရေတိုက်စားမှုကြောင့် စိုက်ပျိုးသီးနှံများအပါအဝင် ကိုင်းမြေဧက ၁၅၀ ဝန်းကျင် ဆုံးရှုံးခဲ့ရသဖြင့် ဝိုင်းမြေနေရာဝယ်ယူရန်ထက် အိမ်ပြောင်းရွှေ့စရိတ်ပင် အခက်တွေ့နေကြရသည်ဟု ဒေသခံများက ပြောကြသည်။

"အခုထပ်ပြောင်းထားတဲ့ နေရာတွေကလည်း မကြာခင် ထပ်ပြောင်းရတော့မှာ။ ထပ်ပြောင်းဖို့ မြေနေရာနဲ့ ငွေရေးကြေးရေး အခြေအနေကလည်း အတော်ခက်ခဲနေကြတာ။ ကျွန်တော်တို့မှာ စိုက်ပျိုးဖို့မြေထက် နေဖို့ထိုင်ဖို့ နေရာတောင် အတော်အခက်တွေ့နေကြရတာ" ဟု ဒေသခံကျေးရွာသား ဦးမောင်ငယ်က ပြောသည်။

မကြာသေးမီက အိမ်ပြောင်းရွှေ့ခဲ့ရသူ ဦးထွန်းဝင်းက "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီတဲ့။ ကျွန်းမရှိတော့ ကျွန်တော်တို့ ဘယ်နှယ့်လုပ်စားရမလဲ။ ကျွန်တော့်အိမ်လည်း ပြောင်းရွှေ့ပြီး ပြန်မဆောက်နိုင်သေးလို့ ဒီအတိုင်းပုံထားပြီး ဆွေမျိုးတွေအိမ် တက်နေရတယ်" ဟု ပြောသည်။

ယင်းကျေးရွာသည် မြစ်ရေတိုက်စား၍ အကြိမ်ကြိမ်ပြောင်းရွှေ့ခဲ့ရမှုကြောင့် ယခုအခါ ရေနံချောင်းနယ်မြေမှ ပွင့်ဖြူနယ်မြေအတွင်း ပြောင်းရွှေ့နေထိုင်ရလျက်ရှိကြောင်း၊ ရေနံချောင်းနယ်မြေတွင် ၂၉ အိမ်သာ ကျန်ရှိတော့ကြောင်း၊ သက်ဆိုင်ရာမှ ကျေးရွာတည်ရန် မြေနေရာသတ်မှတ်ပေးပါက ရေနံချောင်းမြို့နယ်အတွင်းသာ နေထိုင်လိုကြောင်း သူဌေးကုန်းကျေးရွာ ရွာခွဲတာဝန်ခံ ဦးဝင်းနိုင်က ပြောသည်။

သူဌေးကုန်းကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂဇေကလည်း "သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ဘုန်းကြီးတို့ ကျေးရွာကလေးအတွက် ရွာသစ်ပြန်တည်ဖို့ မြေနေရာ အမြန်ဆုံးသတ်မှတ်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်" ဟု မြွက်ကြားခဲ့သည်။

သူဌေးကုန်းကျေးရွာ မြစ်ရေတိုက်စားခံနေရမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအခြေအနေအား ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်အား ဆက်သွယ်မေးမြန်းရာ "ပြောင်းရွှေ့နေရသူများအား အိမ်အပြောင်းအရွှေ့စရိတ်အဖြစ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ငွေကြေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း၊ ကျေးရွာမြေနေရာအတွက် အနီးဆုံးဖြစ်သည့် ကွက်သစ်ပိုင်းတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် စည်ပင်သာယာဌာနတို့အား ရှာဖွေတင်ပြရန် ညွှန်ကြားထားကြောင်း၊ အထက်သို့တင်ပြ၍ ခွင့်ပြုချက်ရလျှင် ပြောင်းရွှေ့နေထိုင်နိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ရေနံချောင်းမြို့နယ်တွင် ကျမ်းကိုင်ကျွန်း၊ မာန်ပြေကျွန်း၊ မိန်းမလှကျွန်း အပါအဝင် ရေတိုက်စားမှုဒဏ်ခံရသော ကျေးရွာပေါင်း ၃၃ ရွာရှိပြီး အချို့ကျေးရွာများမှာ ရွာလုံးကျွတ်ပြောင်းရွှေ့ရမည့်အနေအထား ကြုံတွေ့နေရသော်လည်း ကျွန်းကိုင်းမြေများကို မစွန့်ခွာလိုမှုကြောင့် ဆက်လက်နေထိုင်လျက်ရှိကြကြောင်း သိရသည်။

**ဇွဲထက်ရှင်**

## ယခုနှစ်ပျားလုပ်ငန်းရာသီတွင် ပျားရည်အထွက်ကောင်းသော်လည်းဈေးနှုန်းလျော့

**ကနီ နိုဝင်ဘာ ၈**
၂၀၁၆ ခုနှစ်ပျားမွေးမြူရေးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်၊ ကနီ၊ ဘုတလင်နှင့် ဒီပဲယင်းမြို့နယ်တို့တွင် ပျားမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ပျားရည်အထွက်နှုန်းကောင်းမွန်သော်လည်း ဈေးနှုန်းများ ကျဆင်းသဖြင့် ဝင်ငွေရရှိမှု လျော့ကျလျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ပျားရည်အတုများထွက်ပေါ်ခဲ့သည့် သတင်းများထွက်လာပြီး ယခုနှစ်တွင် ပျားရည်ဈေးနှုန်းများ ကျဆင်းခြင်းဖြစ်ကြောင်း၊ ယခုနှစ်ဈေးနှုန်းသည် ယမန်နှစ်ဈေးနှုန်းများထက် ထက်ဝက်ခန့် ကျဆင်းလျက်ရှိရာ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်အားခ၊ နေရာရွှေ့ပြောင်းစရိတ်များနှင့် အထွေထွေကုန်ကျစရိတ်များသဖြင့် တွက်ခြေကိုက်မှုနည်းပါးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ပျားမွေးမြူရေးရာသီမှာ ပျားရည်ထွက်ရှိမှုကတော့ ကောင်းပါတယ်။ ဒါပေမယ့် ပျားရည်ဈေးနှုန်းကျဆင်းတဲ့အတွက် သိပ်ပြီး အဆင်မပြေလှဘူး။ ခါတိုင်းနှစ် ပျားမွေးမြူရေးလုပ်ငန်းသိမ်းချိန်မှာ ပျားရည် တစ်ပီပါကို ငွေကျပ် ၆၅၀၀၀၀ ဈေးပေါက်ပေမယ့် အခုနှစ်မှာတော့ ၃၅၀၀၀၀ ပဲဈေးရတယ်။ ထက်ဝက်လောက်ဈေးကျတယ်။ လုပ်အားခတွေကလည်း တစ်နှစ်တစ်နှစ် ဈေးတက်လာတယ်။ ရွှေ့ပြောင်းခ၊ တခြား ကုန်ကျစရိတ်တွေကရှိတော့သိပ်ပြီး အဆင်မပြေလှဘူး။ မနှစ်က ပျားရည်အတုတွေပေါ်ခဲ့တဲ့အတွက် အခုပျားရည်ဈေးနှုန်းမှာလာပြီး ထိခိုက်တယ်လို့ ထင်တယ်" ဟု ကနီမြို့နယ်အတွင်း ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုကြည်စိုးက ပြောသည်။

ယခုနှစ် ပျားမွေးမြူရေးရာသီတွင် ပျားမွေးမြူရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကနီမြို့နယ်တွင် ပျားမွေးမြူရေး တောင်သူ ၁၁၆ ဦးမှ ပျားမွေးမြူရေးပုံး ၇၉၅၈၉ ပုံးဖြင့်လည်းကောင်း၊ ဘုတလင်မြို့နယ်တွင် ပျားမွေးမြူရေးတောင်သူ ၂၅ ဦးမှ ပျားမွေးမြူရေးပုံး ၈၃၈၄ ပုံးဖြင့်လည်းကောင်း၊ ယင်းမာပင်မြို့နယ်တွင် ပျားမွေးမြူရေး တောင်သူ ၃၆ ဦးမှ ပျားမွေးမြူရေးပုံး ၇၄၈၆ ပုံးဖြင့်လည်းကောင်း၊ ဒီပဲယင်းမြို့နယ်တွင် ပျားမွေးမြူရေး တောင်သူ ၁၁ ဦးမှ ပျားမွေးမြူရေးပုံး ၂၇၀၀ ဖြင့်လည်းကောင်း စုစုပေါင်း ပျားမွေးမြူရေးတောင်သူ ၁၈၈ ဦးတို့မှ ပျားပုံး ၉၈၁၅၉ ပုံးဖြင့် မွေးမြူလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုနှင့် ကလေးမြို့ရှိ ရုပ်ရှင်ရုံနှစ်ရုံသာ ရုပ်ရှင်ပြသ

**စစ်ကိုင်း နိုဝင်ဘာ ၈**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရုပ်ရှင်လုပ်ငန်းပိုင် ရုပ်ရှင်ရုံနှစ်ရုံအပါအဝင် ပုဂ္ဂလိကပိုင် ခုနစ်ရုံနှင့် မြို့မိမြို့ဖပိုင် တစ်ရုံစုစုပေါင်းရုပ်ရှင်ရုံ ၁၀ ရုံရှိသည့်အနက် သုံးရုံမှာ လုံးဝဖျက်သိမ်းခဲ့ပြီး ငါးရုံမှာခေတ္တနားကာ လက်ရှိတွင် ရွှေဘိုမြို့မှ 'ဝင်း' ရုပ်ရှင်ရုံနှင့် ကလေးမြို့မှ 'ပြည်တော်ချစ်' ရုပ်ရှင်ရုံ နှစ်ရုံတွင်သာ ရုပ်ရှင်ပြသတော့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။

"အခုချိန်မှာ နိုင်ငံပိုင်ရုပ်ရှင်ရုံရယ်လို့ မရှိတော့ပါဘူး။ ပုဂ္ဂလိကရုပ်ရှင်ရုံလုပ်ငန်းတွေကို လိုင်စင်လုပ်ပေးတာ၊ သက်တမ်းတိုးပေးတာကို ဆောင်ရွက်ပေးနေပါတယ်။ ပုဂ္ဂလိကရုပ်ရှင်ရုံအဖြစ် ခွင့်ပြုထားတဲ့မြေနေရာပေါ်မှာ အခြားလုပ်ငန်းတွေလုပ်ကိုင်တာတွေ မပြုလုပ်ဖို့နဲ့ ပြုလုပ်ရင်တရားစွဲဆိုတာတွေ လုပ်နေတာရှိပါတယ်။ သဘောကတော့ ရုပ်ရှင်ရုံမြေနေရာအဖြစ် ခွင့်ပြုထားရင် အဲဒီနေရာမှာ ရုပ်ရှင်ရုံထားပြီး ရုပ်ရှင်လုပ်ငန်းကိုပဲ လုပ်စေချင်တဲ့အတွက်ပါ"ဟုဦးဇော်လင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံများ၏ ပြသရေးလိုင်စင်ရရှိရန် စိစစ်ထောက်ခံတင်ပြပေးခြင်း၊ ရုပ်ရှင်ရုံများတွင် မော်ကွန်းသတင်းကားများ ပြသပေးခြင်းနှင့် မော်ကွန်းပြသမှုဌာနစိတ်မှ မြို့ပြကျေးလက်ဒေသများသို့ တိုင်းကျိုးပြည်ပြုသတင်းများ၊ ပညာပေးဇာတ်လမ်း ရုပ်ရှင်ကားများပြသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း ယခုလက်ရှိအခြေအနေအရ ရုပ်ရှင်ရုံများ တဖြည်းဖြည်းပျောက်ကွယ်လာခြင်းကြောင့် ရုပ်ရှင်လုပ်ငန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သိသာစွာ လျော့နည်းပြောင်းလဲသွားကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်နှစ်ခန့်ကမှစတင်၍ နယ်လှည့်ပြသော ရုပ်ရှင်ပြစက်ကြီးများ၏ အခန်းကဏ္ဍသည် ရပ်နားခဲ့ပြီး သယ်ယူရလွယ်ကူပြီး ပြသရန်လွယ်ကူသော ပရိုဂျက်တာထိုးပြသခြင်းက အစားထိုးလာသော်လည်း ဆက်သွယ်ရေးနည်းပညာ၏ လွှမ်းမိုးမှုအရှိန်အဝါကြောင့် ယခုအခါပရိုဂျက်တာထိုးပြသသော ရုပ်ရှင်ကားစနစ်သည်လည်း အရာမထင်ဖြစ်လာနေကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ယိုင်နဲ့ယိုယွင်းနေသည့် ရှင်မြို့ ကျေးရွာချောင်းကူးတံတား ပြုပြင်ရန် လိုအပ်လျက်ရှိ



**မိတ္ထီလာ နိုဝင်ဘာ ၈**

မိတ္ထီလာတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ချောင်းရေ ရေစီးသန်စွာစီးဆင်းမှုကြောင့် ယိုင်နဲ့ယိုယွင်းနေသည့် ရှင်မြို့ကျေးရွာ ချောင်းကူးတံတားပေါ်မှ ကျေးရွာဒေသခံပြည်သူများ နေ့စဉ်ဖြတ်သန်းသွားနေရသဖြင့် ယင်းချောင်းကူးတံတားအား ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာကန်ထဲကိုစီးဝင်တဲ့ နတ်စင်ချောင်းရေက ရှင်မြို့ကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းတာပါ။ မိတ္ထီလာမှာ မိုးအဆက်မပြတ်ရွာသွန်းတာကြောင့် ချောင်းရေစီးသန်ပြီး ရှင်မြို့ကျေးရွာချောင်းကူးတံတားက အလယ်ဒေါက်တိုင်တွေကျွံကျပြီးတော့ ယိုင်နဲ့ယိုယွင်းသွားတာ တစ်လနီးပါးရှိနေပါပြီ။ အဲဒီ ယိုင်နဲ့ယိုယွင်းနေတဲ့ ချောင်းကူးတံတားပေါ်ကနေပဲ ကျေးရွာဒေသခံ လူကြီး၊ လူငယ်၊ ကလေးအားလုံး ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေနဲ့ မိတ္ထီလာမြို့ပေါ်ကို နေ့စဉ်ဖြတ်သန်းသွားလာနေကြရတာပါ။ ဒါကြောင့် ဒီရှင်မြို့ကျေးရွာ ချောင်းကူးတံတားကို အမြန်ပြုပြင်ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ကျေးရွာဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ချောင်းရေစီးသန်မှုကြောင့် ယိုင်နဲ့ယိုယွင်းနေသည့် ရှင်မြို့ကျေးရွာချောင်းကူးတံတားအား တံတားအသစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုငွေ တင်ပြတောင်းခံထားကြောင်း သိရသည်။

ရှင်မြို့ကျေးရွာ ချောင်းကူးတံတားကို အသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ဖို့အတွက် ဌာနကို တင်ပြတောင်းခံထားပါတယ်။ အဲဒီချောင်းကူးတံတားက ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတဲ့ ချောင်းကူးတံတားလို့ ဒေသခံတွေက ပြောပါတယ်။ ရှင်မြို့ကျေးရွာချောင်းကူးတံတားအသစ်ကို အရှည် ပေ ၈၀၊ အကျယ် ၁၄ ပေ သစ်သား၊ သံပေါင်ရက်မ အမျိုးအစားနဲ့ ဆောက်လုပ်ပေးသွားဖို့ တင်ပြထားတာပါ" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအေးဇော်မြင့်က ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျေးရွာချင်းဆက်လမ်း ပြန်လည်ပြုပြင်ရန် ဒေသခံပြည်သူများမျှော်လင့်

**တပ်ကုန်း နိုဝင်ဘာ ၈**

နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာနှင့် သရက်ပင်ကျေးရွာ ကျေးရွာချင်းဆက်လမ်းတွင် ချောက်ပေါက်သံကူကွန်ကရစ်တံတား၏ ချဉ်းကပ်မြေသားလမ်းမှာ အောက်တိုဘာပထမပတ်က မိုးရွာသွန်းမှုများပြားသဖြင့် ရေစီးနောက်မျောပါပျက်စီးသွားခဲ့သဖြင့် အဆိုပါကျေးရွာချင်းဆက်လမ်းအား အမြန်ပြန်လည်ပြုပြင်ပေးစေရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိသည်။

"ကျွန်တော်တို့ကျေးရွာမှ ပျက်စီးနေတဲ့ ကျေးရွာချင်းဆက်လမ်းကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ တိုင်းဦးစီးမှူးနှင့် တိုင်းအင်ဂျင်နီယာ၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ရုံးမှ တာဝန်ရှိသူများ နိုဝင်ဘာ ၄ ရက်နံနက်ပိုင်းက လာရောက်ကြည့်ရှု၍ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံပါတယ်။

"တဲမြင့်ကျေးရွာအုပ်စုအတွင်းရှိ တဲမြင့်၊ သရက်ပင်နှင့် ပေတောကျေးရွာတို့မှ ဒေသခံပြည်သူများမှာ ပညာရေး၊ ကျန်းမာရေးနှင့် တောင်သူလုပ်ငန်းခွင်မှရရှိသည့် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရေးအပြင် မြို့ပေါ်ဈေးနှင့် ညောင်လွန့်ဈေးများသို့ နေ့စဉ်ချက်ပြုတ်စားသောက်ရတဲ့ ကုန်ပစ္စည်းများ ဝယ်ယူရာ၌လည်း အားကိုးအားထားပြု သွားလာနေရတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ ယခု လမ်းပျက်စီးနေတဲ့အခါ သွားလာရာတွင် အနည်းငယ်အခက်အခဲ ကြုံတွေ့နေကြရပါတယ်။ ပွင့်လင်းရာသီတွင် အမြန်ဆုံးပြန်လည်ပြုပြင်ရန် ဒေသခံပြည်သူများမျှော်လင့်နေပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

**တင်စိုးလွင်**



# စွန့်ပစ်အမှိုက်ပုံများကြောင့် ရွှေဂူပုဂံတောင်တောရကျောင်း တရားစခန်းဝင်သူများ အခက်အခဲဖြစ်ပေါ်နေ

**ရေတာရှည် နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အရှေ့တောင်ဘက် မျက်နှာပြင်ကျေးရွာသွားလမ်းဘေးရှိ စွန့်ပစ်အမှိုက်ပုံများနှင့် အမှိုက်များမီးရှို့မှုကြောင့်ထွက်ပေါ်လာသည့် အနံ့အသက်ဆိုးများကြောင့် ရွှေဂူပုဂံတောင်တောရကျောင်း၌ သီတင်းသုံးလျက်ရှိသော သံဃာတော်များအပြင် တရားအားထုတ်လျက်ရှိသည့် ယောဂီများအတွက် အခက်အခဲများစွာကြုံတွေ့နေကြရကြောင်း ဆရာတော်တစ်ပါးက မိန့်ကြားသည်။



"အမှိုက်ပုံကအနံ့အသက်တွေက မခံမရပ်နိုင်အောင်ဖြစ်ရတယ်။ နောက်ကုန်စိမ်းဖြစ်တဲ့ ဂေါ်ဖီဖတ်တွေက ပုပ်တော့ပိုဆိုးတယ်။ အမှိုက်တွေမီးရှို့တဲ့အခါ မီးခိုးတွေနဲ့အနံ့အသက်တွေက ဒီမှာတရားအားထုတ်သူတွေအတွက် ဘယ်လိုမှမခံနိုင်ဘူးဖြစ်နေတာ။ ဂိလာနဆရာတော်ကြီးအတွက် ကျန်းမာရေးအများကြီးထိခိုက်ပါတယ်"ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ရေတာရှည်မြို့နှင့်မျက်နှာပြင်ကျေးရွာသို့ ရာသီမရွေးသွားလာနိုင်ရန် မျက်နှာပြင်ကျေးရွာနေဒေသခံများက ကိုယ့်အားကိုယ်ကိုး ပြုပြင်ထားခြင်းဖြစ်ကာ စွန့်ပစ်အမှိုက်များမှာ လမ်းပေါ်အထိရောက်ရှိနေပြီး အမှိုက်ပုံများအား မွှေနှောက်ရှာဖွေသူများကြောင့်လည်း အမှိုက်များပါ လမ်းပေါ်သို့ပြန့်ကြဲရောက်ရှိနေကြောင်း မျက်နှာပြင်ကျေးရွာနေရွာမိ၊ ရွာဖတစ်ဦးက ပြောကြားသည်။

နေ့စဉ်စည်ပင်သာယာရေးအဖွဲ့မှ သိမ်းဆည်းစွန့်ပစ်လျက်ရှိသည့် အမှိုက်များမှာ စွန့်ပစ်မြေနေရာရှားပါးခြင်းကြောင့် အခက်အခဲများစွာရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



ဘီးလင်းမြို့နယ် ဇုတ်သုတ်-ဇုတ်က္ကလိနှင့် တခြားရွာခွဲလေးများ၏ ကျေးရွာချင်းဆက် ကုန်သွယ်လမ်းဖြစ်သော နီတိုတံတားသည် လွန်ခဲ့သောရက်အနည်းငယ်က ပင်မသံဖရိန်များကျိုးကျ၍ ရေလည်ထောင့်တိုင်များကျွံကျသဖြင့်သွားလာရန် အလွန်အန္တရာယ်ကြီးမားသော အခြေအနေသို့ရောက်ရှိနေကြောင်း သိရသည်။ ယင်းတံတားအရှည်မှာ ပေ ၂၀၀ ခန့်ရှိပြီး ဆန်စပါးပေါ်ချိန်တွင် အဓိကတင်ပို့ရောင်းချသည့် ကုန်သွယ်လမ်းဖြစ်ပြီးသည်။ ယခုဆိုလျှင် တောင်သူများအနေဖြင့် အဓိကပင်မကုန်သွယ်တံတား ကျွံကျခဲ့သဖြင့် လွန်စွာစိုးရိမ်နေကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ပထမအကြိမ်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ဒေသဖွံ့ဖြိုးရေး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ပထမအကြိမ်ပေးအပ်ပွဲကို နိုဝင်ဘာ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ တိုင်းဒေသကြီး (၁) ဦးဝင်းမောင်နှင့် တိုင်းဒေသကြီး (၂) ဦးမြတ်မင်းသူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးရေးကော်မတီအတွင်းရေးမှူး ဦးအောင်ကိုဦးတို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စုကိုးအုပ်စုမှ ဒေသဖွံ့ဖြိုးရေးကော်မတီများ တက်ရောက်၍ ပထမအကြိမ် ဖွံ့ဖြိုးရေးရန်ပုံငွေ၏ ၇၀ ရာခိုင်နှုန်းအား လက်ခံရယူကြကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရသည်။

**(၃၂၉)**

# အသိပညာပေးဟောပြောပွဲကျင်းပ

**ဖောင်းပြင် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် လယ်ဦးအုပ်စု တုံကောင်းမှုကျေးရွာဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲက ပြန်/ဆက် ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီစောက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်အေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းကျဆင်းရေးအကြောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးညီညီစံက ဥပဒေရေးရာအကြောင်း၊ မြို့နယ်တရားသူကြီး ဦးခိုင်ကျော်စိုးက တရားဥပဒေရေးရာအကြောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) မှ ဦးနိုင်လင်းက မူးယစ်ဆေးဝါးမှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် ကျန်းမာရေးအသိပညာအကြောင်း အသိပညာပေးဆွေးနွေးပြီး (MANA) မှ ဖြန့်ဝေသော လက်ကမ်းစာစောင်များကို တက်ရောက်လာသော ပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ပြီးနောက် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးဇေယျာဝင်းက ဖတ်ပါမှတ်ပါလေ့လာပါ ခေါင်းစဉ်ဖြင့် သိကောင်းစရာများကို အသီးသီးဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ရပ်မိရပ်ဖတစ်ဦး က ကျေးရွာနေပြည်သူများ၏ ကိုယ်စား သိရှိလိုသည်များကို တင်ပြဆွေးနွေးခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာ အားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# "ဧရာဝတီ" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမျိုးသားမြစ်ကြီး

**ယမန်နေ့မှအဆက်**

**ခ** ပါမောက္ခမောင်မောင်အေး(ဘူမိရုပ်သွင်)

ဂွင်းလွှာတွန့်များ (Folds)သည် စွမ်းအင်လောင်စာဖြစ်သော ရေနံကိန်းအောင်းတည်ရှိနေသဖြင့် အထူးအရေးကြီးလှပါသည်။ ဧရာဝတီသည် မိုးနည်းခြောက်သွေ့ရပ်ဝန်းအတွင်းတွင် ပုံမှန်မဟုတ်ဘဲ ပုံစံအမျိုးမျိုးဖြင့် ကွေ့ကာဝိုက်ကာစီးဆင်းသည်။ မြစ်ချိုင့်ကြောင်း၏ တစ်ဖက်တစ်ချက်တွင် နုန်းတင်မြေအနည်များနှင့် တည်ဆောက်ထားပါက မြစ်ကမ်းပါးများနိမ့်ပြီး ယင်းနုန်းဖြင့်ပြီးသော မြစ်ကမ်းများ၏နောက်ဖက်တွင် သဲကမ်းပါးများက အနားသတ်ပေးထားလေ့ရှိသည်။ သဲမြစ်ကမ်းဆင့်များ (Sand Terraces)အနီးတွင်မူ ဧရာဝတီမြစ်ဘေး၌ မတ်စောက်သောကမ်းပါးများကိုတွေ့ရပါသည်။ ပုဂံ (Bagan)၊ လမ်းရွာ(Lanywa)နှင့် ရေနံချောင်း (Yenanchaung) အရပ်တို့ရှိ မြစ်ကမ်းပါးများသည် အကောင်းဆုံးဥပမာများ ဖြစ်ကြပါသည်။

**စတုတ္ထမြစ်ကျဉ်း**

သရက်မြို့ (Thayetmyo) ၏ တောင်ဖက်တွင် အရှေ့ဘက်မှ ပဲခူးရိုးမ၏တောင်စွယ်များနှင့် အနောက် ဘက်မှ ရခိုင်ရိုးမ၏တောင်စွယ်တို့သည် ဧရာဝတီမြစ်အနီးသို့ ရောက်သည့်တိုင် ချဉ်းကပ်လာကြသောကြောင့် မြစ်ပြင်မှာသရက်မြို့နှင့်ပြည်မြို့(Pyay)အကြားတွင် ကျဉ်းမြောင်းသည်။ ထို့ကြောင့် ဤနေရာကို အချို့က ဧရာဝတီ၏ စတုတ္ထမြစ်ကျဉ်း (The Fourth Defile) ဟုလည်း ခေါ်ဆိုတတ်ပါသည်။

ပြည်မြို့၏တောင်ဘက် ၁၄၄ ဒသမ ၈ ကီလိုမီတာ (မိုင် ၉၀) အကွာတွင်ရှိသော ညောင်ဂျိုး (Nyaunggyo) အရပ်မှစ၍ ဧရာဝတီမြစ်ဝကျွန်းပေါ် (Ayeyarwady Delta)၏ ပထမဦးဆုံးမြစ်ခွဲ (Distributary) ဖြစ်သော ပုသိမ်မြစ် (Pathein River) (ဝါ) ငဝန်မြစ် (Ngawun River) စတင်ခွဲဖြာသည်။ အကယ် စင်စစ်မူ မြစ်ဝကျွန်းပေါ်အခြေအနေများသည် ပြည်မြို့၏တောင်ဘက် ၈၅ ဒသမ ၃ ကီလိုမီတာ(၅၃ မိုင်) ခန့် အကွာတွင်ရှိသော မြန်အောင်မြို့(Myanaung)အနီးကျမှသာ အမှန်တကယ်စတင်ခြင်းဖြစ်ပါသည်။

**ဧရာဝတီမြစ်ဝကျွန်းပေါ်**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြောက်မှ တောင်သို့ ၂၈၉ ဒသမ ၇ ကီလိုမီတာ (မိုင် ၁၈၀)ရှည်လျားပြီး အနောက်မှ အရှေ့သို့ ကမ်းရိုးတန်းတစ်လျှောက် ၂၄၁ ဒသမ ၄ကီလိုမီတာ (မိုင် ၁၅၀) ကျယ်ပြန့်သည်။ ကြိုးလိမ်နေသကဲ့သို့ ရှုပ်ထွေးစွာစီးဆင်းနေသည့် မြစ်ခွဲပေါင်းများစွာတို့က ပေါင်းစည်းလိုက်၊ ခွဲခွာလိုက်၊ ပြန်လည်ခွဲခွာလိုက်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံးကို နေရာအပြည့်ယူထားသည်။ မြစ်ဝကျွန်းပေါ်ဒေသ၏တောင်ပိုင်းရှိ မြစ်ချောင်းများမှာ ပင်လယ်ဒီရေအတက်အကျ၊ အဝင်အထွက်ရှိသော ဒီရောက်ချောင်းများ (Tidal Creeks) ဖြင့်ဖွဲ့စည်းတည်ဆောက်ထားသည့် ကွန်ရက်ပင်ဖြစ်သည်။

မြစ်ရိုးချောင်းရိုးများတစ်လျှောက်တွင် သဘာဝနုန်းတာများ (Natural Levees) ဖြစ်ထွန်းလျက်ရှိရာ မြစ်ဝကျွန်းပေါ်ဒေသရှိကျွန်းများသည် ဘေးပတ်လည်အနားစွန်းတစ်လျှောက် တွင်မြင့်ပြီး အလယ်ဗဟိုချိုင့်ဝှမ်းအရပ်သို့ တဖြည်းဖြည်းနိမ့် ဆင်းသွားသဖြင့် ပန်းကန်ပြားပုံသဏ္ဌာန်ဖြစ်သည်။ ဤမြစ်ဝကျွန်းပေါ်ဒေသတွင် ဧရာဝတီမြစ်ကြီးသည်မုတ္တမပင်လယ် ကွေ့အတွင်းသို့ အဓိကမြစ် ပေါက် ကိုးပေါက် (Nine Major Mouths) ဖြင့်စီးဆင်းဝင်ရောက်သည်။ ၎င်းမြစ် ပေါက်ကြီးများမှာ အနောက်ဘက်မှ အရှေ့ဘက်သို့ အစီအစဉ်အတိုင်းကြည့်လျှင် ပုသိမ်မြစ်(ငဝန်မြစ်)၊ သက်ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြန်မလော့မြစ်၊ ပြင်စလူမြစ်၊ ဧရာဝတီမြစ် (ပင်မမြစ်ပေါက်)၊ ဘိုကလေးမြစ်၊ ဖျာပုံမြစ်၊ သံဒိမြစ်နှင့် တိုးမြစ်တို့ဖြစ်ကြပါသည်။ ဤဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကြီး၏ ပေါ်လွင်ထင်ရှားမှုအရှိဆုံးဝိသေသလက္ခဏာရပ်မှာ မြေမျက်နှာသွင်ပြင် ညီညာပြန့်ပြူးခြင်းနှင့် အလွန်အမင်းနိမ့်ပါးခြင်းဖြစ်ပါသည်။

ဧရာဝတီမြစ်စဉ်စုတစ်ခုလုံးမှ တိုက်စားသယ်ဆောင်လာခဲ့သော ကျောက်စရစ်၊ သဲ၊ နုန်း၊ မြေစေးစသည့် အနည်အနှစ်အားလုံးကို အဓိကမြစ်ပေါက်ကြီး ကိုးပေါက်မှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာ (Indian Ocean) ကပ္ပလီပင်လယ် (Andaman Sea)၊ မုတ္တမပင်လယ်ကွေ့ (Gulf of Mottama) အတွင်းသို့ ထုတ်လွှတ်ပို့ချသည်။ ဤသို့ဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ယေဘုယျအားဖြင့် နှစ်ပေါင်း ၁၀၀ လျှင် ၃ မိုင်နှုန်းဖြင့် တောင်အရပ်ရှိ ပင်လယ်ဘက်ဆီသို့ တိုးချဲ့လျက်ရှိသည်ဟု အချို့ပညာရှင်များက ခန့်မှန်းကြပါသည်။ အကယ်စင်စစ် ဤဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်အိုးကြီး (Major Rice Bowl of Myanmar) ပင်ဖြစ်ပါသည်။

**ဧရာဝတီမြစ်ကြီး၏အဓိကလက်တက်များ**

မေခ-မလိခ မြစ်ဆုံဒေသ၏ တောင်ဘက် အနီးတစ်ဝိုက်တွင် ဧရာဝတီ၏ အရေးအကြီးဆုံး မြစ်လက်တက်များမှာ နမ့်ကောင်း (Nam Kawng) (ဝါ) မိုးကောင်းမြစ် (Mogaung)၊ မိုးလဲမြစ် (Mole) နှင့် တာပိန်မြစ် (Taping) တို့ဖြစ်ကြသည်။ မိုးကောင်းမြစ်သည် အင်းတော်ချောင်း (Indaw) နှင့် ပေါင်းဆုံပြီး ဧရာဝတီမြစ်ကြီးအတွင်းသို့ အနောက်ဘက်မှ စီးဝင်သည်။ ထိုမြစ်တွင် မိုးဥတုအခါ၌ ရေယာဉ်ငယ်များအနေဖြင့် ဧရာဝတီမြစ်မကြီးနှင့် ဆုံသည့်နေရာမှ မြစ်ညာပိုင်းသို့ မိုင်အနည်းငယ် ဆန်တက်သွားလာနိုင်ပါသည်။

တောင်ဘက်သို့ ဆင်းလာလျှင် ဧရာဝတီမြစ်မကြီးအတွင်းသို့ အရှေ့ဘက် ရှမ်းကုန်းမြင့်မှ မြစ်ဖျားခံလာသော ရွှေလီမြစ် (Shweli) စီးဝင်ပေါင်းဆုံပြီး အနောက်ဘက်မှ မဲဇာမြစ် (Meza)စီးဝင်သည်။

မန္တလေးမြို့အောက်ဘက်တွင် မြစ်ငယ်မြစ် (Myitnge) (ဝါ) နမ္မတူမြစ် (Namtu) (ဝါ) ဒုဋ္ဌဝတီမြစ် (Dothtawadi) သည် အရှေ့ဘက်ရှမ်းကုန်းမြင့်မှ မြစ်ဖျားခံပြီး စီးဝင်ပေါင်းဆုံသည်။ သို့သော် ဤမြစ်သည် ရေကြောင်းသွားလာရေးအတွက် များစွာအသုံးမဝင်လှချေ။ မြစ်ငယ်မြစ်ပေါင်းဆုံသည့်နေရာ၏အောက်ဘက်တွင် မြင်းမူ (Myinmu)အရပ်၌ မြောက်ဘက်မှစီးဆင်းလာသော မူးမြစ် (Mu River) သည် ဧရာဝတီမြစ်မကြီးအတွင်းသို့ စီးဝင်ပေါင်းဆုံသည်။

ဧရာဝတီမြစ်မကြီး၏ အဓိကမြစ်လက်တက်ကြီးမှာ ချင်းတွင်းမြစ် (Chindwin River) ဖြစ်သည်။ ချင်းတွင်းမြစ်၏လက်တက်များမှာ ဥရုမြစ် (Uru) နှင့် မြစ်သာမြစ် (Myittha) တို့ဖြစ်ကြသည်။ ချင်းတွင်းမြစ်သည် ပခုက္ကူမြို့ (Pakokku)၏မြောက်ဘက်တွင် ဧရာဝတီမြစ်မကြီးအတွင်းသို့ စီးဝင်ပေါင်းဆုံသည်။ ချင်းတွင်းမြစ်တွင် ဟုမ္မလင်းမြို့ (Homalin)အထိ တစ်နှစ်ပတ်လုံး ရေကြောင်းသွားလာနိုင်သည်။

ထိုမှတောင်ဘက်သို့ ဆက်လက်ဆင်းလာလျှင် လက်တက်ငယ်ပေါင်းများစွာတို့သည် ဧရာဝတီမြစ်မကြီးအတွင်းသို့ စီးဝင်လျက်ရှိကြသည်ကို တွေ့ရသည်။ ထင်ရှားသော လက်တက်များမှာ အရှေ့ဘက်မှ ပင်းချောင်း (Pin)၊ ဒေါင်းနေချောင်း (Daungnay) နှင့် ယင်းချောင်း (Yin) တို့ဖြစ်ကြပြီး အနောက်ဘက်မှ ယောချောင်း (Yaw)၊ စလင်းချောင်း (Salin)၊ မုန်းချောင်း (Mon)၊ မန်းချောင်း (Mann )နှင့် မင်းတုန်းချောင်း (Mindon) တို့ဖြစ်ကြသည်။ ပြည်မြို့အနီးတွင် နဝင်းချောင်း (Nawin) သည် အရှေ့ဘက်မှနေ၍ ဧရာဝတီမြစ်မကြီးအတွင်းသို့ စီးဝင်ပေါင်းဆုံသည်။

**နုန်းတင်မြစ်ဝှမ်းလွင်ပြင်များ**

မြန်မာနိုင်ငံအလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး (Central Basin of Myanmar) အတွင်း ထင်ရှားအရေးပါသော နုန်းတင်မြေနုလွင်ပြင်များမှာ အကယ်စင်စစ် ဧရာဝတီမြစ်ကြီးနှင့် ယင်း၏မြစ်လက်တက်များက တည်ဆောက်ထားသော မြစ်ဝှမ်းလွင်ပြင်များပင်ဖြစ်ကြသည်။ ယေဘုယျအားဖြင့် လွင်ပြင်များသည် တောင်ပိုင်းတွင် ပိုမိုကျယ်ပြန့်ပြီး မြောက်ပိုင်းသို့ သေးသွယ်ကျဉ်းမြောင်းသွားသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး၏ မြောက်ဘက်ဆုံးပိုင်းတွင် အရေးကြီးဆုံးလွင်ပြင်များမှာ ပူတာအိုလွင်ပြင်၊ ဟူးကောင်းချိုင့်ဝှမ်း၊ မိုးကောင်းလွင်ပြင်နှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် တစ်ဖက်တစ်ချက်တွင်တည်ရှိသော လွင်ပြင်များဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးရေအိုင်ဖြစ်သော အင်းတော်ကြီးအိုင် (Indawgyi Lake) သည် မိုးကောင်းလွင်ပြင် (Mokaung Plain) ၏ အနောက်ဘက်တွင် တည်ရှိသည်။ တောင်ဘက်တွင်တွေ့ရသော အတန်ငယ်ကြီးသည့် လွင်ပြင်နှင့် ချိုင့်ဝှမ်းများအနက် မူးချိုင့်ဝှမ်း (Mu Valley)၊ ချင်းတွင်းမြစ်အနောက်ဘက်ရှိ ပုလဲလွင်ပြင် (Pale Plain) နှင့် ဧရာဝတီမြစ်အရှေ့ဘက်ရှိ မန္တလေး-ကျောက်ဆည်လွင်ပြင် (Mandalay-Kyaukse Plain) တို့မှာထင်ရှားသည်။ ထိုမှတောင်ဘက်သို့ဆင်းလာလျှင် ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းတွင် စလင်းချောင်း၊ မုန်းချောင်းနှင့် မန်းချောင်းတို့စုပေါင်းတည်ဆောက်ထားသော မင်းဘူးလွင်ပြင် (Minbu Plain)တည်ရှိပြီး မြစ်မကြီး၏အရှေ့ဘက်၊ ဧရာဝတီမြစ်နှင့် ပဲခူးရိုးမ (Bago Yoma) အကြားတွင် ယင်းချောင်းလွင်ပြင် (ဝါ) တောင်တွင်းကြီးလွင်ပြင် (Yin Chaung Plain or Taungdwingyi Plain) ကိုတွေ့ရသည်။ မြန်မာနိုင်ငံအလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး၏တောင်ဘက်အကျဆုံးပိုင်းသည် ကြီးမားကျယ်ပြန့်သော လွင်ပြင်ဒေသကြီးတစ်ခုဖြစ်သည်။ သရက်မြို့နှင့် ပြည်မြို့အကြား ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် မည်သည့်လွင်ပြင်မှမရှိသော်လည်း ပဲခူးရိုးမ၏အရှေ့ဘက်တွင်မူ ကျယ်ပြန့်သော စစ်တောင်းမြစ်ဝှမ်းဒေသတည်ရှိနေပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်လွင်ပြင်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးလွင်ပြင်ဖြစ်ပြီး စုစုပေါင်းဧရိယာမှာ ၃၁,၀၈၀ စတုရန်းကီလိုမီတာ (၁၂,၀၀၀ စတုရန်းမိုင်) ကျယ်ဝန်းပါသည်။

**ဧရာဝတီ၏တိုက်စားအား**

ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံ၏ အရေးကြီးသော မြစ်ကြီးများ၏ အနည်ဝန် (sediment load) (ဝါ) အနည်ဘတ်ဂျက် (sediment budget) နှင့် စပ်လျဉ်း၍ မကြာသေးမီအချိန်ကာလအထိ စူးစမ်းလေ့လာမှတ်တမ်းတင်ထားသော သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများမှာ မရှိသလောက် ရှားလှပါသည်။ မြန်မာနိုင်ငံမျက်နှာပြင်ဧရိယာ၏သုံးပုံနှစ်ပုံခန့်သည် ဧရာဝတီမြစ်ကြီးနှင့် ယင်း၏ မြစ်လက်တက်ကြီးငယ်များစုပေါင်းတည်ဆောက်ထားသော ရေဆင်းနယ် (Drainage Area) ဖြစ်သည်။

ထို့ကြောင့် ဧရာဝတီမြစ်စဉ်စု (Ayeyarwady Drainage System) သည် မြန်မာနိုင်ငံ၏ အရေးအကြီးဆုံး မြစ်စဉ်စုကြီးဖြစ်ပါသည်။ ဧရာဝတီမြစ်ကြီးသည် ကမ္ဘာပေါ်တွင် တိုက်စားအားအမြန်ဆုံးမြစ်များ စာရင်းတွင် ပါဝင်သည်။ အာဖရိကတိုက်မှ နိုင်းလ်မြစ် (Nile)၊ မြောက်အမေရိကတိုက်မှ မစ္စစ္စပီမြစ် (Mississippi)၊ အာရှတိုက်မှဂင်္ဂါမြစ်(Ganges)၊ ဥရောပတိုက်မှဒင်ညူမြစ် (Danube)တို့ထက် တိုက်စားမှုအားပိုမိုကောင်းပါသည်။ ၁၉ ရာစုအချိန်က ပညာရှင်ဆာဒေါက်တာဂေါ်ဒန် (Sir Dr. Gordon) ၏ သုတေသနတွေ့ရှိချက်အရဆိုလျှင် ဧရာဝတီမြစ်သည် မြစ်ဝကျွန်းပေါ်ဒေသ၏ထိပ်အထိ နှစ်စဉ်တိုက်စားသယ်ဆောင်လာသော တွဲလွဲခိုအနည်ဝန် (Suspended Sediment Load) ပမာဏမှာ တန်ချိန် ၂၆၁ သန်းခန့်ရှိသည်ဟု သိရသည်။ ပျော်ဝင်အနည် (Dissolved Load) ပမာဏမှာမူ တန်ချိန် ၄၈ သန်းခန့်ရှိမည် ဟုဆိုပါသည်။ ဧရာဝတီမြစ်သည် ကမ္ဘာပေါ်ရှိ မြစ်များအနက် တွဲလွဲခိုအနည် (Suspended Load) ပဥ္စမ အများဆုံးထုတ်လုပ်နိုင်သောမြစ်ဖြစ်ပြီး စုစုပေါင်းပျော်ဝင်အနည် (Total Dissolved Load) သယ်ဆောင်ထုတ်လုပ်မှုမှာလည်း စတုတ္ထစွဲပါသည်။

စာရေးသူ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင်ရှိစဉ် ယင်းတက္ကသိုလ်၊ ပထဝီဝင်ဌာနနှင့် (U.K)နိုင်ငံ၊ စကော့တလန်ပြည်နယ် (Scotland)၊ (University of St. Andrews)တို့ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ သုံးနှစ် (MoU) ရေးထိုးပြီးဆောင်ရွက်ခဲ့သော ပူးတွဲသုတေသနလုပ်ငန်းတစ်ခုတွင် ဧရာဝတီမြစ်၏ တစ်နှစ်အတွင်း တွဲလွဲခိုအနယ်ပျမ်းမျှထုတ်လုပ်မှုမှာ တန်ချိန်သန်းပေါင်း ၃၆၄ဟု အသစ်တွေ့ရှိခဲ့ပါသည်။ (The new annual AR suspended sediment load is 364±60 MT) ချင်းတွင်းမြစ်သည် ယင်း၏မြစ်ဝှမ်းဒေသမျက်နှာပြင်ကို တစ်နှစ်လျှင် သုည ဒသမ ၇၈ မီလီမီတာနှုန်းဖြင့်လည်းကောင်း၊ ဧရာဝတီမြစ်သည် ယင်း၏ မြစ်ဝှမ်းဒေသမျက်နှာပြင်ကို (ပြည်မြို့အထက်တွင်) တစ်နှစ်လျှင် သုည ဒသမ ၅၂ မီလီမီတာနှုန်းဖြင့်လည်းကောင်း အသီးသီးတိုက်စားချလျက်ရှိပါသည်။ (ဥရောပတိုက်ရှိ ဒန်းနုမြစ်သည် ယင်း၏မြစ်ဝှမ်းဒေသမျက်နှာပြင်ကို တစ်နှစ်လျှင် သုည ဒသမ ဝ၀၆ မီလီမီတာနှုန်းဖြင့် တိုက်စားချပါသည်။) ဘူမိရုပ်သွင်နှင့် ဇလဗေဒဖြစ်စဉ်များ ရှုထောင့်မှကြည့်လျှင် မြန်မာနိုင်ငံအလယ်ပိုင်း၊ မိုးနည်းခြောက်သွေ့ဒေသ (Dry Zone of Central Myanmar) တစ်နည်းအားဖြင့် ဧရာဝတီ၊ ချင်းတွင်းမြစ်ဆုံဒေသ (the Confluence Region of Ayeyarwady and Chindwin Rivers)သည် ကမ္ဘာပေါ်တွင် တည်ငြိမ်မှုအနည်းဆုံးရပ်ဝန်းများအနက် တစ်ခု (one of the least stable in the world) အပါအဝင်ဖြစ်သည်ဆိုသောအချက်ကို အထူးသတိချပ်သင့်ပါသည်။

အလွန်အမင်းလျင်မြန်စွာတိုက်စားခြင်းကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများမှာ

(၁)တောင်တန်းကုန်းမြင့်ဒေသများရှိ ရေဖမ်းချိုင့်ဝှမ်းများ (reception basins)ကို ပျော့ ပျောင်းနူးညံ့သော ကျောက်များ (soft friable rocks) ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း၊

(၂)မတ်စောက်သောတောင်စောင်းဆင်ခြေလျှောများပေါ်သို့ မိုးများပြင်းထန်စွာရွာကျခြင်း၊

(၃)တောင်ယာစိုက်ပျိုးလုပ်ကိုင်ခြင်းကြောင့် မြေပြင်ကို ဖုံးကာပေးသော သစ်ပင်သစ်တောများ ပျက်စီးဆုံးရှုံးရခြင်း စသည်တို့ဖြစ်ကြတယ်။

ဧရာဝတီမြစ်စဉ်စုဆိုသည်မှာ ပင်မမြစ်ကြီးဖြစ်သော ဧရာဝတီမြစ်နှင့်တကွ ယင်းအတွင်းသို့ စီးဝင်ပေါင်းဆုံကြသော မြစ်လက်တက်အကြီး၊ အလတ်၊ အငယ်အားလုံး၊ ချောင်းလက်တက်အကြီး၊ အလတ်၊ အငယ်အားလုံး၊ မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ခွဲ၊ချောင်းခွဲအကြီး၊ အလတ်၊ အငယ်အားလုံးတို့ကို ပေါင်းခြုံ၍ခေါ်ဝေါ်ခြင်းဖြစ်သည်။ ဧရာဝတီမြစ်စဉ်စုကြီးတစ်ခုလုံးနှင့် စပ်လျဉ်းသော ပထဝီဝင်ဆိုင်ရာ ဖြစ်စဉ်များ၊ ဘူမိဗေဒဆိုင်ရာ ဖြစ်စဉ်များ၊ ဘူမိရုပ်သွင်ဆိုင်ရာဖြစ်စဉ်များ၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဖြစ်စဉ်များ၊ ဇီဝဗေဒဆိုင်ရာဖြစ်စဉ်များ၊ ဂေဟဗေဒဆိုင်ရာဖြစ်စဉ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖြစ်စဉ်များစသည့် ရူပဖြစ်စဉ်များအားလုံးကိုသာမက လူမှုစီးပွားဆိုင်ရာ အချက်အလက်များကိုပါ သက်ဆိုင်ရာပညာရှင်များ၊ သုတေသီများက သိပ္ပံနည်းကျကျ စူးစမ်းလေ့လာမှုများ ပြုလုပ်သင့်ပါသည်။ ထို့နောက် သုတေသနတွေ့ရှိချက်များကို အချက်အလက်ဘဏ်ကြီးတစ်ခု (A Data Bank) ဖွင့်ပြီး စနစ်တကျ သိုလှောင်သိမ်းဆည်းထားသင့်သည်။ နိုင်ငံနှင့် လူမျိုးအတွက် လိုအပ်သောအချိန် (အထူးသဖြင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်တော့မည့်အချိန်) တွင် အကျိုးရှိရှိထုတ်ယူသုံးစွဲနိုင်ရပေမည်။ ဧရာဝတီမြစ်ဝှမ်းဒေသကြီးနှင့်ပတ်သက်၍ ယုံကြည်ကိုးစားလောက်ပြီး ခိုင်လုံသောသတင်းအချက်အလက်များ (Reliable & Valid Data)ကို ပေးစွမ်းနိုင်သည့်အဖွဲ့အစည်းတစ်ခုရှိရန် အထူးလိုအပ်လျက်ရှိပါသည်။ (အဓိကလစ်ဟာမှုကြီး) ဖြစ်ပါသည်။ ဤလုပ်ငန်းများမှာ တစ်ပွဲတိုးသက်သက်မဟုတ်ဘဲ ရေရှည်စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးလုပ်ငန်းတာဝန်များဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။ သို့ဖြစ်ရာ အဆိုပါ လုပ်ငန်းတာဝန်များကို ထိရောက်တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဧရာဝတီမြစ်ဝှမ်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားကော်မရှင်- (National Commission on the Development of Ayeyarwady River Basin) သို့တည်းမဟုတ် ဧရာဝတီမြစ်ဝှမ်းအာဏာပိုင်အဖွဲ့ (Ayeyarwady River Basin Authority) ကို ပညာရပ်မျိုးစုံမျိုးကွဲမှ အမှန်တကယ်ကျွမ်းကျင်သည့် ပညာရှင်များ၊ သုတေသီများနှင့် အမြန်ဆုံးဖွဲ့စည်းတည်ထောင်ဆောင်ရွက်သင့်ကြောင်း စေတနာကောင်းဖြင့် အကြံပြုရေးသားအပ်ပါသည်။

> "ဧရာဝတီမြစ်စဉ်စုကြီး တစ်ခုလုံးနှင့် စပ်လျဉ်းသော ပထဝီဝင်ဆိုင်ရာ ဖြစ်စဉ်များ၊ ဘူမိဗေဒ ဆိုင်ရာ ဖြစ်စဉ်များ၊ ဘူမိရုပ်သွင်ဆိုင်ရာဖြစ်စဉ် များ၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဖြစ်စဉ် များ၊ ဇီဝဗေဒ ဆိုင်ရာ ဖြစ်စဉ်များ . . ."

## ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ
## မဟာဘုံကထိန်ပွဲကျင်းပ

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ဆရာတော်ကြီးအား သိက္ခာထပ်ပွဲနှင့် ဘုံကထိန်ပွဲကို ၁၃-၁၁-၂၀၁၆ရက် နံနက် ၉း၀၀နာရီတွင် မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်။

အခမ်းအနားအစီအစဉ်အရ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ(၃)ကြိမ် ရွတ်ဆို၍ ဘုရားကန်တော့ကာ မဟာဘုံကထိန်ပွဲအခမ်းအနားကို ဖွင့်လှစ်ပါမည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က မဟာဘုံကထိန်ပွဲ ကျင်းပရခြင်းအကြောင်း လျှောက်ထားပါမည်။ ဩဝါဒါစရိယ ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာပဏ္ဍိတ) (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်အလှူရှင်များက တစ်ဦးချင်းကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြမည်။ ဆက်လက်၍ ဆရာတော်ကြီးက ကထိန်အနုမောဒနာ တရားဟောချီးမြှင့်တော်မူမည်။

အတွင်းရေးမှူး ဒေါက်တာ တင်ခိုင်မြင့်က မဟာဘုံကထိန်အလှူရှင် ဦးစိန်သန်းဝေ-ဒေါ်မြသဥ္ဇာလီ၊ သားမောင်ဩရသအောင်(Hyugo)၊ Diamond Emerald World Co.,Ltd., Secret Lotus Health Spa မိသားစုစသော အလှူရှင်အသီးသီးတို့၏အမည်စာရင်းကို ဖတ်ကြားကြော်ငြာပြီး ဂုဏ်ပြုလွှာ ချီးမြှင့်ပါမည်။ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါမည်။

**ကိုးမိုင်မဟာစည် ဟိတေသီအဖွဲ့**
**(၂၀၁၆) ခုနှစ်**
**ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ**
**ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၉၆၆၀၁၆၇**

Modern Myanmar TRAVELS
ကျိုက်ထီးရိုး 10000
ချောင်းသာ 33000 / 43000
ငွေဆောင် 40000
ကားစီးလုံးငှား အထူးဝန်ဆောင်ပေးသည်
09-450047016, 09-253540004

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ပြည်ပခရီးစဉ် ➡ ဗီယက်နမ် ၊ သီရိလင်္ကာ ၊ ကမ္ဘောဒီးယား
ဒီဇင်ဘာ ၊ ဇန်နဝါရီ ၊ ဖေဖော်ဝါရီ ၊ မတ်
ဒီဇင်ဘာ ၊ ဇန်နဝါရီ ၊ ဖေဖော်ဝါရီ ၊ မတ် ၊ ဧပြီ

ကား မျိုးစုံ
(Alphard/Crown/MarkII/...)
Ph: 09795549249, 095418126

ယမင်းသူ
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားမျိုးစုံရှိပါသည်၊
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

Grammar အိမ်လိုက်သင်သည်
SAM (09-421013494)

ပညာတော်သင်ကျောင်းသားများလက်ခံခြင်း(လာမည့်နှစ်-April 2017)
ပညာတော်သင်ကျောင်းသားများအတွက်အထူးစကားပြောသင်တန်းကိုထပ်မံဖွင့်လှစ်ပါမည်။
(ဒီဇင်ဘာလ ၆ရက်မှစတင်၍) သင်တန်းသားများလက်ခံခြင်း - ဒီဇင်ဘာလ ၂၀ရက်နေ့အထိ
➡ ပညာတော်သင်ပို့ဆောင်နိုင်မှုရလဒ်(လတ်တလော) - ယခင်နှစ်နှင့်ယခုနှစ် ၁၀၀%ပညာတော်သင်(၁၇၉ ယောက်)
➡ ပညာတော်သင်ကျောင်းတည်နေရာ - TOKYO မြို့လယ်အတွင်းရှိမြို့များ/၂နှစ်ဗီဇာရနိုင်သောအထူးကျောင်းများသာလျှင်
➡ ပညာတော်သင်ကျောင်းသားလက်ခံခြင်း - ပညာတော်သင်သွားပြီးနောက် ဂျပန်ဘာသာစကားလေ့လာခြင်းနှင့်အချိန်ပိုင်းအလုပ်များအတွက်ကြိုးစားချင်စိတ်ရှိသောကျောင်းသားများသာလျှင်လက်ခံပါမည်။ အနိမ့်ဆုံးပညာအရည်အချင်း တက္ကသိုလ်ဝင်တန်းအောင်ဖြစ်ရပါမည်။ပညာတော်သင်ကျောင်းသားများအတွက်မိဘ/ဆွေမျိုးတို့၏ငွေကြေးပိုင်ဆိုင်မှုအထောက်အထားပြရန်မလိုပါ။ (JMSSO အဖွဲ့အစည်းမှအားလုံးတာဝန်ယူပါမည်။)
※ ဤကျောင်းသည်ယခင် ပညာတော်သင်လျှောက်ထားမှုငြင်းပယ်ခံထားရသည့် ကျောင်းသားများကိုလက်ခံမည်မဟုတ်ပါ။
MYANMAR LOGOS JAPANESE LANGUAGE CENTRE
ADRESS :NO.801,8 Floor, ShwegoneDine Yuzana Tower, Kohminkochin Road, Bahan, Township, Yangon.
စုံစမ်းမေးမြန်းရန် - (စည့်ကြိုကောင်တာ) 9:00AM - 4:00PM
TEL- 01-558395, 01-559534



Yangon JOB
အလုပ်အကိုင်နှင့် လူငယ်လမ်းညွှန်ဂျာနယ်
www.facebook.com/YangonJobJournal/ Ph: 09 4500 44405, 09 4500 44406
အတွဲ(၁) အမှတ်(၁၃) ထွက်နေပါပြီ။

ဂုဏ်ထူးဝင်ခွင့်သင်တန်း
ဖြိုး နိုင်ငံခြားရေးဝန်ကြီးဌာန (တတိယအတွင်းဝန်)
ပြည်ထောင်စုရာထူးဝန်မှခေါ်သောရာထူးများ
Assignment ဝယ်ယူနိုင်သည်။

အိမ်ခြံမြေ သင်တန်း Since 1990
ကြည်စိုး I.C
ဥပဒေများဖြင့်အပိုင်သင်သည်
ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ 09 510 4041

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ( FDA ) မှ ပထမဦးဆုံးအသိအမှတ်ပြု အရပ်ရှည်ဖြည့်စွက်အာဟာရ
အရပ်ပုလို့ စိတ်ညစ်နေတာလား?
ဆယ်ကျော်သက်အရွယ်မှ စတင်သုံးစွဲခြင်းဖြင့် ခေးတို့ဘဝတစ်လျှောက် မြင့်မားတဲ့အရပ်အမောင်းနဲ့ ဘော်ဒီတွေကြွားထဲ စွန်းလန်းနေမှာအသေအချာပါပဲ
Height your LIFE UP !
HEIGHT XL
HEIGHT ENHANCEMENT FORMULA
Made in USA
Proudly Distributed by
Htut Myat Co.,Ltd



Height XL Office
အမှတ်-၆၀၊ ပထမထပ်၊ စံရိပ်ငြိမ် ၅လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09-5156033, 09-422493268, 09-254067198, 09-5192607
အသက်(၁၃)နှစ်မှ(၃၀)အတွင်း ကျား၊မ မရွေးသောက်သုံးနိုင်ပါသည်
City Mart ၊ Capital ၊ စိန်ဂေဟာ ၊ ဂမုန်းပွင့် နှင့် Super one ဆိုင်တိုင်းတွင်လည်း ဝယ်ယူရရှိနိုင်ပါပြီ။
HEIGHT XL ကိုတစ်နေ့၂လုံးပုံမှန်သောက်သုံးလိုက်ပါ





မြို့လယ် အင်တာနက်ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ် သုဝဏ္ဏ

ဂုဏ်ထူးဦးအောင်ခိုင်

ဒေါ်စန္ဒာအောင်နိုင်

English Speaking ( အင်္ဂလိပ် စကားပြော )

၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်

B.A ( English )
Diploma in Travel & Tourism
City College of San Francisco

၂၅၂ ပန်းဆိုးတန်း 01 252 919, 09 964 252 919 ပညာနန်းတော်၊ သံသုမာလမ်း 09 798 443320

---

မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

---

ဝါ ရင့် ပါ မော က္ခ ကြီး များ ကြီး ကြပ် စီ စဉ် သော

တိုင်း ကျော်၊ ပြည် ကျော်၊ ထင် ပေါ် ပညာ

MOTHER'S LIGHT

ရွှေလက်ရာ ပညာရေးစာစဉ်များ

ထွက်ပြီ

၂၀၁၇ အစိုးရစစ် စာမေးပွဲအထူးထုတ်

တက္ကသိုလ်ဝင်တန်း မေးခွန်း(၅)စုံ
အဋ္ဌမတန်း မေးခွန်း (၅)စုံ
စတုတ္ထတန်း မေးခွန်း (၅)စုံ
နှင့် စံပြအဖြေများ

အဋ္ဌမတန်း မေးခွန်းဟောင်း

* ၂၀၁၅ ခုနှစ် ၂၀၁၆ ခုနှစ်(၂)နှစ်စာ မေးခွန်း(၃၄)စုံ
* အခန်းအလိုက်မေးခွန်းနံပါတ်စဉ်အလိုက်တူညီမေးခွန်းများကို စုစည်းဖြေဆိုထားသည်။
* ဘာသာစုံ(တစ်ဘာသာတစ်အုပ်)ခွဲခြားထုတ်ဝေစာအုပ်များ

ရွှေလက်ရာကိုတခဲနက်ဝယ်ယူအားပေးနေကြသော အနယ်နယ်အရပ်ရပ်မှ ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများအား ရွှေလက်ရာ မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ဖြန့်ချိရေး – ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းဒေါင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း– ၀၉-၇၃၁၃၃၀၉၆၈၊ ၀၉-၅၀၈၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၆၈
အခြားမြို့များနှင့်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။


## ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့ရှိ
## Pukyong National University

'ကျောင်းဝင်ခွင့်ရှင်းလင်းပွဲ' ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။

နေ့ရက်နှင့်အချိန် – ၁၄–၁၁–၂၀၁၆(တနင်္လာနေ့)
(၁၀း၀၀) မှ (၁၂း၀၀) နာရီထိ

နေရာ
ဦးဇော်မြင့် 'ကိုရီးယားဘာသာအထူးသီးသန့်သင်တန်းကျောင်း'
အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်–အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅

## မင်္ဂလာညစာစားပွဲအား အသိအမှတ်မပြုကြောင်း အများသိစေရန် ကြေညာခြင်း

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အမှတ်(၁၄/က)၊ ယုဇန(၂)လမ်းနေ ဦးအုန်းငွေ-ဒေါ်မြင့်မြင့်လှိုင်တို့၏သား မောင်ရန်လင်းပိုင် Second Mate (F.G), (Hyundai Marine Shipping) ၏ ၁-၇-၂၀၁၆ ရက်၌ လက်မှတ်ရေးထိုး၍ ၁၃-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် သန်လျင်မြို့ သာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲအခမ်းအနားသည် ယောကျ်ားလေး၏ မိသားစုမှ သဘောတူခွင့်ပြုခြင်းမရှိဘဲ တစ်ဖက်သတ်စီစဉ်ခြင်းသာဖြစ်၍ ယောကျ်ားလေးရှင်ဘက်မှ (လုံး၀)အသိအမှတ် မပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် - ဦးအုန်းငွေ(သ/မ ဦးစီး-ငြိမ်း)
မိခင် -ဒေါ်မြင့်မြင့်လှိုင်(အလယ်တန်းပြ၊ ထ-၂၊ သန်လျင်)
ညီမ -မထက်ထက်ယဉ်(B.Ed)၊ သန်လျင်မြို့။



ဆေးသုတ်မယ်ဆိုရင်
Ph:09 73063683
09 795809414

---

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃)၊ (၆)၊ (၈)၊ (၉)၊ လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း။ 09-5401011, 09-73095677,09-5002931




ကြေးမုံ
နိုဝင်ဘာ ၉၊ ၂၀၁၆



ကြော်ငြာ


UNIQUE STAR TRAVELS & TOURS

Vietnam-Cambodia (6D/5N) Nov: 12,19 (650 / 750 $)
Saigon-MuiNe-Dalat (5D/4N) Nov: 12,19 (360/460 $)
NhaTrang-Hua An (6D/5N) Nov:12,19 (550 / 650 $)
DaNang-BaNa Hill (6D/5N) Nov:12,19 (750 / 850 $)
Saigon-Hanoi-Halong (6D/5N) Nov:5,12 (650/ 750 $)
Hanoi-Halong Bay (4D/3N) Nov: 12,19 (490/ 590 $)
S'pore-Malay (7D/6N) Nov:19 /Dec: 10,29 (950 / 1150 $)
Singapore / Bali (5D/4N) Nov:10 / Dec:29 (650/ 950 $)

Bangkok-Pattaya (6Days/5Nights)
Nov: 19, Dec: 29 (490 $) Air Ticket Included
Tiger Zoo,Nong Nooch,Alcaza Show,Dream /Safari World, Emerald Buddha, Ayuttaya, Baiyoke Sky / Cruise Dinner.
Bangkok-Chiangmai (6Days/5Nights)
Bangkok-Phuket (6Days/5Nights)
Bangkok-Cambodia (6Days/5Nights)

70/A,Kabaaye Pagoda Rd,Bahan Tsp.01-708 353,705 723,09 514 8079,09 540 1568 -69,09 7310 9133-44

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရခိုင်ပြည်ဘုရားပူးခရီး ကောင်းထက်စံနှင့်အဖွဲ့ လက်မှတ်အိမ်ပို့ပေးသည်
Ph:09448003431,0949660481,09 798860461

ရွှေပင့်ကူ
တောင်ကြီးမီးပုံးပျံပွဲတော်
53000/-
Nov-11 ထွက်မည်

ရွှေခင်းသာ FULLY AIR-CON EXPRESS Nov 11 ထွက်မည်
Ph: 09-420046635, 09-30207754, 09-450098226



สมิติเวช SAMITIVEJ ဆမ်မီတဝေးဆေးရုံကြီး
........A Hospital like no other
ထိုင်းနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ၏ ရှေ့ဆောင်ဆေးရုံကြီး
JCI (နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်) အပြင် အရှေ့တောင်အာရှ ကျန်းမာရေးခရီးသွားလုပ်ငန်းများ အသိအမှတ်ပြုဆေးရုံကြီး
◆ ဝါရင့်ကျွမ်းကျင်သော ပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု
◆ မြန်မာစကားပြန်များ၏ နွေးထွေးသောဝန်ဆောင်မှု
မြန်မာပြည်ကိုယ်စားလှယ်ရုံး Columbus Health Care Services
အမှတ် ၂၅၃၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၃၇၈၅၈၁၃၊ ၀၉ ၇၈၃ ၇၈၃ ၈၃၁၊ ၀၉ ၇၈၃ ၇၈၃ ၈၃၂
မန္တလေးရုံးခွဲ။ ဖုန်း ၀၂-၆၀၉၅၆၊ ၀၁၁-၂၀၃၀၂၃၊ ၀၉-၄၃၁၇၇၅၀၀၊ တောင်ကြီးရုံးခွဲ။ ဖုန်း - ၀၈၁-၂၁၂၂၈၉၂၊ ၀၉-၅၁၉၃၇၄၅

Since 1986 KMD Institute
Hotline: 09 262 600450
www.facebook.com/kmdedu.mm
ISO
ကွန်ပျူတာသင်တန်းများကို အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ တက်ရောက်လိုသူများအတွက် လိုအပ်ချက်ပေါ်မူတည်ပြီး အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် ညှိနှိုင်းသင်ကြားပေးနေပါပြီ....
သင့်ဝန်ထမ်းတွေရဲ့ Skill Development အတွက်
KMD Corporate Training Program

HEAD OFFICE
No.(174-182), Pansodan Road (Middle Block), Kyauktada Tsp, Yangon.
: 01-381129 / 381776 / 381035 / 391286 / 391287. Fax : 375334.

Myanmar THAMES International
(လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲမှုသင်တန်း)
Human Resources Management
- Introduction to Human Resource Management
- Strategic Human Resource Planning
- Job Analysis and Job Design
- Job Evaluation
- Compensation
- Recruitment and Selection
- Employee Training and Development
- Motivation
- Performance Management
- Industrial Relations
သင်တန်းဖွင့်လှစ်မည့်ရက်၊အချိန် - ၁၃. ၁၁. ၂၀၁၆ - တနင်္ဂနွေနေ့ (၂း၀၀ မှ ၅း၀၀)
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740, 0973147379

မြင့်မြတ်ကျော်ကုမ္ပဏီ မှ နိုင်ငံတကာအဆင့်မီ
MMK စက်ကြီး (၁၀) ပေါက်အုတ်
များကို ဦးရာလူ ရောင်းချပေး နေပါပြီ
စက်ရုံအထိုင်ဈေး - 80Ks
Phone: 01-9000300~301, 09-73098771
09-73238130, 09-73201857, 09-260262916

မိတ္တူစက် တစ်လုံးဝယ် ၊ All in One တစ်လုံးလက်ဆောင်
ဝန်ဆောင်ခတိုင်ပွဲထောင် CASH BACK များနှင့် နွဲပျော်
အောက်တိုဘာ ၁ ရက် မှ နိုဝင်ဘာ ၃၀ ရက်နေ့အထိ
KONICA MINOLTA PRINTING SOLUTIONS
လက်ဆောင်ပစ္စည်းများလည်း ထပ်မံပေးအပ်ပါမည်။
3 Years Unlimited On-site Service
Call Now 09-253 547 981
buy any Multifunction Copier print|copy|scan
Get All in one B/W Laser printer print|copy|scan|Fax
PagePro1590MF
FREE DELIVERY INSTALL TRAINING

Qumi Q3 Plus
vivitek
* pocket size
* Android OS
* wi-fi, bluetooth
* rechargeable battery
up to 30,000 hours lamp life
Since 1951 Authorized Distributor Gandamar Business Solutions
HOTLINE : 09-253 547 980

**ဆရာဒွေး** နှင့်သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသားသင်**
နိုဝင်ဘာ (၅/၉)ရက်နေ့ (ဗ/၃)တန်းခွဲသစ်ဖွင့်မည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များဖွင့်လှစ်ထားသည်။
Ph: 01-375970, 0951 72096, 09254541441

**အာရှနဂါး**
မြတ်/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

DADDY Travels & Tours
မွန်လေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ
Ks -125000 (3 ည/ 4 ရက်)
Nov 23,ထွက်မည်။
Ph: 09 448001903
(တည်းခိုခြင်း) [Hotel]

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (နေ့ချင်း/ခြီး) 33000
ချောင်းသာ (Guest-ခြီး) 33000
(နေ့စဉ်) (Hotel-ခြီး) 42000
ငွေဆောင် (Hotel-ခြီး) 50000
(နေ့စဉ်) (Hotel-ရာ) 45000
ပုဂံ/ပုပ္ပါး (Hotel-ခြီး) 110000
01-549380, 09-5093704
09-450012971



**Highway Star** Travels & Tours Co.,Ltd
Nov 12 အထူး 5+1
Nov(23)
Nov(11) (10+1 Discount ရှိ)
Myanmar Highway Star Travels & Tours
09-253235411-22 / 253241300 / 36220108 / 250277537

ဂျက်ဖရီ English Speaking Classes (2)လခြမ်း-60000 Ks
Highway Star နှင့် ဆရာကျက်ဖရီတို့ပူးပေါင်း
09-65129358, 263916053, 73129358

ချောင်းသာ
**OASIS**
ကား + စား + တည်း (ခြီး)
"အိမ်အရောက်လက်မှတ်ပို့ပေးသည်"
Ph: 095038616, 09254197844

ဧည့်ကြိုးစည် မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
ကြော်ငြာဖုန်း 01-240860/01-372290 09-49282825, 09-421029191
Nov 11

အိန္ဒိယနိုင်ငံ Fortis ဆေးရုံမှ အသည်း၊ ကျောက်ကပ်၊ နှလုံးခွဲစိတ်ဆရာဝန်ကြီးများ၏
**ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ အခမဲ့အနား**
Dr. Vivek Vij (Noida, Fortis) မှ
အသည်းအစားထိုးခြင်းအကြောင်း သိကောင်းစရာ
Dr. K M Mandana (Kolkata, Fortis) မှ
နှလုံးရောဂါ နှင့် ကုထုံးနည်းသစ်များအကြောင်း သိကောင်းစရာ
Dr. A B Dutta (Kolkata, Fortis) မှ
ကျောက်ကပ်အစားထိုးခြင်းအကြောင်း သိကောင်းစရာ
ဆက်သွယ်ရန်လိပ်စာ
No. (810), G/F, Bogyoke Road, Seinn Gay Har Housing (3), Lanmadaw Tsp, Yangon. Tele : 09 4539 555 01, 09 4539 555 02
Room (6), 1st Floor, Block (2), Mingalar Mandalay, 73 Street, Behind Ocean Center, Mandalay. Tele : 09 979 020 763



Fortis

Yangon: Taw Win Garden Hotel, Conferences Hall, Level-8 (Taw Win Shopping Centre) No.45, Pyay Road, Dagon Township. Date: 19.11.2016 (Saturday), Time: 1:00 PM ~ 4:00 PM
Mandalay: Hazel Hotel Mandalay, Ball Room , Ground Floor Corner of 53rd and 37th Street, Mahar Aung Myay Tsp, Mandalay. Date: 20.11.2016 (Sunday), Time: 1:00 PM ~ 4:00 PM

**ရွှေကိန္နရီ** MOVING HOUSE SERVICE
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကိရိယာ၊ ဗွာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီးကားများနှင့် အလုပ်သမားများ တပါတည်း ပြောင်းရွှေ့ပေးနေသည်။
(ပြည်တွင်း/နယ်ဝေး)
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

**ဦးဝင်းကို** B.Com(Q), C.P.A, ACCA (III), Accounting Gold Medalist
**LCCI LEVEL 1&2,3**
စာရင်းကိုင်သင်တန်းများ
ကျောင်းအပ်လက်ခံပြီ။
Tel: 09 550 7139, 09 511 8648

MMDA
WorldDiabetesDay
**သင်သိရဲ့လား?**



**၁၀.၅%** မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးလူဦးရေ၏ မှာ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားလျက်ရှိသည်။*
**အခုပဲ ဆီးချိုသွေးချိုရောဂါ ရှိ/မရှိ ဆရာဝန်နဲ့စစ်ဆေးကြည့်လိုက်ပါ**
*National prevalence of diabetes and prediabetes in Myanmar (2014)



Glucerna



**Rinnai** Japan
Gas Cooker, Cooker Hood & Water Heater
တန်ဆောင်တိုင်အထူးဈေးရောင်းပွဲ
10% to 30% Discount



Hot Line : 09-73050338, 09-73007773
Authorized Distributor: Myanmar Kowa International Co., Ltd. Tel: 01-246304, 01-245925













## တိုက်ခန်းရောင်းမည်(ပွဲစားမလို)

စမ်းချောင်းမြို့နယ်၊ ပြင်ဆင်ပြီး အသင့်နေတိုက်ခန်း(သန့်)များ

၁။ ညောင်တုန်းလမ်း၊ ပေ(၁၂½×၅၀)၊ တတိယထပ်(ပြင်ပြီး)။ (၄၇၅)သိန်း

၂။ ငုက်ပျောတောလမ်း၊ ပေ(၁၂½×၅၀)၊ ဒုတိယထပ်(ပြင်ပြီး)။ (၄၉၅)သိန်း

၃။ ငုက်ပျောတောလမ်း၊ ပေ(၁၂½×၅၀)၊ ထပ်ခိုးပါ(မြေညီ)၊ ပြင်ပြီး။ (၉၁၅)သိန်း

ဆက်သွယ်ရန်ဖုန်း-09-5661127, 09-5185350






## မန္တလေးမြို့တွင် BRT ယာဉ်လိုင်းလေးလိုင်း ပြေးဆွဲရန် စီမံချက်ရေးဆွဲနေ

စာမျက်နှာ » ၇

## အမေရိကန်သမ္မတ ရွေးကောက်ပွဲ စတင်ပြီ

စာမျက်နှာ » ၄

## အော့ဘာမီယန်အတွက် ငွေသုံးကြမ်းဖို့ ဝန်မလေးတဲ့ အာဆင်နယ်

စာမျက်နှာ » ၁၃



ဟားခါးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ချင်းပြည်နယ်တွင် ကောလိပ်ရှိလာတော့မည်ဖြစ်၍ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည် ဖလမ်းတွင် လေယာဉ်ကွင်းတည်ဆောက်ပြီးပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်

**ဟားခါး နိုဝင်ဘာ ၈**

ချင်းပြည်နယ်တွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ချင်းတွင်းတံတား (ဟုမ္မလင်း) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဟားခါးမြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံ၊ ဒုတိယဝန်ကြီးများနှင့်အတူ ခန္တီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား (ဟုမ္မလင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်း ဒုတိယညွှန်ကြားရေးမှူးက တံတားဆိုင်ရာအချက်အလက်များ၊ ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့



စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်စဉ်။ (မြဝတီ)

# လုံခြုံရေးတာဝန်ထမ်းဆောင်သူများထံ ပြည်သူများလှူဒါန်းသည့် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် မြန်မာနိုင်ငံ ဒေသအသီးသီးမှ ပြည်သူများက လှူဒါန်းသည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်သည်။

ယနေ့ပို့ဆောင်ပေးခဲ့သည့် ငါးသေတ္တာ (၂၂၅)ဘူး၊ ကြက်စည်သွတ်ဘူး(၄၀၀)၊ ငါးပိကြော်ဘူး (၁၅၀၀)၊ ခေါက်ဆွဲခြောက် ဂျပ်ဖာကြီး လေးပုံး၊ ပစ္စည်းစုံ ဂျပ်ဖာကြီး (၅၉)ပုံးနှင့် ပီနံအိတ်ကြီး လေးအိတ်၊ ကော်ဖီမစ် ဂျပ်ဖာကြီး တစ်ပုံး၊ အချိုရည် ရှစ်ကတ်၊ ဆေးပေါ့လိပ် ပီနံအိတ် တစ်အိတ်၊ စားဆီ ငါးဘူးနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို သက်ဆိုင်ရာဌာနများသို့ ဆက်လက်လွှဲပြောင်းပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

